ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# သမိုင်း

# အဋ္ဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၆-၂၀၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

MCRS
Reference
Library

# သမိုင်း

# အဌမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၆–၂၀၁၇

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ-၁၅၀၀၀၀
၂၀၁၆-၂၀၁၇ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အခန်း ၁။ | မြန်မာ့သမိုင်း | | |
| | က။ | ကိုလိုနီခေတ် | |
| | (၁) | လက်နက်စွဲကိုင်တော်လှန်ခြင်း | ၁ |
| | (၂) | အမျိုးသားစိတ်ဓာတ်ပြန်လည်နိုးကြားလာခြင်း | ၃ |
| | (၃) | ဂျီစီဘီအေ | ၄ |
| | (၄) | ပထမကျောင်းသားသပိတ် | ၅ |
| | (၅) | တို့ဗမာအစည်းအရုံး | ၆ |
| | (၆) | တောင်သူလယ်သမားအရေးတော်ပုံ | ၈ |
| | (၇) | ၁၃၀၀ ပြည့်အရေးတော်ပုံ | ၁၀ |
| | (၈) | ဗမာ့ထွက်ရပ်ဂိုဏ်း | ၁၃ |
| | (၉) | အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်း | ၁၃ |
| | (၁၀) | ဖက်ဆစ်ဂျပန်တော်လှန်ရေး | ၁၆ |
| | (၁၁) | လွတ်လပ်ရေးအရယူခြင်း | ၁၈ |
| | (၁၂) | ကိုလိုနီခေတ် အုပ်ချုပ်ရေး၊ စီးပွားရေး | ၂၀ |
| | ခ။ | လွတ်လပ်ပြီးခေတ် | |
| | (၁) | ဖဆပလ အစိုးရ | ၂၉ |
| | (၂) | အိမ်စောင့်အစိုးရ | ၃၁ |
| | (၃) | ပထစ အစိုးရ | ၃၂ |
| | (၄) | ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး | ၃၃ |
| အခန်း ၂။ | ကမ္ဘာ့သမိုင်း | | |
| | က။ | ပထမကမ္ဘာစစ် | |
| | (၁) | စစ်ဖြစ်ရသည့်အကြောင်းရင်းများ | ၃၆ |
| | (၂) | ပထမကမ္ဘာစစ် လက်တွေ့ဖြစ်ပွားခြင်း | ၃၉ |
| | (၃) | စစ်၏အကျိုးသက်ရောက်မှုများ | ၄၀ |
| | (၄) | နိုင်ငံပေါင်းချုပ်အသင်းကြီးပေါ်ပေါက်လာပုံ | ၄၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


ခ။ ဆိုရှယ်လစ်နိုင်ငံပေါ်ပေါက်လာခြင်း

(၁) ၂၀ ရာစု ရုရှနိုင်ငံအခြေအနေ ၄၅

(၂) ၁၉၁၇ တော်လှန်ရေး ၄၆

ဂ။ အမျိုးသားလှုပ်ရှားမှု

(၁) အမျိုးသားလှုပ်ရှားမှု၏သဘော ၄၈

(၂) အိန္ဒိယနိုင်ငံ အမျိုးသားလှုပ်ရှားမှု ၄၈

(၃) အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှု ၅၂

(၄) တရုတ်နိုင်ငံ အမျိုးသားလှုပ်ရှားမှု ၅၅

ဃ။ ဖက်ဆစ်စနစ်

(၁) ဖက်ဆစ်စနစ်၏သဘော ၅၈

(၂) အီတလီဖက်ဆစ်စနစ် ၅၈

(၃) ဂျာမနီဖက်ဆစ်စနစ် ၆၀

င။ ဒုတိယကမ္ဘာစစ်

(၁) စစ်ဖြစ်ရသည့် အကြောင်းရင်းများ ၆၃

(၂) စစ်၏အကျိုးသက်ရောက်မှုများ ၆၉

(၃) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ၇၁

စ။ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)

(၁) ပေါ်ပေါက်လာပုံ ၇၅

(၂) ရည်ရွယ်ချက် ၇၆

(၃) ဖွဲ့စည်းပုံ ၇၇

# အခန်း(၁) မြန်မာ့သမိုင်း

## က။ ကိုလိုနီခေတ်

### (၁) လက်နက်စွဲကိုင်တော်လှန်ခြင်း (၁၈၈၅–၁၉၀၆)

အင်္ဂလိပ်နယ်ချဲ့တို့သည် တတိယကျူးကျော်စစ်ကို ၁၈၈၅၊ နိုဝင်ဘာ ၁၄ တွင်ဆင်နွှဲပြီး မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့ကို နိုဝင်ဘာ ၂၉ ၌ မန္တလေးရတနာပုံ နေပြည်တော်မှ ဖမ်းဆီးခေါ် ဆောင်သွားပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်လိုက်သည်။ ဤသို့ဖြင့် ဦးအောင်ဇေယျ တည်ထောင်ခဲ့ သော ပဒေသရာဇ်ခေတ်နှောင်း ကုန်းဘောင်ဧကရာဇ် မြန်မာနိုင်ငံတော်သည် အင်္ဂလိပ် နယ်ချဲ့လက်အောက် သို့ ၁၈၈၅ အကုန်တွင် လုံးဝကျရောက်သွားခဲ့ရသည်။




ပုံ (၁-၁) အင်္ဂလိပ်မြန်မာစစ်ပွဲများဖြစ်ပွားပြီးနောက်
အင်္ဂလိပ်တို့သိမ်းပိုက်လိုက်သောနယ်မြေများ

၁၈၈၆၊ ဇန်နဝါရီ ၁ တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဖြစ် ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင် (Lord Dufferin) က ကြေညာလိုက်သည်။ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည့်အဖြစ်ကို မခံမရပ်နိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အင်္ဂလိပ်အား နေရာအနှံ့အပြားမှ တော်လှန်ပုန်ကန်ခဲ့ကြသည်။ မြန်မာတစ်မျိုး သားလုံးသည် တတိယကျူးကျော်စစ်အပြီးတွင်မှ ထကြွတော်လှန် ခဲ့ကြသည်မဟုတ် ပထမကျူးကျော်စစ်

အပြီးတွင် မော်လမြိုင်၊ မုတ္တမစသော ဒေသတစ်ဝိုက်၌ လည်းကောင်း၊ ဒုတိယကျူးကျော်စစ်အပြီးတွင် ပဲခူး၊ သာယာဝတီ၊ မြေထဲ စသည်တို့မှလည်းကောင်း အသီးသီးတော်လှန်ခဲ့ကြသည်။ တတိယကျူးကျော်စစ်အပြီး မြန်မာတစ်နိုင်ငံလုံး သိမ်းပိုက်ခံရသော အခါတွင်ကား မြန်မာတို့သည် ရှေးယခင်ကထက်ပင် အင်္ဂလိပ်နယ်ချဲ့ ကို ပိုမိုကျယ်ပြန့်စွာ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

ဤသို့ လက်နက်စွဲကိုင် တော်လှန်ခဲ့ကြရာ၌ ထင်ရှားသော နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင် များမှာ ကချင်ပြည်နယ်တွင် ဖုံကန်ဒူဝါးနှင့် ဗိုလ်ဖိုးစော၊ ချင်းတောင်တွင် ကြွမ်ဘိနှင့် ရွှေချိုးဖြူမင်းသား၊ ကယားပြည်နယ်တွင် စောလဖော်၊ ရှမ်းပြည်နယ်တွင် လင်းပင်မင်းသား ခေါင်းဆောင်သော ရှမ်းစော်ဘွား များ၊ တောင်တွင်းကြီးနယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ဗိုလ်မင်းရောင်၊ အင်းဝနယ်တွင် ထိပ်တင် စောရန်နိုင်၊ ထိပ်တင်စောရန်ပိုင်၊ ဆင်ဖြူကျွန်းတွင် ဗိုလ်ဥတ္တမ၊ ပုဂံနယ်တွင် ဗိုလ်ချို၊ ပုပ္ပားနယ်တွင် ဗိုလ်နက် ကျော် စသူတို့ဖြစ်သည်။



ပုံ (၁-၂) ထိပ်တင်စောရန်ပိုင်

အထက်မြန်မာနိုင်ငံကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သော်လည်း တိုင်းရင်းသားတို့၏ လက်နက်စွဲကိုင် တော်လှန်မှုများနှင့် ကြုံတွေ့ရသောအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် အခက်အခဲများနှင့် ရင်ဆိုင်လာခဲ့ရ သည်။ သို့ဖြစ်၍ အင်္ဂလိပ်တို့သည် အိန္ဒိယမှ စစ်ကူအမြောက်အမြားခေါ်ယူပြီး စစ်ဌာနချုပ် တစ်ခုဖွင့်ကာ ရက်စက်စွာနှိမ်နင်းခဲ့သည်။ ဤသို့ဖြင့် မြန်မာတိုင်းရင်းသား တော်လှန်ရေးခေါင်းဆောင်များနှင့် ပြည်သူလူထု ကို ကင်းကွာအောင်ပြုလုပ်ခြင်း၊ ရက်စက်စွာနှိမ်နင်းခြင်း၊ ချောက်လှန့်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အင်အား ကြီးမားသာလွန်ပုံကို တစ်နည်းနည်းဖြင့် သိမြင်လာအောင်ပြုလုပ်သည်။ မြန်မာ့ရိုးရာအုပ်ချုပ်ရေး စနစ်ကို ဖျက်သိမ်းပစ်သည်။ ဤသို့ နည်းမျိုးစုံကို အသုံးပြုကာ ဖိနှိပ်ခြင်းကြောင့် တိုင်းရင်းသားတို့၏ နယ်ချဲ့ တော်လှန်မှုများသည် ၁၈၉၆ ကျော်ခန့်တွင် မြေပြန့်ဒေသ၌ ချုပ်ငြိမ်းသွားခဲ့ရသည်။ သို့ရာတွင် ချင်း၊ ကချင် တောင်တန်း ဒေသများတွင်မူ တိုင်းရင်းသားတို့၏ တော်လှန်မှုများမှာ ဆက်လက်ဖြစ်ပွားခဲ့သည်။

တော်လှန်မှုများမှာ သူ့ကျွန်မခံလိုသောစိတ်ဖြင့်သာ ဒေသအလိုက် တော်လှန်မှုဖြစ်ပွားခြင်း၊ ရှေးရာ လက်နက်ကိုသာစွဲကိုင်ကြရခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ပါဝင်လာအောင် စည်းရုံးနိုင်

ခွင့်မရခြင်း စသည်တို့ကြောင့် နယ်ချဲ့ခေတ်ဦး တော်လှန်ရေးမှာ ရှုံးနိမ့်ပျက်ပြားသွားပြီး အမျိုးသားနိုးကြားမှု ခေတ္တငုပ်လျှိုးခဲ့ရသည်။


## (၂) အမျိုးသားစိတ်ဓာတ်ပြန်လည်နိုးကြားလာခြင်း (၁၉၀၆–၁၉၂၀)

အင်္ဂလိပ်နယ်ချဲ့ အရင်းရှင်စနစ်အောက်သို့ ကျရောက်ခဲ့ရသော မြန်မာတိုင်းရင်းသားတို့သည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့တွင် အဘက်ဘက်မှ ဖိနှိပ်ချုပ်ချယ်မှုတို့ကို တွေ့ကြုံခံစားလာရသည်။ ဤသို့သော တိုင်းရင်းသားတို့၏ အထွေထွေနစ်နာချက်များအပေါ် ဝေဖန်ပိုင်းခြားနိုင်သည့် တိုင်းရင်းသား ခေတ်ပညာတတ်လူငယ်များသည် ၁၉ ရာစုအကုန် ၂၀ ရာစုဆန်းစတွင် ပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့က ‌တိုင်းရင်းသားတို့၏ အမျိုးသားနိုင်ငံရေးမျက်စိကို ဖွင့်ပေးရန် ကြိုးပမ်းလာကြသည်။

ထိုသို့ကြိုးပမ်းရာတွင် ဗုဒ္ဓဘာသာကိုအခြေခံသည့် အသင်းများဖွဲ့စည်း၍ သာသနာရေးလုပ်ငန်း များနှင့် အခြားလူမှုရေးကိစ္စများကို ဆောင်ရွက်လာကြသည်။

ဝိုင်အမ်ဘီအေ (Y.M.B.A = Young Men's Buddhist Association) ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကို ၁၉၀၆ တွင် ရန်ကုန်မြို့၌ ဦးဘဘေ၊ ဒေါက်တာဘရင်၊ ဦးမောင်ကြီး၊ ဦးစိန်လှအောင်၊ ဦးလှဖေ စသော ခေတ်ပညာတတ် လူငယ်တစ်စုတို့က စတင်တည်ထောင်ခဲ့ကြသည်။ တည်ထောင်သူတို့၏ အဓိကရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် ဆောင်ရွက်ရန်သာဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းဖွဲ့စည်းစတွင် အသင်းဝင်ဦးရေမှာ ၂၀ ပင် မပြည့်ပေ။ နောင်အခါ အသင်း ဝင်လူကြီးများ နယ်အနှံ့ လှည့်လည်ဟောပြော စည်းရုံးသောအခါမှ ဝိုင်အမ်ဘီအေနှင့် အလားတူ အသင်းများ တိုးပွားလာခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီး တိုးတက်အခြေခိုင်လာသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးကိစ္စ များကိုပါ တောင်းဆိုဆောင်ရွက်လာခဲ့သည်။ ၁၉၁၁ တွင် စတင်ထုတ်ဝေသော သူရိယသတင်းစာသည် ဝိုင်အမ်ဘီအေ၏ လုပ်ငန်းများကို ထောက်ခံရေးသားသော သတင်းစာဖြစ်လာခဲ့သည်။




ပုံ (၁-၃) ဦးဘဘေနှင့် ဒေါက်တာဘရင်

၁၉၁၈ တွင် လျှော်ဒဏ်ကြောင့် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီးပြိုကျကာ စိန်ဖူးတော် မြေခခဲ့သည်။ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် (Sir Reginald Craddock) သည် ဖိနပ်မချွတ်ဘဲ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ကြည့်ရှုခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အုံကြွလာပြီး ဝိုင်အမ်ဘီအေ အသင်းကြီးကဦးဆောင်၍ ရန်ကုန်မြို့ ဂျူဗလီဟောတွင် အစည်းအဝေးကြီး ကျင်းပကာ ဖိနပ်စီးခြင်းကို ကန့်ကွက်သည့် အဆိုကို တင်သွင်းပြဋ္ဌာန်းခဲ့ရာ အောင်မြင်ခဲ့သည်။

ပထမကမ္ဘာစစ်အတွင်း ဝန်ကြီးမွန်တေဂူ (Montagu) အိန္ဒိယသို့လာရောက်ပြီး အုပ်ချုပ်ရေး တိုးမြှင့်ပေးရန်အတွက် စုံစမ်းသောအခါ ဝိုင်အမ်ဘီအေမှ ဦးဘဘော၊ ဦးမေအောင် တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသို့သွားရောက်ပြီး ဝန်ကြီးမွန်တေဂူ (Montagu)၊ ဘုရင်ခံချုပ် ချမ်းစဖို့ (Chelmsford) တို့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကို တိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။

မွန်တေဂူ-ချမ်းစဖို့ (Montagu-Chelmsford) အစီရင်ခံစာထွက်လာသောအခါ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲပေးမည့် အစီအစဉ်မှ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့သည်။ မြန်မာနိုင်ငံအတွက် ဒုတိယဘုရင်ခံ ကရက်ဒေါက်ရေးဆွဲသည့် ကရက်ဒေါက်စီမံကိန်း (Craddock Scheme) မှာလည်း မြန်မာပြည်သူလူထု၏ဆန္ဒနှင့် ကိုက်ညီမှုမရှိပေ။ ထို့ကြောင့် ၁၉၁၉ တွင် ဝိုင်အမ်ဘီအေမှ ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန် တို့ပါဝင်သော ဘော၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့သို့သွားရောက်၍ အုပ်ချုပ်ရေးအဆင့် တိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။ သို့သော် အောင်မြင်မှုမရဘဲ ပြန်လာခဲ့ရသည်။ ၁၉၂၀ တွင် ဦးဘဘော၊ ဦးပု၊ ဦးသိမ်းမောင် တို့ပါဝင်သော ဘော၊ ပု၊ မောင် ကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ထပ်မံသွားရောက် အရေးဆိုပြန်သည်။ ထိုအခါမှ ဝန်ကြီးမွန်တေဂူက အုပ်ချုပ်ရေးအဆင့် တိုးမြှင့်ပေးသော ၁၉၁၉ အိန္ဒိယအက်ဥပဒေသည် မြန်မာနိုင်ငံအတွက်လည်း ဖြစ်စေရမည်ဟု ကတိပြုလိုက်သည်။

ထိုအချိန်တွင် တစ်နိုင်ငံလုံး၌ ဝိုင်အမ်ဘီအေအသင်းခွဲပေါင်း နှစ်ထောင်ကျော် ရှိနေပြီဖြစ်သည်။ ၁၉၂၀ တွင် ပြည်မြို့၌ကျင်းပသော အဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေ ပြည်လုံးကျွတ် အစည်းအဝေးကြီးက ဝိုင်အမ်ဘီအေကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး ဂျီစီဘီအေ (G.C.B.A = General Council of Burmese Associations) ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

### (၃) ဂျီစီဘီအေ (၁၉၂၀–၁၉၃၀)

ဂျီစီဘီအေ ခေါ် မြန်မာအသင်းချုပ်ကြီးသည် ၁၉၂၀ တွင် ဝိုင်အမ်ဘီအေကို ပြောင်းလဲဖွဲ့စည်းလိုက်သော အသင်းကြီးဖြစ်သည်။ ဂျီစီဘီအေအသင်းချုပ်ကြီးတွင် လုပ်သားပြည်သူတို့ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ဂျီစီဘီအေအသင်းချုပ်ကြီးကို အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးဟုလည်း ခေါ်ဆိုနိုင်သည်။

ဂျီစီဘီအေ၏ ရည်ရွယ်ချက်မှာ ဟုမ္မရူး (Home Rule) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရေး၊ ရာထူးကြီးများတွင် မြန်မာတိုင်းရင်းသားများအား ခန့်ထားရေးနှင့် မြန်မာ့စီးပွားရေး လုပ်ငန်းများကို တိုင်းရင်းသား

များသာ လုပ်ပိုင်ခွင့်ရရှိရေး တို့ဖြစ်သည်။ ဂျီစီဘီအေ၏ နယ်ချဲ့ဆန့်ကျင်ရေး နည်းဗျူဟာမှာ အကြမ်းမဖက် အနုနည်းဖြင့် အာဏာဖီဆန်ရေးဖြစ်သည်။

ဂျီစီဘီအေသည် ၁၉၂၀ တွင် ဖြစ်ပွားသော ပထမကျောင်းသားသပိတ်ကို အားပေးကူညီခဲ့သည်။ အမျိုးသားကျောင်းများ ပေါ်ထွန်းလာရေးအတွက်လည်း ပံ့ပိုးကူညီခဲ့သည်။ ဂျီစီဘီအေက ကြီးမှူးပြီး ရေနံလုပ်ငန်း၊ အထည်လုပ်ငန်းနှင့် ဝံသာနုဘဏ်လုပ်ငန်းများ တည်ထောင်ရန်လည်း ကြိုးပမ်းခဲ့သည်။

ဂျီစီဘီအေသည် အင်္ဂလိပ်တို့ပေးသော ဒိုင်အာခီ (Dyarchy) အုပ်ချုပ်ရေးကြောင့် နှစ်ခြမ်းကွဲခဲ့ရသည်။ ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိမှ ကျေနပ်နိုင်မည့် ဦးချစ်လှိုင်ခေါင်းဆောင်သော ပင်မဂျီစီဘီအေနှင့် ဒိုင်အာခီကို လက်ခံသော ဦးဘဘေဦးဆောင်သည့် ၂၁ ဦးအဖွဲ့ဟူ၍ ဖြစ်လာခဲ့သည်။

ဦးချစ်လှိုင်ခေါင်းဆောင်သောပင်မဂျီစီဘီအေကဒိုင်အာခီအုပ်ချုပ်ရေးကိုလက်မခံဘဲသပိတ်မှောက်ခဲ့သည်။ ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တိုးတက်တောင်းဆိုလာခဲ့သည်။ မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး တိုးမြှင့်ပေးရန်အတွက် လာရောက်စုံစမ်းသော ဝှိုက်ကော်မတီ (Whyte Committee) ကို သပိတ်မှောက်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသို့ ဝေလမင်းသား (Prince Wales) လာရောက်လည်ပတ်သော အခါတွင်လည်း သပိတ်မှောက်ခဲ့သည်။

ဦးဘဘေခေါင်းဆောင်သော ၂၁ ဦးအဖွဲ့က အင်္ဂလိပ်အစိုးရကို ပူးသတ်မည်ဟု ကြွေးကြော်ကာ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံကြသည်။ ဒိုင်အာခီအုပ်ချုပ်ရေးအရ ကျင်းပသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဂျီစီဘီအေသည် ဝိုင်အမ်ဘီအေထက် နိုင်ငံရေးကို ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်လာခဲ့သည်။ နောက်ပိုင်းတွင် ဂျီစီဘီအေသည် ဆရာတော်များ ဩဝါဒခံ ဂျီစီဘီအေ၊ ဦးချစ်လှိုင်ခေါင်းဆောင်သည့် ဂျီစီဘီအေ၊ ဦးစိုးသိမ်း ဂျီစီဘီအေ၊ ဦးစု ဂျီစီဘီအေ စသည်ဖြင့် အစိတ်စိတ် အမြွှာမြွှာကွဲသွားခဲ့သည်။ ဤသို့ ကွဲသွားရသည့်အကြောင်းရင်းမှာ နိုင်ငံရေးအယူအဆ ကွဲပြားရာမှ ခေါင်းဆောင်အချင်းချင်း အဆင်မပြေမှု၊ အသင်းရန်ပုံငွေများ သုံးစွဲသည့် ကိစ္စနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး မကျေနပ်မှုများကြောင့်ဖြစ်သည်။ စည်းလုံးမှုပြိုကွဲသည်နှင့်အမျှ ဂျီစီဘီအေသည် ၁၉၃၀ ခန့်မှစ၍ နိုင်ငံ အကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိတော့ချေ။ ဂျီစီဘီအေသည် ၎င်း၏ရည်မှန်းချက်များ ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိအောင် ဆောင်ရွက်မပေး နိုင်ခဲ့သော်လည်း **အမျိုးသားစိတ်ဓာတ်နှင့်** နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့ တိုးတက်အခြေခိုင်မာလာစေရန် အများဆုံး လှုံ့**ဆော်ပေးခဲ့သော အဖွဲ့ကြီး** ဖြစ်ပေသည်။

## (၄) ပထမကျောင်းသားသပိတ် (၁၉၂၀)

ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေသို့ ပြောင်းလဲဖွဲ့**စည်းလိုက်သည့် ၁၉၂၀ တွင်** ပထမကျောင်းသား သပိတ် ပေါ်ပေါက်လာခဲ့သည်။ ကိုလိုနီပညာရေး၏ **အဓိကရည်ရွယ်ချက်မှာ** ကိုလိုနီအုပ်ချုပ်ရေး ယန္တရားကို ပိုမိုကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် **အမှုထမ်း**ကောင်းများ မွေးထုတ်ပေးရန်သာ

ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်အထိ တက္ကသိုလ်ဟူ၍ မရှိခဲ့သေးပေ။ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ယုဒသန်(ဂျပ်ဆင်) ကောလိပ်ဟူ၍ ကောလိပ်နှစ်ခုသာရှိခဲ့သည်။ ပြည်သူလူထု၏ တောင်းဆိုချက်အရ ကောလိပ်နှစ်ခုကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ရန်အတွက် အင်္ဂလိပ်အစိုးရသည် တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ တွင် ရေးဆွဲခဲ့သည်။ ထိုဥပဒေတွင် မြန်မာအမျိုးသားအများစုကို ပညာသင်ခွင့်မရစေအောင် ဖိနှိပ်ထားသဖြင့် ပြည်သူလူထုက မြို့ကြီးများတွင် အစည်းအဝေးများကျင်းပကာ အပြင်းအထန် ကန့်ကွက်ကြသည်။ သို့ရာတွင် အစိုးရက တက္ကသိုလ်အက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ထို့ကြောင့် ၁၉၂၀၊ ဒီဇင်ဘာလ ၅ (၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) နေ့တွင် ကောလိပ်ကျောင်းသားများ စတင်သပိတ်မှောက်ကြသည်။ သပိတ်ကြီးသည် တစ်နိုင်ငံလုံးရှိကျောင်းများသို့ တစ်ပတ်အတွင်း ပျံ့နှံ့သွားသည်။ သပိတ် မှောက်ကျောင်းသားများ၏ ပညာဆက်လက်သင်ကြားရေးအတွက် ဆောင်ရွက်ရာမှ အစပြု၍ ရန်ကုန်တွင် အမျိုးသားကောလိပ်နှင့် မြို့နယ်အသီးသီးတွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။

ဤသို့ ကျောင်းသားများက အင်္ဂလိပ်နယ်ချဲ့အစိုးရအား ပထမအကြိမ်အဖြစ် သပိတ်လက်နက်စွဲကိုင်ပြီး စတင်ဆန့်ကျင်ခြင်းကို ပြည်သူတစ်ရပ်လုံးက ထောက်ခံအားပေးကြသည်။ အမျိုးသားကျောင်းများဖွင့်လှစ်ရေးတွင်လည်း ပံ့ပိုးကူညီသည်။ ဤနည်းဖြင့် အမျိုးသားစိတ်ဓာတ် နိုးကြားရေးအတွက် မြန်မာစာပေနှင့် မြန်မာ့သမိုင်းကို ပိုမိုအလေးပေးသင်ကြားသော အမျိုးသားကျောင်းများ တစ်နိုင်ငံလုံးတွင် ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားကျောင်းဆရာနှင့် အမျိုးသားကျောင်းထွက်များထဲမှ နိုင်ငံခေါင်းဆောင်များ ပေါ်ထွက်ခဲ့သည်။ ဤသို့ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို တက္ကသိုလ်ကျောင်းသားများ စတင်သပိတ်မှောက်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်ပွဲများ ပြုလုပ်ကြသည်။

## (၅) တို့ဗမာအစည်းအရုံး (၁၉၃၀–၁၉၄၀)

အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဂျီစီဘီအေအသင်းကြီး ပြိုကွဲသွားပြီးနောက် ထင်ရှားလာသည့် အဖွဲ့အစည်းမှာ တို့ဗမာအစည်းအရုံးဖြစ်သည်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀၊ မေလ ၃၀ တွင် ရန်ကုန်မြို့ ဗဟန်းအရပ်၌ သခင်ဘသောင်းနှင့် လူငယ်တစ်စုတို့က စတင်တည်ထောင်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ရည်မှန်းချက်မှာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်ရေးဖြစ်သည်။ တို့ဗမာအစည်းအရုံးဝင်များသည် သခင်အမည်ခံကြသဖြင့် တို့ဗမာအစည်းအရုံးကို သခင်ပါတီဟုလည်း ခေါ်သည်။

တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံမှာ - ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ ဟူ၍ ဖြစ်သည်။

တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံများ၊ တိုက်တွန်းချက်များ၊ ဆောင်ပုဒ်များသည် ပြည်သူလူထုအား ပတိသွေးဇာတိမာန် တက်ကြွစေခဲ့သည်။ တို့ဗမာအစည်းအရုံးဝင် လူငယ်များသည် ဝိုင်အမ်ဘီ

ဆရာတင်နှင့် ဆက်သွယ်မိကာ တို့ဗမာသီချင်းကို စပ်ဆိုခဲ့ကြသည်။ တို့ဗမာသီချင်းကို အစည်းအဝေးပွဲ၊ ဘုရားပွဲ၊ ဘောလုံးပွဲများတွင် သီဆိုကြသဖြင့် တို့ဗမာအစည်းအရုံးအကြောင်း လူသိ များလာသည်။ ၁၉၃၂ သို့ ရောက်သောအခါ ပထမအကြိမ် ပြည်လုံးကျွတ်ညီလာခံကို ရေနံချောင်းမြို့၌ ကျင်းပနိုင်သည်အထိ အောင်မြင်မှုရလာသည်။

၁၉၃၀-၁၉၃၅ အတွင်း တို့ဗမာအစည်းအရုံးကို ပြုစုပျိုးထောင်သူများမှာ သခင်ဘသောင်း၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ သခင်လေးမောင်စသူတို့ဖြစ်သည်။ ၁၉၃၅ နောက်ပိုင်းတွင် သခင်အောင်ဆန်း၊ သခင်နု၊ သခင်ဗဟိန်း စသော တက္ကသိုလ်ကျောင်းသားများ ဝင်ရောက်လာသောအခါ တို့ဗမာအစည်းအရုံး ပိုမိုကျယ်ပြန့် ထင်ရှားလာခဲ့သည်။ တို့ဗမာအစည်းအရုံးသည် တော်လှန်ရေး စာပေများ၊ လက်ဝဲစာပေ လေ့လာမှုများ ပိုမိုများပြားလာသည်။ ပြည်သူတို့ကို ပညာဗဟုသုတပေးရန် တို့ဗမာသတင်းစာ၊ တို့ဗမာ သတင်းစဉ်နှင့် ဒေါင်းသတင်းစာများကို ထုတ်ဝေခဲ့သည်။ ထို့ပြင် နဂါးနီစာအုပ်အသင်းကို ထူထောင်၍ တိုးတက်သော နိုင်ငံရေးအတွေးအခေါ်နှင့် ဆိုရှယ်လစ်စာပေများကို ဖြန့်ဖြူးပေးခဲ့သည်။



ပုံ (၁-၄) တို့ဗမာအစည်းအရုံးတံဆိပ်

မြန်မာနိုင်ငံ၏ ပထမဆုံးမေဒေးနေ့အခမ်းအနားကို ၁၉၃၈၊ မေလ ၁ ရက်တွင် တို့ဗမာအစည်း အရုံးကပင် ဦးဆောင်၍ကျင်းပပေးခဲ့သည်။ နယ်ချဲ့ကိုဆန့်ကျင်ရာတွင် အကြီးမားအပြင်းထန်ဆုံးဖြစ် သည့် ၁၃၀၀ပြည့် အရေးတော်ပုံကြွင်လည်း တို့ဗမာအစည်းအရုံး ပါဝင်ခဲ့သည်။ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်ပြီး ၉၁ ဌာနအုပ်ချုပ်ရေး ပေးသောအခါတွင်လည်း တို့ဗမာအစည်းအရုံးက အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ပြည်မနှင့်တောင်တန်းဒေသများ တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးပေးရန် တောင်းဆိုရာတွင် ဦးဆောင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဝင်ရန် လက်ရုံးတပ်ဖွဲ့များကို ဖွဲ့စည်းခဲ့သည်။

၁၉၃၈ တွင် သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးနှင့် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ခေါင်းဆောင်သော တို့ဗမာအစည်းအရုံးဟူ၍ နှစ်ဂိုဏ်းကွဲသွားသည်။ ၁၉၄၁ တွင် တို့ဗမာ အစည်းအရုံးသည် အင်္ဂလိပ်အစိုးရ၏ မတရားသင်း ကြေညာခြင်းကိုခံခဲ့ရသည်။

## (၆) တောင်သူလယ်သမားအရေးတော်ပုံ (၁၉၃၀)

အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် လယ်ယာမြေများကို တိုးချဲ့စိုက်ပျိုးရန် အားပေးလာခဲ့သည်။ ထို့နောက် ကိုယ်ပိုင်ဖူလုံရုံစိုက်ပျိုးရေးမှ ကမ္ဘာ့ဈေးကွက်တင်ပို့ရေးကို ဦးတည်စိုက်ပျိုးစေခဲ့သည်။ ဤကဲ့သို့ လယ်ယာလုပ်ငန်း တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ လုပ်အားနှင့် ငွေကြေး အရင်းအနှီးများစွာ လိုအပ်လာသည်။ အင်္ဂလိပ်တို့သည် လုပ်အားအတွက် အိန္ဒိယမှဈေးပေါသော လယ်ယာ အလုပ်သမားများကို ခေါ်ယူခဲ့သည်။ ငွေချေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချစ်တီးကုလားများကို ခေါ်သွင်းခဲ့သည်။ ချစ်တီးတို့သည် အင်္ဂလိပ်ဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးယူ၍ မြန်မာ လယ်သမားတို့ကို အတိုးနှုန်းကြီးစွာဖြင့် ပြန်လည်ချေးငှားကြသည်။ တစ်ဖက်တွင်လည်း အင်္ဂလိပ်အစိုးရက လယ်သမားတို့ထံမှ လယ်ခွန်များအဓမ္မ ကောက်ခံခဲ့ကြသည်။

မြန်မာလယ်သမားတို့သည် လယ်ယာလုပ်ငန်းအဆင့်ဆင့်၌ ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ခဲ့ကြရသည်။ သို့ရာတွင် လယ်ယာလုပ်ငန်း၏ အသီးအပွင့်ဖြစ်သော ဆန်စပါးမှ အကျိုးအမြတ်ကို အနည်းအကျဉ်းမျှသာ ခံစားကြရသည်။ ၁၉၂၁ တွင် စတီးဘရားသား (Steel Bros–Co)၊ ဘလုပ် ဘရားသား (Bulloch Bros.Co)၊ အင်္ဂလိုဘားမား (Anglo-Burma-Co) စသော အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီများ စုပေါင်း၍ ဘူလင်ဂျာပူးလ် (Bullinger Pool) ခေါ် စပါးဈေးအသင်းကြီး တည်ထောင်သည်။ ၎င်းအသင်းကြီးက ဆန်စပါးရောင်းဝယ်ရေးတစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားပြီး ၎င်းတို့စိတ်တိုင်းကျ ဈေးကစားခြင်းတို့ကို ပြုလုပ်သည်။ ထို့ပြင် ကုန်သည်ပွဲစားတို့ကလည်း အဆင့်ဆင့် ခေါင်းပုံဖြတ်ကြသည်။ ချစ်တီးကုလားတို့၏ အတိုးဒဏ်၊ အစိုးရ၏ လယ်ခွန်၊ လူခွန်ဒဏ်နှင့် အရင်းရှင် တို့၏ ခေါင်းပုံဖြတ်မှုဒဏ်တို့ကို လယ်သမားတို့ ခံကြရသောကြောင့် လယ်သမားတို့၏ ကြွေးမြီတင်မှုမှာ တစ်စတစ်စ ကြီးထွားလာခဲ့သည်။

၁၉၂၉ - ၃၀ တွင် ကမ္ဘာ့စီးပွားရေး ပျက်ကပ်ရိုက်ခတ်၍ စပါးဈေးထိုးကျသွားသောအခါ လယ်သမားတို့မှာ လယ်ယာမြေများကို ပေါင်နှံရောင်းချပြီး ကြွေးမြီများဆပ်ခဲ့ရသဖြင့် လယ်ယာမဲ့ဦးရေ တိုးပွားလာခဲ့ပြန်သည်။ ထိုစဉ် အင်္ဂလိပ်အရင်းရှင်တို့က အိန္ဒိယမှလယ်လုပ်သူနှင့် လယ်ကူလီများကို နှစ်စဉ်ခေါ်သွင်းနေသဖြင့် တိုင်းရင်းသားလယ်မဲ့ယာမဲ့တို့မှာ လယ်လုပ်ခွင့် ပိုမိုနည်းပါးခဲ့ရသည်။



ပုံ(၁-၅) ဦးစိုးသိမ်း

ဦးစိုးသိမ်းဂျီစီဘီအေ၏ အမှုဆောင်တစ်ဦးဖြစ်သူ ဆရာစံသည် အဖွဲ့၏တာဝန်ပေးချက်အရ သာယာဝတီ၊ ဖျာပုံ၊ ပြည်နှင့်ရွှေဘိုခရိုင်များတွင် လယ်သမားတို့၏ဘဝကို လေ့လာခဲ့သည်။ ထို့နောက် ဆရာစံက လူခွန်နှင့်လယ်ခွန်များကောက်ခံမှုကို ငြင်းဆိုရန်နှင့် လယ်သမားတစ်အိမ်ထောင်စာ သစ်၊ ဝါး အခမဲ့ခုတ်ယူရန် စသည့်အချက်များပါဝင်သော အစီရင်ခံစာကို ဦးစိုးသိမ်းဂျီစီဘီအေထံ တင်ပြသည်။ သို့သော် လက်မခံသဖြင့် ဆရာစံသည် ဦးစိုးသိမ်းဂျီစီဘီအေနှင့် အဆက်အသွယ်ဖြတ်ကာ အင်္ဂလိပ်တို့အား အကြမ်းဖက်တော်လှန်ရန် အစီအစဉ်များကို လျှို့ဝှက်ချမှတ်ခဲ့သည်။

ဆရာစံသည် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံပြီး မိမိ၏ဂဠုန်တပ်သားများအား အင်း၊ အိုင်၊ လက်ဖွဲ့၊ ဂါထာမန္တရားများနှင့် တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး ဆေးများ စီရင်ပေးသည်။ ဆရာစံ၏ ဂဠုန်တပ်များသည် ကျေးရွာဝံသာနုအသင်းများမှတစ်ဆင့် လူထုကိုစည်းရုံးပြီး နယ်ချဲ့အရင်းရှင်နှင့် မြေရှင်ဆန့်ကျင်ရေးများ ပြုလုပ်ခဲ့သည်။

ဤအခြေအနေတွင် လူခွန်၊ လယ်ခွန်များလျှော့ပေါ့ရွှေ့ဆိုင်းရန်နှင့် အမတော်ကြေးကိုပိုမို ထုတ်ပေးရန် တောင်သူလယ်သမားတို့က တောင်းဆိုခဲ့ကြသော်လည်း အင်္ဂလိပ်အစိုးရက အကြိမ်ကြိမ်ပယ်ချခဲ့သည်။ ၁၉၃၀၊ ဒီဇင်ဘာလ ၂၁ ရက်တွင် သာယာဝတီ၌ကျင်းပသော အစိုးရအရာရှိကြီး၏ ဆုနှင်းသဘင်ဖြစ်သည့် ဒါဘာပွဲသို့ ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီး တက်ရောက်ခဲ့သည်။ ထိုပွဲတွင် ခေတ္တဘုရင်ခံက အခွန်ကိစ္စနှင့်စပ်လျဉ်း၍ မိမိအနေဖြင့် မည်သို့မျှဆောင်ရွက်ပေးနိုင်မည် မဟုတ် ကြောင်း ပွင့်လင်းစွာပြောကြားခဲ့သည်။ သို့ဖြစ်၍ တောင်သူလယ်သမားများအနေနှင့် လက်နက်ကိုင် တိုက်ပွဲဝင်ရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိတော့ချေ။ ထို့ကြောင့် ၁၉၃၀၊ ဒီဇင်ဘာလ ၂၂ ရက် တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများသည် သာယာဝတီခရိုင် ရေတိုက်ရွာနှင့် ဖားရွှေကျော်ရွာတို့မှ စတင်တော်လှန်ခဲ့သည်။



ပုံ (၁-၆) ဆရာစံ

တော်လှန်ရေးစတင်၍မကြာမီ အရေးတော်ပုံသည် ဖျာပုံ၊ ဟင်္သာတ၊ အင်းစိန်၊ ပဲခူး၊ ပြည်၊ သရက်စသော ခရိုင်များနှင့် ရှမ်းပြည်နယ်သို့ပါ ပျံ့နှံ့သွားခဲ့သည်။ အင်္ဂလန်သို့ ခွင့်နှင့်ပြန်သွားခဲ့သော ဘုရင်ခံ ဆာချားလ်အင်းနစ် (Sir Charles Innes) သည် မြန်မာနိုင်ငံသို့အမြန်ပြန်လာပြီး မြေခွန်လျှော့ချခြင်း၊ အမတော်ကြေးထုတ်ပေးခြင်း၊ အတင်းအကျပ်အခွန်ကောက်ခံမှုကို ရပ်ဆိုင်းခြင်းများ ပြုလုပ်ခဲ့သည်။ တစ်ဖက်တွင်လည်း နယ်ချဲ့အင်္ဂလိပ်အစိုးရသည် ဆရာစံကို ဆုငွေကျပ် ၅၀၀၀ ထုတ်ပြီး တော်လှန်ရေးသမားများကို ရက်စက်စွာနှိမ်နင်းခဲ့သည်။ ဆရာစံကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၉၃၁ ဩဂုတ်၌ဖမ်းမိပြီး အခြားခေါင်းဆောင်များနှင့်အတူ သာယာဝတီတွင် ကြိုးပေးခဲ့သည်။

တောင်သူလယ်သမား အရေးတော်ပုံ မအောင်မြင်ရခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံး အုံကြွပါဝင်မှုမရှိခြင်း၊ ပဒေသရာဇ်စနစ်ကို ပြည်လည်ဖော်ထုတ်ရန်ကြိုးပမ်းခြင်း၊ လက်နက်အင်အား မမျှလွန်းခြင်းစသည်တို့ကြောင့်ဖြစ်သည်။ တောင်သူလယ်သမားအရေးတော်ပုံ မအောင်မြင်ခဲ့သော်လည်း နောင်ပေါ်ပေါက်လာမည့် နယ်ချဲ့တော်လှန်ရေးအတွက် ခိုင်မာသောအမျိုးသားစိတ်ဓာတ်များ ပေါ်ပေါက်စေရန် လှုံ့ဆော်ပေးနိုင်ခဲ့ပေသည်။

## (၇) ၁၃၀၀ ပြည့်အရေးတော်ပုံ (၁၉၃၈)

အင်္ဂလိပ်အစိုးရသည် ဒိုင်အာခီအုပ်ချုပ်ရေးပေးပြီး ၁၄ နှစ်ခန့်အကြာ ၁၉၃၇ တွင် ၉၁ ဌာနအုပ်ချုပ်ရေးဟူ၍ တစ်မျိုးပြောင်းလဲပေးပြန်သည်။ ၉၁ ဌာန အုပ်ချုပ်ရေးစပြီး တစ်နှစ်မျှအကြာ မြန်မာနှစ် ၁၃၀၀ ပြည့်တွင် အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်သော အကြီးမားအပြင်းထန်ဆုံး တိုင်းရင်းသား လှုပ်ရှားမှုကြီးဖြစ်သည့် ၁၃၀၀ ပြည့်အရေးတော်ပုံ ပေါ်ပေါက်လာသည်။

၁၃၀၀ ပြည့်အရေးတော်ပုံဖြစ်ပွားရခြင်းမှာ နိုင်ငံသားတို့ ဆင်းရဲကျပ်တည်းမှု၊ ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများနှင့် အင်္ဂလိပ်နယ်ချဲ့တို့ပူးပေါင်းပြီး ဖိနှိပ်အုပ်ချုပ်မှုစသည့် အကြောင်းတရားများကြောင့်ပင်ဖြစ်သည်။

ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ အုပ်စိုးစဉ်ကာလတစ်ဝိုက်တွင် အလုပ်သမားသပိတ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။ ယင်းသပိတ်များအနက် ၁၉၃၈ နှစ်ဦးပိုင်းတွင် ချောက်ရေနံမြေ၌ ပေါ်ပေါက်ခဲ့သော အလုပ်သမားသပိတ်ကြီးသည် ၁၃၀၀ ပြည့်အရေးတော်ပုံ၏ အစဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်အရင်းရှင်တို့သည် ဘီအိုစီကုမ္ပဏီကို ၁၈၈၆ တွင် စတင်တည်ထောင်၍ ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ်ခဲ့သည်။ ရေနံထွက်နှုန်းမှာ နှစ်စဉ်တိုးတက်ခဲ့ရာ ဓာတ်ဆီတစ်မျိုး တည်းကိုပင် တစ်နှစ်အတွင်း ဂါလံကုဋေသုံးဆယ်ကျော်မျှ ထုတ်ယူနိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်မျက်နှာဖြူ အရာရှိများ၏လစာကို သုံးလေးထောင်ပေးရုံမျှမက အိမ်၊ ကား စသည့် အခြားအခွင့်အရေးများကိုလည်း ပေးသေးသည်။ သို့ရာတွင် ရေနံကိုအမှန်တကယ် လက်တွေ့ထုတ်လုပ်ရသည့် မြန်မာတိုင်းရင်းသား အလုပ်သမားတို့မှာမူ မျက်နှာဖြူအရာရှိတို့လစာ၏ တစ်ရာပုံလျှင်တစ်ပုံမျှပင် မရရှိခဲ့ပေ။ အခြားအခွင့်အရေးများ တောင်းဆိုလာသောအခါ ဘာသာရေးပွဲတော် ပိတ်ရက်များအဖြစ် ၁၀ ရက် ပိတ်ပေးခြင်း၊ လေဘာဗျူရိုဖွဲ့ပေးခြင်း စသည်တို့ကိုသာ ပြုလုပ်ပေးခဲ့သည်။ သို့သော် ဘာသာရေးပွဲတော်အဖြစ် ပိတ်ရက် ၁၀ ရက်ကို ၁၉၃၇ တွင် ၇ ရက်သို့ ပြန်လျှော့ချလိုက်ရာ အလုပ်သမားများ မကျေမနပ်ဖြစ်ခဲ့သည်။

ထို့ကြောင့် လုပ်သားထုစည်းဝေးကြပြီး နေအိမ်တန်းလျားများကို တိုးချဲ့ဆောက်လုပ်ပေးရန်၊ မီးရေ အစုံတပ်ဆင်ပေးရန်၊ ဆေးရုံတက်နေစဉ် လစာမပျက်ခွင့်ရက်ပေးရန်၊ ခွင့်ယူထားသော အလုပ်သမား နေရာတွင် အလုပ်ခွင်ရှိ အခြားအလုပ်သမားတစ်ဦးကို လုပ်ကိုင်ခွင့်ပေးရန်စသော အချက် ၁၂ ချက်ကိုတင်ပြတောင်းဆိုခဲ့သည်။ သို့သော် ဘီအိုစီအာဏာပိုင်တို့က သာမန်အချက်များကိုသာ လိုက်လျောပြီး အရေးကြီးသော အချက်များကိုမရရှိခဲ့ပေ။ ဤသို့ မကျေမလည်ဖြစ်နေစဉ် ချောက် ဘီအိုစီမှ အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သူ သခင် ခင်ကို ရှောင်တခင်ခွင့်ယူသည့်ကိစ္စနှင့် ပတ်သက်၍ ၁၅ ရက်အလုပ်မဆင်းရန် အပြစ်ပေးအရေးယူခဲ့သည်။ ထို့ကြောင့် အလုပ်သမားထု အုံကြွကာ ၁၉၃၈၊ ဇန်နဝါရီ ၈ တွင် ရေနံမြေအလုပ်သမား ၉၅ ရာခိုင်နှုန်းပါဝင်သော ချောက်ဘီအိုစီ သပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ တခဏအတွင်း သပိတ်ကြီးသည် သန်လျင်ရေနံချက်စက်ရုံအထိ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့် ချောက်တွင် ပုဒ်မ ၁၄၄ ထုတ်ပြီး သပိတ်သမား သခင်၊ သခင်မများကို ဖမ်းဆီးထောင်ချခဲ့သည်။ သို့ရာတွင် သပိတ်သမားများမှာ အလျှော့မပေးဘဲ ဆက်လက်သပိတ်မှောက် ခဲ့သည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးနှင့် စာနယ်ဇင်းများကလည်း လှုံ့ဆော်ပေးသဖြင့် ပြည်သူတစ်ရပ်လုံးမှာ ရေနံမြေသပိတ်ကို စိတ်ဝင်စားလာကြပြီး အကူအညီပေးလာကြသည်။

ရေနံမြေသပိတ်ကို အာရုံစိုက်လာသော လူထုကို လမ်းလွှဲပစ်ရန် အစိုးရသည် ဦးရွှေဖီ၏ “မော်လဝီနှင့်ယောဂီ” စာအုပ်ကို ထုတ်ဝေခွင့်ပြုလိုက်သည်။ ထိုစာအုပ်ကို ယခင်ကပိတ်ထားခဲ့ရာမှ ယခုပြန်လည်

ထုတ်ဝေခွင့်ပြုခြင်းဖြင့် နယ်ချဲ့တို့သည် လူမျိုးရေး အဓိကရုဏ်းကို ဖန်တီးလိုက်သည်။ ဤနည်းဖြင့် ကုလား ဗမာအဓိကရုဏ်း ပေါ်ပေါက်လာပြီး တစ်နိုင်ငံလုံးပျံ့နှံ့ သွားလေသည်။

ဤကဲ့သို့ အာရုံပြောင်းအောင်လုပ်ခဲ့သော်လည်း ပြည်သူလူထုသည် ရေနံမြေသပိတ်ကိုသာ စိတ်ဝင်စားခဲ့သည်။ သပိတ်ကြီးသည် တစ်နှစ်နီးပါးမျှကြာသော်လည်း မပြီးသေးဘဲဖြစ်နေရာ ဘီအိုစီကုမ္ပဏီ၏ ရက်စက်ယုတ်မာမှုကို နိုင်ငံသို့တင်ပြရန်အတွက် ရန်ကုန်မြို့သို့ ချီတက်ဆန္ဒပြကြရန် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ၁၉၃၈၊ နိုဝင်ဘာ ၃၀ တွင် အာဗ္ဗာဝကသခင်ဖိုးလှကြီးခေါင်းဆောင်၍ ရေနံမြေအလုပ်သမား နှစ်ထောင်ခန့် ပါဝင်သည့် သပိတ်တပ်ကြီးသည် မိုင် ၄၀၀ ကျော်ဝေးသော ရန်ကုန်မြို့သို့ ခြေကျင်ချီတက်ခဲ့ကြသည်။

မကွေးမြို့သို့ရောက်သောအခါ သခင်ဖိုးလှကြီးနှင့် ခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။ သပိတ်တပ်ကြီးသည် မကွေးမဲထီးကျောင်းတွင် စခန်းချနေစဉ် အင်္ဂလိပ်တို့က မြင်းတပ်၊ လှံစွပ်တပ်တို့ဖြင့် ဝိုင်းရံထားသည်။ ထိုအတွင်း တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်များသည် မကွေးသို့ရောက်လာပြီး သပိတ်တပ်သားများကို အားပေးကြသည်။ ဒီဇင်ဘာအလယ်တွင် သပိတ်စခန်းသို့ ကျောင်းသား ခေါင်းဆောင်အချို့ ရောက်လာပြီး ပုဒ်မ ၁၄၄ ကို ဖီဆန်ကာ တရားဟောခဲ့သည်။ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းက "မြင်းခွာ တစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်ရမည်" ဟူ၍ တရားဟောခဲ့သဖြင့် နယ်ချဲ့တို့က ကျောင်းသား ခေါင်းဆောင်အချို့နှင့် အလုပ်သမား ခေါင်းဆောင်အချို့အား ဖမ်းဆီးလိုက်ကြသည်။

သပိတ်တပ်ကြီးသည် မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်သည့်ကြားမှ ရန်ကုန်သို့ ဆက်လက်ချီတက် ခဲ့ရာ ၁၉၃၉၊ ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်သို့ရောက်ရှိခဲ့သည်။ လမ်းတစ်လျှောက်တွင် လူထုက အောင်စည်ရွှမ်း၍ ကြိုကြသည်။ ထိုအချိန်တွင် မကွေး၌ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းတို့ကို ဖမ်းဆီးထောင်ချသဖြင့် ၁၉၃၈၊ ဒီဇင်ဘာ ၂၀ တွင် ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသားများက အတွင်းဝန် များရုံးကို ဝိုင်း၍စီတန်းလှည့်လည် ဆန္ဒပြကြသည်။ နယ်ချဲ့လက်ပါးစေတို့က မြင်းနှင့်တိုက်၊ တုတ်နှင့်ရိုက်ရာ ယုဒသန်ကျောင်းသား ကိုအောင်ကျော် ကျဆုံးခဲ့ရသည်။ ဗိုလ်အောင်ကျော်၏ ဈာပနကို လူသုံးသိန်းခန့် လိုက်ပို့ခြင်းဖြင့် ပြည်သူတို့၏ဆန္ဒကို ဖော်ထုတ်ကြသည်။

ရေနံမြေတပ်သားများ ရန်ကုန်သို့ရောက်သည့်နေ့တွင် သာယာဝတီ၊ သာရဝေါ၊ ဖြူး၊ ပဲခူးနှင့် သထုံ ဘက်မှချီတက်လာသော တောင်သူလယ်သမား သပိတ်တပ်ကြီးများမှာလည်း လူထောင်သောင်း ပါဝင်လျက် ရန်ကုန်သို့ဆိုက်ရောက်လာသည်။ သပိတ်တပ်များရောက်ပြီး နောက်တစ်နေ့တွင် ရွှေတိဂုံစေတီတော် ခြေရင်း၌ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသားသပိတ် တပ်ပေါင်းစုံ ပေါင်းစည်းမိကြသည်။ ထို့နောက် တောင်သူလယ်သမား ညီလာခံကြီးကိုကျင်းပကာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံးကို တည်ထောင်ခဲ့သည်။

၁၉၃၉၊ ဖေဖော်ဝါရီ ၁၀ တွင် မန္တလေးအိမ်တော်ရာ ဘုရားအတွင်းတွင် ရဟန်းရှင်လူ အများအပြားသည် စုရုံးကြပြီး ဖမ်းထားသူများအား လွှတ်ပေးရေး၊ ဗိုလ်အောင်ကျော်ကိစ္စကို ခုံဖွဲ့စစ်ဆေးရေး စသည်တို့ကို ဆွေးနွေးဟောပြောပြီး မြို့တွင်းသို့ စီတန်းဆန္ဒပြရင်း ထွက်လာကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့က သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းခဲ့သောကြောင့် ရဟန်းရှင်လူ အာဇာနည် (၁၇) ဦး ကျဆုံးခဲ့ရသည်။

ဤသို့ဖြင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရပြုတ်ကျသွားပြီး ဦးပု၏ ညွန့်ပေါင်းအစိုးရ တက်လာခဲ့သည်။ အစိုးရသစ်လက်ထက်တွင် လိုက်လျောမှုများပြုခဲ့သဖြင့် ၁၃၀၀ ပြည့်အရေးတော်ပုံသည် အောင်မြင်စွာပြီးဆုံးခဲ့သော်လည်း သခင်လူငယ်အဖွဲ့၏ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်မှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများမှာ အရှိန်မပျက် ဆက်လက်တိုးတက်ခဲ့သည်။

## (၈) ဗမာ့ထွက်ရပ်ဂိုဏ်း (၁၉၃၉)

ဥရောပ၌ ၁၉၃၉ စက်တင်ဘာတွင် ဒုတိယကမ္ဘာစစ်စတင်၍ အာရှအရှေ့နှင့် အရှေ့တောင်အာရှတွင် ဖက်ဆစ်ဂျပန်တို့၏ ခြိမ်းခြောက်မှု ပိုမိုများပြားလာသောအခါ လွတ်လပ်ရေးရရန်အတွက် အင်္ဂလိပ်အခက် ဗမာအချက်မူဖြင့် ပိုမိုကျယ်ပြန့်စွာ တိုးတက်ဆောင်ရွက်လာခဲ့ကြသည်။

၁၉၃၉၊ စက်တင်ဘာ ၁ တွင် တို့ဗမာအစည်းအရုံး၏ အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပကာ ဂိုဏ်းဂဏပါတီမရွေး လွတ်လပ်ရေးမြတ်နိုးသူတိုင်း ပါဝင်သောအဖွဲ့တစ်ခုကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၃၉၊ အောက်တိုဘာ ၁ တွင် တို့ဗမာအစည်းအရုံး၊ ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့တို့နှင့် ပူးပေါင်းပြီး ဗမာ့ထွက်ရပ်ဂိုဏ်း (Burma Freedom Bloc) ကို ဖွဲ့စည်းလိုက်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဥက္ကဋ္ဌမှာ ဒေါက်တာဘမော်ဖြစ်၍ အတွင်းရေးမှူးမှာ သခင်အောင်ဆန်းဖြစ်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုရန်၊ ဘုရင်ခံ၏ အထူးအခွင့်အာဏာများကို ဝန်ကြီးအဖွဲ့သို့ပေးအပ်ရန် စသည်တို့ပင်ဖြစ်သည်။

ဗမာ့ထွက်ရပ်ဂိုဏ်းထောင်ပြီး နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ ကုန်းမြင့်နေ တိုင်းရင်းသားတို့ပါ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးတို့ကို ဟောပြောလှုံ့ဆော်ခဲ့ကြသည်။ တစ်ဖက်တွင်လည်း မြေအောက်တော်လှန်ရေး လျှို့ဝှက်အဖွဲ့များဖြစ်သည့် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ (PRP = People's RevolYtionary Party) တို့ကိုဖွဲ့စည်း၍ ဆောင်ရွက်ကြသည်။ ပြည်သူ့အရေးတော်ပုံ ပါတီတွင် သခင်လူငယ်များပါဝင်ပြီး ခေါင်းဆောင်မှာ သခင်မြဖြစ်သည်။

## (၉) အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်း (၁၉၄၀ – ၁၉၄၅) ရဲဘော်သုံးကျိပ်

ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်လိုက်ပြီးနောက်တွင် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာသည်။ ဘုရင်ခံသည် တစ်ချက်လွှတ်အာဏာကိုသုံး၍ ၁၉၄၀ ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ပြီး သခင်၊ ကျောင်းသား၊ အလုပ်သမားနှင့် နိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်းဖြင့် ဖိနှိပ်ခဲ့သည်။

ဇလွန်မြို့တွင် ချင်းတောင်ကိစ္စဟောပြောမှုဖြင့် သခင်အောင်ဆန်းအားဖမ်းရန် ဟင်္သာတ ရာဇဝတ်ဝန်က ဆုငွေငါးကျပ်ထုတ်ခဲ့သည်။ သခင်အောင်ဆန်းသည် အဖမ်းမခံဘဲ ရှောင်တိမ်းခဲ့သည်။

သခင်လူငယ်များပါဝင်သော ပြည်သူ့အရေးတော်ပုံပါတီ၏ လုပ်ငန်းစဉ်မှာ နိုင်ငံခြားမှ လက်နက်

အကူအညီယူပြီး တော်လှန်ရန်ဖြစ်ရာ ထိုကိစ္စကိုအကောင်အထည်ဖော်ရန် သခင်အောင်ဆန်းသည် သခင်လှမြိုင်နှင့်အတူ ၁၉၄၀ ဩဂုတ်တွင် ရုပ်ဖျက်ပြီး နော်ဝေးပိုင်ဟိုင်လီ (Hailee) သင်္ဘောဖြင့် တရုတ်နိုင်ငံအမွိုင် (Amoy) သို့ထွက်ခဲ့သည်။ သခင်အောင်ဆန်းနှင့်သခင်လှမြိုင်တို့ အမွိုင်တွင်သောင်တင်နေစဉ် မြန်မာနိုင်ငံရှိ ပြည်သူ့အရေးတော်ပုံပါတီသည် မစ္စတာမီနာမီ (Mr. Minami) ဆိုသူနှင့် ဆက်သွယ်မိကြသည်။ မစ္စတာမီနာမီမှာ ဂျပန်နိုင်ငံ ယိုမီအုရိ (Yomiuri) သတင်းစာ၏ နိုင်ငံခြားသတင်းထောက် ဟန်ဆောင်ကာ မြန်မာနိုင်ငံအကြောင်းစုံစမ်းနေသော ဂျပန်စစ်တပ်မှ ဗိုလ်မှူးကြီး ဆူဇူကီး (Colonel Suzuki) ဆိုသူဖြစ်သည်။



ပုံ (၁-၇) ဗိုလ်မိုးကြိုး

ပြည်သူ့အရေးတော်ပုံပါတီ၏ ဆက်သွယ်ပေးမှုအရ ဗိုလ်မှူးကြီးဆူဇူကီးနှင့် သခင်အောင်ဆန်းတို့ သည် ဂျပန်နိုင်ငံတွင် ဆုံမိကြသည်။ သခင်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေး စီမံကိန်းတစ်ခုကို ရေးဆွဲပြီး ဂျပန်စစ်ဘက်သို့တင်ပြလိုက်သည်။ ဂျပန်တို့က ငွေအား၊ လူအား၊ လက်နက်အားဖြင့် ကူညီမည်ဟု သဘောတူသဖြင့် ၁၉၄၁ နှစ်ဦးပိုင်းတွင် သခင်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာပြန်လာခဲ့သည်။ ထို့နောက် ပြည်သူ့အရေးတော်ပုံပါတီ (ပီအာရ်ပီ) အဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။ ထို့နောက် စစ်ပညာသင်ကြားရန် လူငယ်သုံးဆယ်ကို လေးသုတ်ခွဲ၍ ဂျပန်နိုင်ငံသို့ တိတ်တဆိတ် ခေါ်ယူခဲ့ပြီး ဟိုင်နန် (Hainang) နှင့် ထိုင်ဝမ် (Taiwan) ကျွန်းများတွင် ငါးလခန့် စစ်ပညာသင်ယူစေသည်။ ဤလူငယ်သုံးဆယ်သည် နောင်တွင် မြန်မာ့သမိုင်း၌ ရဲဘော်သုံးကျိပ်ဟု ထင်ရှားလာသည်။

**ဘီအိုင်အေ**

ရဲဘော်သုံးကျိပ်တို့သည် စစ်ပညာတပင်တပန်းသင်ယူနေဆဲ ၁၉၄၁၊ ဒီဇင်ဘာ ၇ တွင် ဂျပန်တို့သည် စစ်မကြေညာဘဲ အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ဗုံးကြဲလိုက်လေသည်။ ဤတွင် ၁၉၃၉ ကစတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်မီးသည် အာရှတိုက်သို့ ကူးစက်လာခဲ့သည်။ သို့ဖြစ်၍ ရဲဘော်သုံးကျိပ်သည် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့သို့ စခန်းပြောင်းရွှေ့ခဲ့သည်။ ရဲဘော်သုံးကျိပ်တို့သည် ဗမာ့လွတ်လပ်ရေးကို အရယူရန်အတွက် ဘန်ကောက်တွင် လက်မောင်းသွေးဖောက်ပြီး သွေးသစ္စာရေသောက်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA = Burma Independence Army) ကို ၁၉၄၁၊ ဒီဇင်ဘာ ၂၇ တွင် ဖွဲ့လိုက်သည်။ ဘီအိုင်အေဖွဲ့စတွင် ယိုးဒယားရောက် ရှမ်း-ဗမာ တိုင်းရင်းသားများ အပါအဝင် အင်အားထောင့်ငါးရာမျှသာရှိသည်။



ပုံ (၁-၈) ရဲဘော်သုံးကျိပ်ဝင်အချို့

ဘီအိုင်အေဖွဲ့စည်းပြီးနောက် ပီအာရ်ပီနှင့် ဆက်သွယ်ဆောင်ရွက်ရန် ဗိုလ်နေဝင်းနှင့် ရဲဘော် ၇ ဦးသည် ရှေ့ပြေးတပ်မတော်သားများအဖြစ် ဝင်ရောက်လာခဲ့ကြရာ ၁၉၄၂ ဖေဖော်ဝါရီဆန်းတွင် ရန်ကုန်သို့ရောက်ပြီး မြေအောက်တော်လှန်ရေးကို စီစဉ်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း (ဗိုလ်တေဇ) ဦးစီးသည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးသည် ၁၉၄၂ နှစ်ဦးတွင် ဂျပန်တပ်မတော်နှင့်အတူ စစ်ကြောင်းဖြန့်ကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ခဲ့သည်။ ဂျပန်တို့သည် မော်လမြိုင်ကို သိမ်းပြီးသောအခါ ဗမာ့လွတ်လပ်ရေးကို ကြေညာပါမည်ဟူသော ကတိကို ဖောက်ဖျက်ခဲ့ရုံသာမက ဖက်ဆစ်စနစ်ကိုပါ ကျင့်သုံးလာခဲ့သည်။ ၁၉၄၂ မတ်တွင် ဘီအိုင်အေသည် ရန်ကုန်ကိုသိမ်းပိုက်လိုက်ပြီး အင်္ဂလိပ်တို့ကို အိန္ဒိယနိုင်ငံနယ်စပ်အထိ လိုက်လံတိုက်ထုတ်ခဲ့သည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ့မြေမှ လုံးဝဆုတ်ခွာသွားရတော့သည်။

မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလိုသော ဂျပန်များသည် ၁၉၄၂၊ ဇူလိုင် ၂၇ တွင် အင်အား နှစ်သောင်းသုံးထောင်နီးပါးရှိသော ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းလိုက်ကြပြီး အင်အားသုံးထောင်ခန့် သာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (BDA = Burma Defence Army) ကို ဖွဲ့စည်းလိုက်သည်။ ဘီဒီအေခေတ်တွင် စစ်ရုံး၊ မင်္ဂလာဒုံစစ်တက္ကသိုလ် စသည်တို့ ပေါ်ပေါက်လာသည်။

## (၁၀) ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂ - ၁၉၄၅) ဖန်တီးပေးသောအခြေအနေများ

၁၉၄၃၊ ဩဂုတ် ၁ တွင် ဂျပန်တို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့သည်။ လွတ်လပ်သော မြန်မာနိုင်ငံဟုဆိုသော်လည်း မြန်မာအစိုးရတွင် ကိုယ်ပိုင်အာဏာ မရှိချေ။ ဖက်ဆစ်ဂျပန်တို့က ပေးသော အာဏာသာရှိခဲ့သည်။ ဂျပန်ခေတ်တွင် တန်ခိုးအာဏာအရှိဆုံး ပုဂ္ဂိုလ်တို့မှာ ကင်ပေတိုင်ခေါ် ဂျပန် စစ်ပုလိပ်များသာဖြစ်သည်။ ကင်ပေတိုင်က အရေးယူဆောင်ရွက်သည့် အမှုကိစ္စများတွင် မည်သည့်ဂျပန် စစ်ဘက် အရာရှိကြီးငယ်တို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ချေ။ သာမန်တိုင်းသူ ပြည်သားများမှာ ကင်ပေတိုင်၏ ထင်သလိုဖမ်းဆီး နှိပ်စက်သတ်ဖြတ်ခြင်းကို ခံကြရသည်။ သို့ဖြစ်၍ လူမျိုးဘာသာ၊ ကျား၊ မ၊ ရဟန်းရှင်၊ လူ မရွေး ဖက်ဆစ်ဂျပန်တို့ကို တော်လှန်မှုဖြစ်မည်ဟူသော ခံယူချက် ပြင်းထန်လာခဲ့သည်။

ဗမာ့တပ်မတော်သည် ရဲဘော်သုံးကျိပ်မှ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)၊ ဗမာ့အမျိုးသားတပ်မတော် (BNA = Burma National Army) ဟူ၍ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ဗမာ့တပ်မတော်သည် စစ်မြေပြင်အတွေ့အကြုံကောင်းများ ရှိခြင်းနှင့် စစ်သင်တန်းများ တက်ရောက်ခဲ့ရခြင်းတို့ကြောင့် စစ်ရည်စစ်သွေးများ ပိုမိုကောင်းမွန်လာခဲ့သည်။

အခြေအနေအရ ဂျပန်တို့နှင့် ဆက်သွယ်ခဲ့ရသော်လည်း ဖက်ဆစ်ဘီလူးတို့၏သရုပ်ကို သိပြီးဖြစ်၍ အခြေအနေပေးသည်နှင့်တစ်ပြိုင်နက် တော်လှန်တိုက်ထုတ်ရန် ရှေးဦးကပင် မြန်မာခေါင်းဆောင်များ စိတ်ကူးပြီးဖြစ်သည်။ ထို့ကြောင့် ဂျပန်ဝင်စကပင် သခင်သိန်းဖေ၊ သခင်တင်ရွှေ စသော ခေါင်းဆောင်အချို့တို့ အိန္ဒိယဘက်သို့ကူးသွားကာ မဟာမိတ် စစ်အာဏာပိုင်များနှင့် ဆက်သွယ်ခဲ့သည်။

၁၉၄၄ ဩဂုတ်တွင် ဖက်ဆစ်တို့ဖျက်ရေးအဖွဲ့ (AFO = Anti Fascist Organization) ကို စတင်ဖွဲ့စည်းခဲ့ရာ ဗမာ့တပ်မတော်၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီက ဦးဆောင်ဖွဲ့စည်းခဲ့သည်။ မကြာမီ ရခိုင်အမျိုးသားအစည်းအရုံး၊ ကရင်ဗဟိုအဖွဲ့ချုပ်၊ အရှေ့အာရှလူငယ်များ အစည်းအရုံး စသည့်အသင်းအဖွဲ့တို့မှ ပါဝင်လာကြသည်။ နောက်ပိုင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဟု အမည်ပြောင်းလဲခေါ်တွင်စေခဲ့သည်။

၁၉၄၄ တွင် မဟာမိတ်စစ်အာဏာပိုင်တို့နှင့် သဘောတူညီချက်ရ၍ ၁၉၄၄ အကုန် ၁၉၄၅ အစတွင် စစ်ပစ္စည်းအကူအညီများရသည်။ မဟာမိတ်တပ်များသည် ရခိုင်ပြည်နယ်နှင့် ကလေးဝဘက်တွင် စစ်ရေးသာ၍ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့သည်။ ဤသို့ဖြင့် တော်လှန်ရေးစရန် အခြေအနေကောင်းများ ဖြစ်ပေါ်လာခဲ့သည်။

**အခြေခံသဘောထားနှင့် အစီအမံများ**

မြန်မာတို့သည် အင်္ဂလိပ်တို့၏ အရင်းရှင်နယ်ချဲ့စနစ်ကို တော်လှန်ပယ်ထုတ် နိုင်ခဲ့ပြီးဖြစ်သော်လည်း အရင်းရှင်စနစ်၏ အဆိုးရွားဆုံး၊ အဖောက်ပြန်ဆုံးဖြစ်သော ဖက်ဆစ်စနစ်ကို ၁၉၄၂ တွင် ရင်ဆိုင်ရလေသည်။ ဖက်ဆစ်စနစ်ကို မြန်မာ့မြေပေါ်မှသာမက ကမ္ဘာ့မြေပေါ်မှပါ ပပျောက်သွားအောင် ချေမှုန်းလိုသောဆန္ဒမှာ ဖတပလအဖွဲ့ချုပ်၏ အခြေခံသဘောထားနှင့် ရည်ရွယ်ချက်ပင် ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးအတွက် ပိုမိုစည်းလုံးမိလာသည်။ ဤစည်းလုံးမှုကို နိုင်ငံရေးနှင့်စစ်ရေးတွင် ယုံကြည်ကိုးစားခြင်းခံရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်မှုပေးခဲ့သည်။ ဤအခြေအနေများကို အသုံးပြု၍ ဖက်ဆစ်တော်လှန်ရေးကြီးကို လျှို့ဝှက်စွာစီစဉ်ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းက ရန်သူကိုချေမှုန်းရေးအတွက် စစ်ကြောင်းများဖွင့်ခွင့်ပေးရန် ဂျပန်စစ်အာဏာပိုင်များအား ပရိယာယ်သုံး၍ တောင်းဆိုလိုက်သည်။ ထိုအချိန်တွင် ဂျပန်များသည် အိန္ဒိယမြန်မာနယ်စပ်မှ ဆုတ်ခွာနေရချိန်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းတောင်းဆိုသည့် စစ်ကြောင်းများကိုဖွင့်ပေးရန် သဘောတူညီကြသည်။

၁၉၄၅၊ မတ် ၁၇ တွင် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံနေရာ၌ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဗမာ့တပ်မတော်သည် အောင်မြေနင်းပွဲကျင်းပသည်။ တပ်ထွက်ပွဲ မကျင်းပမီကပင် တပ်များကို တိုင်းအသီးသီးတွင် တပ်ဖျောက်ထားပြီးဖြစ်သည်။ ၁၉၄၅၊ ဧပြီ ၂ တွင် တစ်နိုင်ငံလုံး တစ်ပြိုင်နက် တော်လှန်ရန် သတ်မှတ်ထားသော်လည်း မဟာမိတ်တပ်ဦးသည် နယ်စပ်ကို ထိုးဖောက်ဝင်ရောက်လာပြီဖြစ်၍ ဗိုလ်မှူးကြီးဗထူးသည် အခြေအနေအရ ၁၉၄၅၊ မတ် ၈ တွင် ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်ခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကို သတ်မှတ်ထားသော အချိန်ထက်စော၍ မတ် ၂၇ သို့ ပြောင်းရွှေ့လိုက်ရလေသည်။

ထို့နောက် ဖက်ဆစ်ဂျပန်တော်လှန်ရေး၌ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်သူ့စစ်ကြီးအဖြစ် စုပေါင်းပါဝင် တော်လှန်ခဲ့ကြသည်။

**အောင်မြင်မှုများ**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားအားလုံးတို့သည် ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် တပ်မတော်သားများ အဖြစ်လည်းကောင်း၊ ဒေသဆိုင်ရာ ပြောက်ကျားတပ်သားများ အဖြစ်လည်းကောင်း ပါဝင်ခဲ့ကြသည်။ တော်လှန်ရေးမစမီကပင် ရခိုင်အမျိုးသားတို့သည် မဟာမိတ်တို့ထံမှရသော လက်နက်များဖြင့် ရခိုင်တိုင်းတွင် ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာ တော်လှန်နှင့်ကြပြီးဖြစ်သည်။ မြန်မာတိုင်းရင်းသား အားလုံးသည် မိမိတို့ဒေသအလိုက် ဖက်ဆစ်ဂျပန်တို့ကို ဆန့်ကျင်တော်လှန်ခဲ့ကြသောကြောင့် မျှော်မှန်းသည်ထက် ပိုမိုလျင်မြန်စွာ မဟာမိတ်တပ်များ ချီတက်လာနိုင်ခဲ့ကြသည်။



ပုံ (၁-၉) ဗိုလ်မှူးကြီးဗထူး

တောင်ငူနယ်တွင် ကရင်အမျိုးသားတို့သည် ဖက်ဆစ်တို့ကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။ တပ်မတော်၏ ကရင်တပ်ရင်းသည် ဧရာဝတီအနောက်ပိုင်းတွင် ဖက်ဆစ်ဂျပန်တို့ကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သည်။ မန္တလေးတိုက်ပွဲကို ဗိုလ်မှူးကြီးဗထူး၏ တပ်များအစွမ်းကြောင့် အလွယ်တကူ အောင်မြင်ရသည်ဟု အင်္ဂလိပ်တပ်မတော် အမှတ် (၁၄) ၏ ဗိုလ်ချုပ်ကြီး ဆာဝီလီယန်စလင်း (Sir William Slim) က ဝန်ခံချီးကျူးထားသည်။ ၁၉၄၅ မေတွင် တိုင်း (၂) မှ တပ်တို့သည် မဟာမိတ်တပ်များမရောက်မီ ရန်ကုန်ကို သိမ်းပိုက်နိုင်ခဲ့သဖြင့် ဂျပန်တို့၏ မြေလှန်ဖျက်ဆီးမည့်အန္တရာယ်မှ အချိန်မီကာကွယ်ပေးနိုင်ခဲ့သည်။ ဤသို့ဖြင့် ပြောက်ကျားစစ်တွင် နာမည်ကြီးခဲ့သော ဂျပန်တပ်မတော်ကြီးကို အလဲထိုးချေမှုန်းနိုင်ခဲ့သော ဗမာ့တပ်မတော်၏ အရည်အသွေးကို မဟာမိတ်တပ်မှူးကြီးများကပင် ချီးကျူးခဲ့ရလေသည်။

## (၁၁) လွတ်လပ်ရေးအရယူခြင်း (၁၉၄၅ – ၁၉၄၈)

### ဖတပလ၏ လွတ်လပ်ရေးကြိုးပမ်းမှု

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး စစ်အုပ်ချုပ်ရေးဖြင့် စတင်အုပ်ချုပ်ခဲ့သည်။ ၁၉၄၅၊ မေ ၁၇ တွင် မြန်မာနိုင်ငံအား ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူကာ သုံးနှစ်ကြာမျှအုပ်ချုပ်မည့် ဆင်းမလားစက္ကူဖြူစီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စက္ကူဖြူအုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အဆင့်မျှသာရှိသဖြင့် ခေတ်နောက်ပြန်ဆွဲသည့် အုပ်ချုပ်ရေးဖြစ်သည်။ ထို့ကြောင့် လုံးဝလွတ်လပ်ရေးနှင့် အပြည့်ဝဆုံးသော လူမှုအခွင့်အရေးများ အတွက် အသက်အိုးအိမ် စည်းစိမ်တို့ကို စွန့်လွှတ်၍ တိုက်ပွဲဝင်ခဲ့သော ဖတပလသည် စစ်အုပ်ချုပ်ရေးနှင့် စက္ကူဖြူစာတမ်းအုပ်ချုပ်ရေးကို အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။

၁၉၄၅၊ ဩဂုတ် ၁၂ တွင် ကျင်းပသော ဗမာ့တပ်မတော် တပ်မှူးကြီးများညီလာခံက ပြည်သူလူထုနှင့် တပ်မတော်ခေါင်းဆောင်တို့အား ဖတပလနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

၁၉၄၅၊ ဩဂုတ် ၁၉ တွင် ရန်ကုန်မြို့ကန်တော်ကြီးစောင်းရှိ နေသူရိန်ပြဇာတ်ရုံကြီးတွင် ဖတပလ

ဦးဆောင်သော လူထုအစည်းအဝေးပွဲကြီး ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်အုပ်ချုပ်ရေးနှင့် စက္ကူဖြူစာတမ်းကို ကန့်ကွက်ခြင်း၊ ဗမာ့တပ်မတော်ကို စနစ်တကျပြန်လည် ဖွဲ့စည်းပေးရန်၊ အမျိုးသားယာယီအစိုးရ ဖွဲ့စည်းပေးရန် စသည်တို့ကိုတောင်းဆိုခြင်းစသော ရဲရဲတောက်တင်သွင်းဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ နေသူရိန် လူထုအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်များကို ပြည်သူလူထုက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။

အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန် (Lord Mountbatten) က ဗမာ့တပ်မတော်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များကို သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံရှိ ကန္ဒီမြို့သို့ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ ထို့နောက် ၁၉၄၅၊ စက်တင်ဘာ ၇ တွင် ကန္ဒီစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ ထိုစာချုပ်တွင် မျိုးချစ်ဗမာ့တပ်မတော်မှတပ်သား ၅၂၀၀၊ အရန် ၃၀၀၀ နှင့် အရာရှိ ၂၀၀၊ အရန် ၂၀၀ တို့ကို အသစ်ပြန်လည်ဖွဲ့စည်းမည့် ဗမာ့တပ်မတော်တွင်းသို့ ထည့်သွင်းဖွဲ့စည်းရန် သဘောတူညီမှုရရှိခဲ့သည်။ ဤကဲ့သို့ တပ်မတော်ကိစ္စ ပြေလည်မှုရရှိပြီး နောက်ပိုင်းတွင် ဖတပလ အဖွဲ့ကြီး၌ တပ်မတော်သည် ပါဝင်ခြင်းမရှိတော့ချေ။ ဗမာ့တပ်မတော်တွင် ပါဝင်ခွင့် မရသူများနှင့် မပါဝင်လိုသူများအတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းပေး၍ ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ခဲ့သည်။ ယင်းတပ်ဖွဲ့မှာ စစ်ပြီးကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ရန်နှင့် လွတ်လပ်ရေးအတွက် လိုအပ်ပါက လက်နက်ကိုင် တိုက်ပွဲဝင်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

၁၉၄၅ အောက်တိုဘာတွင် စစ်ပြေးဘုရင်ခံ ဆာဒေါမန်စမစ် (Sir Dorman Smith) မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး စစ်အုပ်ချုပ်ရေးကိုရပ်စဲ၍ စက္ကူဖြူစာတမ်းအရ မြို့ပြအုပ်ချုပ်ရေးကို စတင်သည်။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီအစိုးရအဖွဲ့တွင် ဖတပလကို ပါဝင်ရန်ဖိတ်ခေါ်သည်။ ဖတပလက ဝန်ကြီး ၁၅ နေရာအနက် ၁၁ နေရာကို ဖတပလအားပေးရန်နှင့် ဌာနများကို ထိုက်သင့်သလို ခွဲဝေပေးရန် တောင်းဆိုခဲ့သည်။ ဖတပလ အဖွဲ့ချုပ်၏အင်အားနှင့် သဘောထားကို နယ်ဘက်အုပ်ချုပ်ရေး သမားများနှင့် အင်္ဂလန်ရှိ ကွန်ဆာဗေးတစ် (conservative) အစိုးရသည် နားလည်သဘောပေါက်ခြင်း မရှိချေ။ ထို့ကြောင့် ဖတပလ၏ တောင်းဆိုချက်များကို မလိုက်လျောဘဲ အင်္ဂလိပ်အလိုတော်ရိ နိုင်ငံရေးသမားဟောင်းများ နှင့် ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို ဖွဲ့စည်းလိုက်သည်။

၁၉၄၅၊ နိုဝင်ဘာ ၁၈ တွင် ဖတပလဦးဆောင်၍ ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ လူထုအစည်းအဝေးပွဲကြီးကျင်းပပြီး ဘုရင်ခံနှင့် သဘောထားကွဲလွဲသည့် ကိစ္စများကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းအစည်းအဝေးကြီးမှ ဘုရင်ခံ၏ အပြုအမူကိုရှုတ်ချပြီး ဆင်းမလားစက္ကူဖြူစီမံကိန်းကို အတည်မပြုရေးအတွက် တောင်းဆိုရန်ဆုံးဖြတ်ကြသည်။

ဖတပလသည် ပြည်လုံးကျွတ်ညီလာခံကြီးကို ၁၉၄၆ ဇန်နဝါရီတွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပခဲ့သည်။ ဤညီလာခံကြီးတွင် လုံးဝလွတ်လပ်ရေးတောင်းဆိုရန်၊ အင်္ဂလန်သို့ကိုယ်စားလှယ် စေလွှတ်ရန်နှင့် ဖတပလအမည်ကို ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ) ဟု အမည်ပြောင်းရန် စသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

**ဖဆပလ၏ လွတ်လပ်ရေးကြိုးပမ်းမှု**

၁၉၄၆ ခုနှစ်တွင် သိမ်ဖြူကွင်း၌ ဖဆပလကကြီးမှူး၍ လူတစ်သိန်းကျော် တက်ရောက်သော စက္ကူဖြူ စာတမ်း ကန့်ကွက်ပွဲကြီး ကျင်းပခဲ့သည်။ ထို့နောက် စက်တင်ဘာတွင် ပြည်လုံးကျွတ် အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ သပိတ်မှောက်ရာတွင် အလုပ်သမား၊ ကျောင်းသားများသာမက အစိုးရအမှုထမ်း ပေါင်းစုံ ပါဝင်ခဲ့သည်။ ကိုလိုနီခေတ်တစ်လျှောက် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် နယ်ချဲ့အစိုးရ၏ ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးချခြင်းခံရသော ပုလိပ်အဖွဲ့ကြီးကပါ လုံးဝ လွတ်လပ်ရေးကိုတောင်းဆိုပြီး သပိတ်မှောက်ခဲ့သည်။ ထို့ကြောင့် ကိုလိုနီအစိုးရ၏ ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တရားကြီးမှာ ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ဘုရင်ခံဆာဒေါ်မန် စမစ်ကိုပြန်ခေါ်စေပြီး ဆာဟူးဘတ်ရန့် (Sir Hubert Rance) အား ဘုရင်ခံသစ်အဖြစ်နှင့် စေလွှတ်ခဲ့သည်။ ဘုရင်ခံသစ်သည် ဖဆပလအစိုးရ အဖွဲ့၏ တောင်းဆိုချက်များကို လိုက်လျောပြီး ဖဆပလ ခေါင်းဆောင်တို့နှင့် အမှုဆောင်ကောင်စီ (အစိုးရ အဖွဲ့) ကို ဖွဲ့စည်းခဲ့သည်။

အစိုးရအဖွဲ့တွင် ဖဆပလပါဝင်ခြင်း၏ရည်ရွယ်ချက်မှာ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲ ဝင်ရန်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန်၊ လက်ရှိအစိုးရကို အမျိုး သားယာယီအစိုးရအဖြစ် ပြောင်းပေးရန်၊ စီမံကိန်းများကို ဖဆပလ၏ဆုံးဖြတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရန်တို့ကို တောင်းဆိုခဲ့သည်။ ထိုတောင်းဆိုချက်များအတိုင်း မရပါက ဖဆပလသည် အစိုးရ အဖွဲ့မှ နုတ်ထွက်မည်ဟု ရာဇသံပေးခဲ့သည်။ ဤရာဇသံအရ မြန်မာ့ လွတ်လပ်ရေးအတွက် ဆွေးနွေးရန် နန်းရင်းဝန်မစ္စတာ အက်တလီ (Mr. Attlee) ကဖိတ်ခေါ်သဖြင့် ၁၉၄၇ ဇန်နဝါရီတွင် ဗိုလ်ချုပ်အောင်ဆန်း နှင့်အဖွဲ့ လန်ဒန်သို့သွားရောက်ခဲ့သည်။ ၁၉၄၇၊ ဇန်နဝါရီ ၂၇ တွင် အောင်ဆန်းအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးပြီး တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် သဘောတူညီမှုရခဲ့သည်။ သို့သော် တောင်တန်း ဒေသသည် လွတ်လပ်ရေးကို ပြည်မနှင့်အတူ တစ်ပေါင်းတည်း ရယူလိုကြောင်း ခိုင်လုံသောအထောက် အထားဖြင့် တင်ပြရမည်ဟုပါရှိသည်။ အောင်ဆန်းအက်တလီစာချုပ်ကို ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က ကန့်ကွက်ပြီး အမှုဆောင်ကောင်စီမှ နုတ်ထွက်ခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသော ဒေါက်တာဘမော်၊ ဆာပေါ်ထွန်း တို့နှင့်ပေါင်း၍ အတိုက်အခံအဖွဲ့ ဖွဲ့ခဲ့သည်။ သို့သော် အတိုက်အခံအဖွဲ့ တို့သည် ဖဆပလကို မယှဉ်ပြိုင်နိုင်ခဲ့ပေ။

တောင်တန်းနှင့်ပြည်မ ပူးပေါင်းရေးအတွက် ၁၉၄၇၊ ဖေဖော်ဝါရီ ၉ မှ ၁၂ ထိ ပင်လုံညီလာခံ ကျင်းပ ခဲ့သည်။ ပင်လုံစာချုပ်ကို ဖေဖော်ဝါရီ ၁၂ တွင်ချုပ်ဆိုရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင် ၂၃ ဦး ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

၁၉၄၇ ဧပြီတွင် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကျင်းပရာ ဖဆပလက မဲအများဆုံး ရခဲ့သည်။ ၎င်းနောက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် ဖဆပလက ပဏာမညီလာခံကို ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပခဲ့သည်။ ဤကဲ့သို့ လွတ်လပ်ရေးတိုက်ပွဲ အောင်မြင်လုဆဲ အချိန်တွင်

နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တစ်စုသည် နိုင်ငံတော်လုပ်ကြံမှုကြီးကို ကြံစည်ခဲ့ကြသည်။ ၁၉၄၇၊ ဇူလိုင် ၁၉ တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများစည်းဝေးနေစဉ် ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့၏လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည် ၉ ဦး ကျဆုံးခဲ့သည်။

သို့သော် နိုင်ငံတော်၏အခြေအနေကို ဖဆပလက ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ၁၉၄၇ ဩဂုတ် ၂၉ တွင် တပ်မတော်အာဏာ လွှဲပြောင်းရေးအတွက် ဗိုလ်လက်ျာနှင့် ဂျွန်ဖရီးမင်းတို့က လက်ျာဖရီးမင်းစာချုပ်ခေါ် ကာကွယ်ရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ၁၉၄၇၊ အောက်တိုဘာ ၁၇ တွင် ဝန်ကြီးချုပ်သခင်နုနှင့် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီတို့သည် မြန်မာနိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် အသိအမှတ်ပြုသည့် နုအက်တလီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤသို့ဖြင့် ၁၉၄၈၊ ဇန်နဝါရီ ၄ တွင် မြန်မာတိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အနှစ်နှစ်အလလက မျှော်မှန်းခဲ့သော လွတ်လပ်ရေးကြီးကို ရခဲ့လေသည်။

## (၁၂) ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး

### အင်္ဂလိပ်ခေတ်အုပ်ချုပ်ရေး

အင်္ဂလိပ်နယ်ချဲ့သည် ပထမကျူးကျော်စစ်(၁၈၂၄-၁၈၂၆)အပြီးတွင် ရခိုင်နှင့်တနင်္သာရီကို သိမ်းပိုက်လိုက်သည်။ ၎င်းနောက် ဝန်ရှင်တော်မင်းကြီး (Commissioner) တစ်ဦးစီခန့်ထားပြီး ဘင်္ဂလားနယ်ဘုရင်ခံ၏ လက်အောက်တွင်ထား၍ အုပ်ချုပ်သည်။ အင်္ဂလိပ်တို့သည် ၁၈၅၂ ဒုတိယ ကျူးကျော်စစ်အပြီးတွင် ပဲခူးတိုင်းကို ထပ်မံရရှိပြီး ဝန်ရှင်တော်မင်းကြီးတစ်ဦး ထပ်မံခန့်ထားကာ အုပ်ချုပ်ပြန်သည်။ ၁၈၆၂ တွင် ရခိုင်၊ တနင်္သာရီနှင့် ပဲခူးတိုင်း သုံးတိုင်းတို့ကို ပူးပေါင်းလိုက်ပြီး ဗြိတိသျှဘားမားဟု ခေါ်တွင်စေသည်။ ထို့နောက် အင်္ဂလိပ်လူမျိုး ဆာအာသာဖဲယာ (Sir Arthur Phayre) ကို မဟာဝန်ရှင်တော်မင်းကြီးအဖြစ် ခန့်ထားအုပ်ချုပ်စေသည်။ ၁၈၈၅ တတိယကျူးကျော် စစ်အပြီးတွင် မြန်မာနိုင်ငံအား ကိုလိုနီစနစ်အတွင်း သွတ်သွင်းကြောင်း ၁၈၈၆၊ ဇန်နဝါရီ ၁ တွင် ကြေညာသည်။ တတိယစစ်အပြီးတွင် ဗိုလ်မှူးကြီးစလေဒင် (Colonel Sladen) သည် ကင်းဝန်မင်းကြီး ဦးဆောင်သော လွှတ်တော်ဝန်ကြီးများနှင့် အထက်မြန်မာနိုင်ငံကို သုံးလမျှအုပ်ချုပ်ခဲ့သည်။ ထို့နောက် အထက်အောက် မြန်မာနိုင်ငံကိုပေါင်း၍ အိန္ဒိယနယ်ပယ်အုပ်ချုပ်ရေးစနစ်အရ မဟာဝန်ရှင်တော်မင်းကြီးတစ်ဦးဖြင့် အုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံကို ၁၈၉၇ တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဒုတိယဘုရင်ခံ ခန့်ထားကာအုပ်ချုပ်သည်။ ဘုရင်ခံကိုကူညီရန် အတိုင်ပင်ခံ ကိုးဦးပါဝင်သော ဥပဒေပြုကောင်စီအဖွဲ့ဖွဲ့၍ အုပ်ချုပ်သည်။ ၁၉၁၅ တွင် အတိုင်ပင်ခံဦးရေကို ၃၀ အထိ တိုး၍ဖွဲ့စည်းခဲ့သော်လည်း နိုင်ငံခြားသားကုန်သည် အရင်းရှင်တို့ကိုသာ ကိုယ်စားပြုသော အဖွဲ့ဖြစ်သဖြင့် မြန်မာတိုင်းရင်းသားများအတွက် အကျိုးမထူးလှပေ။

အုပ်ချုပ်ရေးသည် ဗျူရိုကရေစီခေါ် အရာရှိအုပ်ချုပ်ရေးဖြစ်ရာ မဟာဝန်ရှင်တော်မင်းကြီးမှ အရေး

ပိုင်၊ နယ်ပိုင်၊ မြို့ပိုင်၊ မြို့အုပ်၊ သူကြီး စသည်ဖြင့် အထက်မှအောက်သို့ အမိန့်အာဏာဖြင့် ဆင့်ကဲတာဝန်ယူသွားရသော အုပ်ချုပ်ရေးဖြစ်သည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းယူပြီးသည်မှစ၍ တောင်တန်းဒေသနှင့် မြေပြန့်ဒေသဟူ၍ နယ်မြေပိုင်းခြား သတ်မှတ်ပြီး သွေးခွဲအုပ်ချုပ်ခဲ့သည်။ တောင်တန်းသားများနှင့် မြေပြန့်သားတို့မှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများသာ ဖြစ်ကြသော်လည်း အင်္ဂလိပ်တို့သည် လူမျိုးရေးအရလည်းကောင်း၊ နယ်မြေအရလည်းကောင်း သတ်မှတ်ခွဲခြားထားသည်။ တိုးမြှင့်ပေးသော အုပ်ချုပ်ရေး အာဏာစက်အောက်မှလည်း ၎င်းတို့ကို ခွဲခြားချန်ထားသည်။ ဤသို့ဖြင့် အင်္ဂလိပ်အစိုးရသည် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားပြီး စည်းလုံးမှုပြိုကွဲအောင် ပြုလုပ်ထားသည်။ သို့မှသာ ကျွန်သက်ရှည်ရှည်နှင့် ၎င်းတို့၏ ကိုလိုနီအုပ်ချုပ်ရေးကို ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပေမည်။

အရင်းရှင်စီးပွားရေးကို အကျိုးပြုစေမည့် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို လည်ပတ်စေနိုင်ရန်အတွက် ဌာနများကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။ အစောဆုံး ပေါ်ပေါက်ခဲ့သောဌာနမှာ ၁၈၆၆ တွင် ဖွင့်လှစ်ခဲ့သော ပညာရေးဌာနဖြစ်သည်။ အကျဉ်းထောင်ဌာနနှင့် မြေစာရင်းဌာနတို့မှာမူ ၁၉၀၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် ပေါ်ပေါက်လာခဲ့သည်။ သစ်တောဌာန၊ လယ်ယာစိုက်ပျိုးရေးဌာနနှင့် ကျန်းမာရေးဌာနတို့ကား ၂၀ ရာစုအစတွင်မှ ပေါ်ပေါက်လာခဲ့သည်။ စင်စစ် ကိုလိုနီအုပ်ချုပ်ရေးသည် အရင်းရှင်စီးပွားရေးကို အကျိုးပြုစေရန် မြေရှင်ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကိုအသွင်ပြောင်းပြီး အုပ်ချုပ်သည့် စနစ်ဖြစ်သည်။

**ဒိုင်အာခီ (၁၉၂၃ - ၁၉၃၇)**

၂၀ ရာစု အစောပိုင်းတွင် အိန္ဒိယသို့ ဒိုင်အာခီအုပ်ချုပ်ရေးပေးရာ၌ မြန်မာနိုင်ငံကို ချန်လှပ်ထားသဖြင့် ဝံသာနုလှုပ်ရှားမှုနှင့် ပြည်သူ့အုံကြွမှုများ အရှိန်အဟုန်ပြင်းထန်လာသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ပြည်သူ့ဆန္ဒကိုနှစ်သိမ့်ရန် အိန္ဒိယကို ပေးအပ်ခဲ့သည့် ဒိုင်အာခီအုပ်ချုပ်ရေးကို ၁၉၂၃ တွင် မြန်မာနိုင်ငံအား ပေးအပ်ခဲ့သည်။

ဒိုင်အာခီဆိုသည်မှာ နှစ်ဦးနှစ်ဖက်အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ ဌာနများကို အင်္ဂလိပ်တို့ကိုယ်စား ဘုရင်ခံကတစ်ဖက်၊ မြန်မာလူထုက ရွေးကောက်တင်မြှောက်သော အမတ်များက တစ်ဖက်ခွဲ၍ အုပ်ချုပ်သည်။

ဒိုင်အာခီအုပ်ချုပ်ရေးသည် မြန်မာနိုင်ငံတွင် ၁၉၂၃ ဇန်နဝါရီလမှ စတင်ခဲ့သည်။ ဒိုင်အာခီစနစ်အရ ပထမဦးဆုံးအုပ်ချုပ်ခဲ့သော ဘုရင်ခံမှာ ဆာဟာကုတ်ဘတ္တလာ (Sir Harcourt Butler) ဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးအရ ဘုရင်ခံ၏လက်အောက်တွင် ဥပဒေပြုကောင်စီ (Legirlative Council) နှင့် အမှုဆောင်ကောင်စီ (Excutive Council) ဟူ၍ရှိသည်။ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ၁၀၃ ဦး ရှိပြီး ပြည်သူလူထုက ရွေးကောက်သော အမတ် ၇၉ ဦး၊ ဘုရင်ခံရွေးချယ်ထားသော ဝန်ကြီး ၂ ဦးနှင့် အမတ် ၂၂ ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ အမှုဆောင်ကောင်စီတွင် ဝန်ကြီး ၄ ဦး ပါဝင်သည်။ ဝန်ကြီး ၂ ဦးကို ဘုရင်ခံ

ကခန့်ထားပြီး ကျန်ဝန်ကြီး ၂ ဦးကို ဥပဒေပြုကောင်စီက ရွေးချယ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးတွင် ဌာန ပေါင်း တစ်ရာကျော်ရှိသည့်အနက် တစ်ဝက်ခန့်ကို အိန္ဒိယဗဟိုအစိုးရက ဒေလီမှနေ၍အုပ်ချုပ်သည်။ ကျန် ဌာနများအနက် အရေးကြီးသောဌာန ၃၃ ခု ကို ဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်သည်။ အရေးမပါသော ကျန် ၂၂ ဌာနကိုသာ မြန်မာကိုယ်စားလှယ်တို့က အုပ်ချုပ်ရသည်။

ဒိုင်အာခီအုပ်ချုပ်ရေးသည် ဗျူရိုကရေစီအုပ်ချုပ်ရေးကို ပါလီမန်အုပ်ချုပ်ရေးအသွင် ပြောင်းထား သော အုပ်ချုပ်ရေးမျှသာဖြစ်သည်။ သို့ဖြစ်၍ ဥပဒေပြုကောင်စီ၊ ပြည်သူလူထုက ရွေးကောက်သော အမတ် ပူးတွဲတာဝန်ယူရသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အဆောင်အယောင်များ အပြည့်ရှိသော်လည်း အချုပ်အခြာအာဏာမှာမူ အင်္ဂလိပ်အစိုးရကခန့်သည့် ဘုရင်ခံနှင့် အိန္ဒိယနိုင်ငံပဋိညာဉ်ခံ ဝန်ထမ်းအရာရှိ (Indian Civil Service) အိုင်စီအက်အရာရှိများ လက်ထဲ၌သာရှိသည်။ ပူးတွဲအုပ်ချုပ်ရေးဟုဆိုသော်လည်း အုပ်ချုပ်ရေးဌာနများကို တစ်ဝက်စီအညီအမျှခွဲဝေ အုပ်ချုပ်ရသည့် အုပ်ချုပ်ရေးမဟုတ်ဘဲ ဌာနပေါင်းတစ်ရာ ကျော်ရှိသည့်အနက် တိုင်းရင်းသားတို့က အရေးမပါသော ဌာနငါးပုံတစ်ပုံကိုသာ အုပ်ချုပ်ရသည့်အုပ်ချုပ် ရေးဖြစ်သည်။ ထိုမျှသာမက အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အရေးဟူသမျှကို တားမြစ်နိုင်သည့် ဗီတိုအာဏာမှာ အင်္ဂလိပ်ဘုရင်ခံ၏ လက်ထဲတွင်သာရှိသဖြင့် ဘုရင်ခံသာ အာဏာအရှိဆုံးဖြစ်သည်။

### ၉၁ ဌာနအုပ်ချုပ်ရေး (၁၉၃၇ – ၁၉၄၂)

ဒိုင်အာခီအုပ်ချုပ်ရေးဟု ၁၉၂၃ တွင် စတင်ခဲ့သော်လည်း အုပ်ချုပ်ရေး တိုးတက်တောင်းဆိုမှုများ ပေါ်ပေါက်လာပြန်သည့်အတွက် အင်္ဂလိပ်နယ်ချဲ့သည် မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်ပြီး အုပ်ချုပ်ရေး အသစ်တစ်ခုပေးရန် စီစဉ်ကြရပြန်သည်။ အင်္ဂလိပ်နယ်ချဲ့သည် ၁၉၃၅ မြန်မာနိုင်ငံ အက်ဥပဒေအရ အိန္ဒိယ မှ မြန်မာနိုင်ငံကိုခွဲထုတ်၍ ၉၁ ဌာနအုပ်ချုပ်ရေးသစ်ကို ပေးအပ်ခဲ့သည်။ အုပ်ချုပ်ရေးဌာနပေါင်း ၉၈ ဌာန အနက် ၉၁ ဌာနကို မြန်မာတို့ရွေးကောက်သော အမတ်များက အုပ်ချုပ်ခွင့်ရသဖြင့် ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်ဆိုခြင်းဖြစ်သည်။ ယင်းအုပ်ချုပ်ရေးကို ၁၉၃၇၊ ဧပြီ ၁ တွင် စတင်အကောင်အထည် ဖော်ခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေးတွင် အထွတ်အထိပ်သည် ဘုရင်ခံဖြစ်သည်။ ဘုရင်ခံသည် အိန္ဒိယဘုရင်ခံ ချုပ်၏ လက်အောက်ခံ မဟုတ်တော့ဘဲ အင်္ဂလိပ်ပါလီမန်လက်အောက်ရှိ အိန္ဒိယနှင့် မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်၏ လက်အောက်တွင်ရှိသည်။ ဒိုင်အာခီအုပ်ချုပ်ရေးတွင် ဘုရင်ခံများသည် အိုင်စီအက်များသာ ဖြစ်သော်လည်း ၉၁ ဌာနအုပ်ချုပ်ရေးတွင်မူ ဘုရင်ခံများသည် အင်္ဂလန်နိုင်ငံမှ နိုင်ငံရေးသမားများသာဖြစ် လာခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေးအရ ဘုရင်ခံ၏လက်အောက်တွင် ဥပဒေပြုလွှတ်တော် (Parliament) နှင့် ဝန်ကြီးအဖွဲ့ (Cabinet) တို့ရှိသည်။ ဥပဒေပြုလွှတ်တော်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ အောက်လွှတ်တော်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး ပြည်သူတို့ကရွေးကောက် လိုက်သောအမတ် ၁၃၂ ဦး ပါဝင်သည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ၇ နှစ် ဖြစ်ပြီး ဘုရင်ခံရွေးချယ်

သော အမတ် ၁၈ ဦး၊ အောက်လွှတ်တော်မှ ရွေးချယ်စေလွှတ်သောအမတ် ၁၈ ဦး အမတ် စုစုပေါင်း ၃၆ ဦးပါဝင်သည်။ ဝန်ကြီးအဖွဲ့တွင် ဘုရင်ခံဦးဆောင်သောဝန်ကြီး ၁၀ ဦး ပါသော ဝန်ကြီးအဖွဲ့ရှိသည်။ ဘုရင်ခံက ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ဘဏ္ဍာရေး စသည့် အရေးပါသော ၇ ဌာနကို ချုပ်ကိုင်သည်။ ၉၁ ဌာန အုပ်ချုပ်ရေးသည် ဒိုင်အာခီထက် ဝန်ကြီးအဖွဲ့ဦးရေနှင့် အမတ်ဦးရေ ပိုမိုများပြားလာသဖြင့် တိုင်းသူပြည်သားတို့ကို အုပ်ချုပ်ရေးအာဏာ ပိုမိုပေးအပ်ထားသည်ဟု ဆိုသော်လည်း ဘုရင်ခံ၏လက်ထဲတွင် ဗီတိုအာဏာရှိသဖြင့် စင်စစ်ဘုရင်ခံသာလျှင် အာဏာပိုင်ဖြစ်သည်။

ဘုရင်ခံသည် လွှတ်တော်နှစ်ရပ်၏ ဆုံးဖြတ်ချက်မှန်သမျှကို ဗီတိုအာဏာဖြင့် ပယ်ချခြင်း၊ လွှတ်တော်ကိုရုပ်သိမ်းခြင်း၊ ဝန်ကြီးအဖွဲ့ကို ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်နိုင်သည်။ ထို့ကြောင့် အောက်လွှတ်တော်၊ အထက်လွှတ်တော်နှင့် ဝန်ကြီးအဖွဲ့တို့ရှိသည် မှန်သော်လည်း ၎င်းတို့မှာ ဟန်ပြမျှသာဖြစ်ပြီး အချုပ်အခြာ အာဏာမှာ ဘုရင်ခံနှင့်အင်္ဂလိပ် အစိုးရအရာရှိကြီးများ၏ လက်ထဲ၌သာရှိပေသည်။

**စစ်ပြီးခေတ်အင်္ဂလိပ်အုပ်ချုပ်ရေး**

၁၉၄၅ တွင် ဂျပန်တို့မြန်မာ့မြေမှ ပြန်လည်ထွက်ခွာသွားရပြီးနောက် အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာပြီး စစ်အုပ်ချုပ်ရေးဖြင့် စတင်အုပ်ချုပ်ခဲ့သည်။ ၁၉၄၅ မေတွင် အင်္ဂလိပ်တို့သည် စက္ကူဖြူစာတမ်းကို ကြေညာလိုက်သည်။ ကြေညာထားသော ဆင်းမလားစက္ကူဖြူ စီမံကိန်းအရ စစ်ပြီးခေတ် အုပ်ချုပ်ရေးသည် စစ်မဖြစ်မီကရရှိခဲ့သော အုပ်ချုပ်ရေးထက် များစွာနိမ့်ကျနေပြီး ခေတ်နောက်ပြန်ဆွဲသည့် အုပ်ချုပ်ရေးဖြစ်သည်။

ထို့ကြောင့် ဖဆပလအဖွဲ့ချုပ်မှ နေသူရိန်အစည်းအဝေးကို ခေါ်ယူ၍ စစ်အုပ်ချုပ်ရေးနှင့် စက္ကူဖြူစီမံကိန်းကို အပြင်းအထန် ကန့်ကွက်ခဲ့သည်။ သို့ရာတွင် ဆင်းမလားရောက် မြန်မာနိုင်ငံစစ်ပြေးအစိုးရ ဘုရင်ခံဆာဒေါ်မန်စမစ် ပြန်လည်ရောက်ရှိလာပြီး စစ်အုပ်ချုပ်ရေးကိုရုပ်ကာ မြို့ပြအုပ်ချုပ်ရေးဖြင့် စတင်အုပ်ချုပ်ခဲ့သည်။

ဘုရင်ခံနှင့်ဖဆပလ သဘောကွဲလွဲသဖြင့် ဖဆပလမပါဘဲ အမှုဆောင်ကောင်စီကို ဘုရင်ခံက ဖွဲ့လိုက်သည်။ ဤတွင် အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာပြီး အုပ်ချုပ်ရေး ယန္တရားရပ်လုမတတ် ဖြစ်သွားသည်။ ဘုရင်ခံအသစ် ဆာဟူးဘတ်ရန့်စ် လက်ထက်တွင်မူ ဖဆပလနှင့်ညှိနှိုင်း၍ အဆင်ပြေသွားရာ အမှုဆောင်ကောင်စီသစ်တွင် ဖဆပလကိုယ်စားလှယ်များ ပါဝင်လာတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း အမှုဆောင်ကောင်စီတွင် ဝန်ကြီးချုပ်ရာထူးဖြစ်သော ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ ဤကဲ့သို့ ယာယီအစိုးရ ဖွဲ့ပြီးနောက်တွင် ဘုရင်ခံသည် မည်သည့်ကိစ္စတွင်မဆို ယာယီအစိုးရ ဝန်ကြီးအဖွဲ့၏ သဘောတူညီမှုရမှသာလျှင် ဆောင်ရွက်ရတော့သည်။

**အင်္ဂလိပ်ခေတ်စီးပွားရေး**

ကိုလိုနီခေတ် စီးပွားရေးမှာ အရင်းရှင်စီးပွားရေးသာ ဖြစ်သည်။ အရင်းရှင် စီးပွားရေးစနစ်ဟု ဆိုသော်လည်း ဥရောပမှာကဲ့သို့ မြေရှင်ပဒေသရာဇ်စနစ်မှ တဖြည်းဖြည်း ပြောင်းလဲပေါ်ပေါက် လာရသော အရင်းရှင်စီးပွားရေးမျိုး မဟုတ်ပေ။ နယ်ချဲ့အင်္ဂလိပ်တို့က ယူဆောင်သွတ်သွင်းလာ၍သာ ရောက်ရှိကျင့်သုံး ရသည့် အရင်းရှင်စီးပွားရေးဖြစ်သည်။ သို့ဖြစ်၍ တိုင်းရင်းသားအရင်းရှင်မှာ အလွန်နည်းပါးသည်။ နယ်ချဲ့ အရင်းရှင်နှင့် လက်ဝေခံအရင်းရှင်တို့သာများသည်။

ကြီးကျယ်သော စီးပွားရေးလုပ်ငန်းမှန်သမျှကို အင်္ဂလိပ်အရင်းရှင်အစိုးရနှင့် နိုင်ငံခြားသား အရင်း ရှင်တို့ကသာ ပိုင်ဆိုင်ပေသည်။ နိုင်ငံခြားသားအရင်းရှင်တို့သည် အရင်းရှင်အစိုးရ၏ အကူအညီကို အဘက် ဘက်မှရသဖြင့် စီးပွားရေးလုပ်ငန်းများကို စိတ်တိုင်းကျ ခြယ်လှယ်ချုပ်ကိုင်ထားသည်။ ထိုသူတို့၏ နောက် တော်ပါ နိုင်ငံခြားသားတရုတ်နှင့် အိန္ဒိယတိုင်းရင်းသားအရင်းရှင်တို့သည် စီးပွားရေးလုပ်ငန်းငယ်များကို ပိုင်ဆိုင်ခြယ်လှယ်ခွင့် ရကြသည်။ တိုင်းရင်းသားအများစုမှာမူ သွေးစုပ်ခံ ခြယ်လှယ်ခံ ဘဝ၌သာရှိသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ ဆန်စပါးဖြစ်သည်။ အင်္ဂလိပ်တို့အာရုံထားသော လုပ်ငန်းမှာ လည်း ဆန်စပါးလုပ်ငန်းသာဖြစ်ရာ ထိုလုပ်ငန်းကို နိုင်ငံခြားသားတို့ကသာ ချုပ်ကိုင်ထားသည်။ ၁၈၆၉ တွင် စူးအက်တူးမြောင်း (Suez Canal) ဖွင့်ပြီးနောက် ဆန်စပါးအရောင်းအဝယ် ပို၍တိုးတက်လာသည်။ စပါး အနုတ်အသိမ်းများသည်နှင့်အမျှ စပါးဈေးကောင်းလာသည်။ ထို့ကြောင့် စိုက်ပျိုးဧကလည်း တိုးလာသည်။ လယ်ယာစိုက်ပျိုးသည့် ဧကမှာ ၁၈၉၀ မှ ၁၉၃၅ အတွင်း သုံးဆမျှ တိုးချဲ့စိုက်ပျိုးနိုင်လာသည်။ အထူးသဖြင့် ဧရာဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ဝကျွန်းပေါ်ဒေသများတွင် အများအပြား တိုးချဲ့စိုက်ပျိုးခဲ့သည်။ နိုင်ငံ ခြားသို့ တင်ပို့ရောင်းချသော ဆန်စပါးတန်ချိန်သည် နှစ်စဉ်တိုးတက်ခဲ့သည်။ ဤကဲ့သို့ ဆန်စပါးစိုက်ပျိုးရေး လုပ်ငန်းတွင် တိုးတက်ခဲ့သော်လည်း အကျိုးအမြတ်ကိုမူ လယ်သမားတို့မခံစားရဘဲ နိုင်ငံခြားသား အရင်းရှင် တို့ကသာ အများဆုံးခံစားခဲ့ကြသည်။

ကိုလိုနီခေတ်တွင် ဆန်စပါးလုပ်ငန်းအပြင် အခြားသောစီးပွားရေးလုပ်ငန်းများလည်း တိုးတက်ခဲ့ သည်။ အရင်းရှင်ကုမ္ပဏီကြီးများက နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သည့် ရေနံတန်ဖိုးသည် ၁၉၀၄ တွင် သိန်း ၂၀၀ ကျော်မှ ၁၉၁၄ တွင် သိန်း ၅၀၀ ကျော် ထိလည်းကောင်း၊ သတ္တုတန်ဖိုးသည် ၃ သိန်းကျော်မှ ၁၉၁၄ တွင် ၅၆ သိန်းထိလည်းကောင်း၊ သစ်တောထွက်ပစ္စည်းတန်ဖိုးသည် ၁၉၀၄ တွင် သိန်း ၁၆၀ ကျော်မှ ၁၉၁၄ တွင် သိန်း ၂၀၀ ကျော်ထိလည်းကောင်း၊ ကြက်ပေါင်စေးကုန်ကြမ်းကို ၁၉၁၄ တွင် ၁၆ သိန်းကျော်ဖိုး အထိလည်းကောင်း ထုတ်လုပ်ရောင်းချ နိုင်သည်အထိ တိုးတက်ခဲ့သည်။ ထိုကဲ့သို့ တိုးတက်ခဲ့သည့်အတွက် လက်ဝါးကြီးအုပ်ထားသော အရင်းရှင်တို့အဖို့ ပိုမိုအကျိုးအမြတ်ရှိလာကာ ငွေရင်းပိုမို စိုက်ထုတ်လာကြ ပြန်သည်။

စိုက်ပျိုးရေးအတွက် လိုအပ်သောငွေရင်းကို လယ်သမားတို့အား ထုတ်ချေးရသည့် ချစ်တီးတို့၏ ဘဏ်လုပ်ငန်းလည်း စတင်လာသည်။ ချစ်တီးတို့၏ ငွေချေးစနစ်ကြောင့် တိုင်းရင်းသားလယ်သမားတို့

လယ်ယာများ တဖြည်းဖြည်း လက်လွှတ်ကာ ချစ်တီးပိုင် လယ်ဧကတိုးပွားလာသည်။

အရင်းရှင်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေရန် လမ်းပန်းဆက်သွယ်မှုများ တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန် မော်တော်ကားလမ်းများ ဖောက်လုပ်ခဲ့ရာ ၁၉၁၇ တွင် ကျောက်ခင်းလမ်း မိုင် ၂၀၀၀ အထိ ရှိလာသည်။ ၁၈၇၇ တွင် ရန်ကုန်ပြည် မီးရထားလမ်းကို ဖောက်လုပ်ခဲ့သည်။ ၁၈၈၉ တွင် ရန်ကုန်-မန္တလေးရထားလမ်းကို ဖောက်လုပ်ပြီး ၁၈၉၉ တွင် မြစ်ကြီးနားအထိ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ရေကြောင်းသယ်ယူ ပို့ဆောင်ရေးတွင် ဧရာဝတီ ဖလော်တီလာ ကုမ္ပဏီ (Ayeyar-waddy Flotilla Company) က သင်္ဘော ၆၀၀ ခန့်ဖြင့် လည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် အာရ်ကန်ဖလော်တီလာ ကုမ္ပဏီက (Arkan Flotilla Company) လည်းကောင်း ပြေးဆွဲခဲ့သည်။ ယင်းလုပ်ငန်းများကို နိုင်ငံခြားသား အရင်းရှင်များက ပိုင်ဆိုင်ခြယ်လှယ်ခဲ့ကြသည်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ ကိုလိုနီစီးပွားရေး အခြေအနေသည် ပဒေသရာဇ်ခေတ်ကထက်များစွာတိုးတက်လာခဲ့သည်။ သို့သော် တိုင်းရင်းသားတို့မှာ ထိုစီးပွားရေးတိုးတက်မှု၏ အကျိုးအမြတ်များကို မခံစားရဘဲ နိုင်ငံခြားသားအရင်းရှင်များ၏ အခြယ်အလှယ်ခံ၊ ခေါင်းပုံဖြတ်ခံ ဘဝဖြင့် လုံးပါးပါးခဲ့ရသည်။

**ဂျပန်ခေတ်အုပ်ချုပ်ရေး**

ဂျပန်တို့သည် ၁၉၄၂ မတ်တွင် ရန်ကုန်ကို အင်္ဂလိပ်လက်မှ သိမ်းပိုက်ပြီးနောက် ငြိမ်ဝပ်ပိပြားရေးကော်မတီခေါ် အုပ်ချုပ်ရေးအဖွဲ့များကို သခင်ထွန်းအုပ်အား ဦးစီးစေလျက် မြို့အသီးသီး၌ဖွဲ့သည်။ မြန်မာတစ်နိုင်ငံလုံး ဂျပန်လက်ကဲသို့ ကျရောက်သွားသည့် အချိန်တွင်မူ ဂျပန်တို့သည် ဒေါက်တာဘမော်အား ယာယီအစိုးရ ဖွဲ့စေသည်။ သို့ရာတွင် အုပ်ချုပ်ရေးအဆင့်ဆင့်၌ ဂျပန်အကြံပေး အရာရှိများကို တွဲဖက်ထားသည်။

၁၉၄၃ ဩဂုတ်တွင် ဂျပန်တို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးပြီး ဒေါက်တာဘမော်ကို အုပ်ချုပ်ရေး၏ အကြီးအကဲ အဓိပတိခန့်ခဲ့သည်။ အဓိပတိသည်ပင်လျှင် ဝန်ကြီးချုပ်အဖြစ်လည်း ဆောင်ရွက်ရသည်။ အဓိပတိက ဝန်ကြီးများကိုခန့်အပ်သည်။ အစိုးရအဖွဲ့၏မူဝါဒမှာ တစ်သွေးတစ်သံ တစ်မိန့်ဖြစ်သည်။ ဝန်ကြီးအဖွဲ့အပြင် အဓိပတိကခန့်ထားသည့် အမတ်များပါဝင်သော အတိုင်ပင်ခံ လွှတ်တော်တစ်ခုရှိသည်။ သို့ရာတွင် မည်ကဲ့သို့ပင် အကြံပေးအဖွဲ့များရှိစေကာမူ ဒေါက်တာဘမော် ဦးဆောင်သည့် အစိုးရသည် ဂျပန်စစ်အာဏာပိုင်များ စေခိုင်းသမျှကိုသာ ပြုလုပ်ရသည့် အစိုးရအဖွဲ့သာဖြစ်ပေသည်။ တိုင်းတစ်တိုင်းစီတွင် တိုင်းမင်းကြီးတစ်ဦးစီကို ခန့်ထားသည်။ ခရိုင်တွင်မူ ခရိုင်ဝန်က တာဝန်ယူရသည်။ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ပါဝင်သည့် ကမ္ဘောဇတိုင်းကိုမူ ဝန်ကြီးချုပ် လက်အောက်တွင်ထားပြီး အုပ်ချုပ်သည်။ ဂျပန်ခေတ်အုပ်ချုပ်ရေး၏ ထူးခြားချက်တစ်ခုမှာ မြန်မာဘာသာကို ရုံးသုံးဘာသာအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ပေသည်။

**ဂျပန်ခေတ်စီးပွားရေး**

ဂျပန်တို့သည် မြန်မာပြည်သူတို့ အလိုရှိသော ပစ္စည်းများကို တင်ပို့နိုင်ခြင်း မရှိသည့်အပြင် ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် သင်္ဘောများလည်း လုံလောက်စွာ မရှိချေ။ မြန်မာနိုင်ငံမှ ဆန်စပါး၊ ကျွန်းသစ်၊ ဝါဂွမ်းမှအစ သံတိုသံစနှင့် မော်တော်ကား အဟောင်းအပျက်များကိုပါ ဂျပန်နိုင်ငံသို့ သယ်ဆောင်သွားခဲ့ကြသည်။

ဂျပန်ဘဏ်တို့က အာမခံလုံးဝမရှိသော ငွေစက္ကူတို့ကို အကန့်အသတ်မရှိ ထုတ်ဝေကာ မြန်မာ့စီးပွားရေးကို ဖျက်ဆီးခဲ့သည်။ တန်ဖိုးမရှိသော ဂျပန်ငွေစက္ကူများဖြင့် ဆန်စပါး၊ ကောက်ပဲသီးနှံတို့ကို ဝယ်ယူကာ အချို့ကို အတင်းအဓမ္မအလကား ယူဆောင်သွားခဲ့သည်။ ဂျပန်ခေတ် မြန်မာနိုင်ငံ၏ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို မစ်ဆူအီ (Mitsui)၊ မစ်ဆူဘီရှိ (Mitsubishi) စသော ဂျပန် ကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ် ခြယ်လှယ်ခဲ့ကြသည်။

ဂျပန်ခေတ်တွင် ပြည်သူတို့မှာ အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါး ရှားပါးမှုဒဏ်ကို ပြင်းထန်စွာခံစားကြရသည်။ ဆန်ရှားသော ဒေသများတွင် ဆန်အစား ပဲဆန်၊ ပြောင်းဖူး၊ ပိန်းဥ စသည်တို့ကို စားခဲ့ရသည်။ အဝတ်အထည်ရှားပါးလှ၍ ဂုန်နီအိတ်အဟောင်းများကိုပင် ဝတ်ခဲ့ကြရသည်။ ဂျပန်ခေတ်တွင် အဝတ်အထည် ရှားပါးမှုပြဿနာသည် အစားအသောက်ပြဿနာထက် ပိုမိုဆိုးရွားခဲ့သည်။ မြန်မာနိုင်ငံမှ ထွက်သမျှ ဝါဂွမ်းများကိုသာမက အထည်အဟောင်းများကိုပင် ဂျပန်တို့က ဝယ်ယူခဲ့ကြသည်။ ဤသို့ဖြင့် ဂျပန်ခေတ် မြန်မာနိုင်ငံစီးပွားရေးမှာ လွန်စွာဆုတ်ယုတ်ပျက်ပြားခဲ့ရသည်။

## လေ့ကျင့်ခန်းများ

၁။ တတိယအင်္ဂလိပ်မြန်မာစစ်ပွဲအပြီး နယ်ချဲ့တို့အား တိုင်းရင်းသားတို့ လက်နက်စွဲကိုင်တော်လှန်ခဲ့ကြပုံကို ဖြေဆိုပါ။

၂။ YMBA အသင်း၏ ဆောင်ရွက်ချက်များကို တင်ပြပါ။

၃။ တို့ဗမာအစည်းအရုံးပေါ်ပေါက်လာပုံနှင့် ဆောင်ရွက်ချက်များကို ရေးပါ။

၄။ အောက်ပါတို့ကို မှတ်ချက်ရေးပါ။

(က) ချောက်ရေနံမြေသပိတ်

(ခ) ဗမာ့ထွက်ရပ်ဂိုဏ်း

၅။ မြန်မာ့လွတ်လပ်ရေးအတွက် ရဲဘော်သုံးကျိပ်၏ ကြိုးပမ်းချက်ကို ဖော်ပြပါ။

၆။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဖန်တီးပေးလာသောအခြေအနေများကို ဖော်ပြပါ။

၇။ ဖက်ဆစ်ဂျပန်တော်လှန်ရေး၏ အခြေခံသဘောထားနှင့်အစီအမံများကို ရှင်းပြပါ။

၈။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဖတပလအဖွဲ့ကြီးမှဦးဆောင်၍ လွတ်လပ်ရေးအတွက် ကြိုး ပမ်းပုံကို ဖြေဆိုပါ။

၉။ ဖဆပလအဖွဲ့ကြီးမှ ဦးဆောင်၍ လွတ်လပ်ရေးအရယူနိုင်ခဲ့ပုံကို ရှင်းပါ။

၁၀။ ဒိုင်အာခီအုပ်ချုပ်ရေးအကြောင်းကို ရှင်းပြပါ။

၁၁။ ကိုလိုနီခေတ်စီးပွားရေးသည် အရင်းရှင်စနစ်ကိုသာ အကျိုးပြုကြောင်း ရှင်းပြပါ။

## ၈။ လွတ်လပ်ပြီးခေတ်

### (၁) ဖဆပလအစိုးရ (၁၉၄၈ – ၁၉၅၈)
### ပြည်တွင်းဆူပူသောင်းကျန်းမှုများ

မြန်မာနိုင်ငံသည် ၁၉၄၈၊ ဇန်နဝါရီ ၄ မှစ၍ လွတ်လပ်သောနိုင်ငံဖြစ်လာ၏။ ထို့အချိန်မှစ၍ ဖဆပလအဖွဲ့က ဦးဆောင်သော အစိုးရအဖွဲ့များ အုပ်ချုပ်ခဲ့ရာ ၁၉၅၈ အထိဖြစ်၏။ ထို့ကြောင့် ဤ ကာလကို ဖဆပလခေတ်ဟုခေါ်ကြသည်။

ဖဆပလအစိုးရလက်ထက်တွင် ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်၊ ကေအင်ဒီအို၊ အမ်အင်ဒီအို၊ တပ်မတော်မှတောခိုသူများ စသည်တို့ ဆူပူသောင်းကျန်းကြ၏။ ရှေးဦးဆုံး ပုန်ကန်သောင်းကျန်းသူများမှာ ကွန်မြူနစ်များဖြစ်ကြ၏။ ၁၉၄၆ မတ်တွင် ပြည်သူ့စစ်ဆင်နွဲ၍ လက်နက်ကိုင်တိုက်ပွဲဖြင့် လွတ်လပ်ရေးကိုရယူလိုသော သခင်စိုးဦးဆောင်သည့် ကွန်မြူနစ်အုပ်စုနှင့် ဖဆပလအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက် လွတ်လပ်ရေးကိုရယူလိုသော သခင်သန်းထွန်း ဦးဆောင်သည့် ကွန်မြူနစ်အုပ်စုဟူ၍ ကွဲသွားကြ၏။ ဤသို့ဖြင့် အလံနီကွန်မြူနစ်ဟု အများကခေါ်သော သခင်စိုးဦးဆောင်သည့် ကွန်မြူနစ်ပါတီ (ဗမာပြည်)နှင့် အလံဖြူကွန်မြူနစ်ဟုခေါ်ကြသော သခင်သန်းထွန်းဦးဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ ဖြစ်ပေါ်လာကြသည်။ အလံနီကွန်မြူနစ်များက ၁၉၄၆ တွင်တောခိုကာ ပထမဆုံး ဆူပူသောင်းကျန်းကြ၏။ အလံဖြူ ကွန်မြူနစ်များက ၁၉၄၈ မတ်တွင် ပုန်ကန်ထကြွကြ၏။

ပြည်သူ့ရဲဘော် အဖွဲ့အတွင်းမှာလည်း သဘောကွဲလွဲမှုများ ပေါ်ပေါက်လာသည်။ ၎င်းအဖွဲ့သည် ရန်ကုန်တွင် ဌာနချုပ်ထားရှိပြီး မြို့တိုင်းတွင် အဖွဲ့ခွဲများဖွဲ့စည်းထားသော လက်နက်ကိုင်တပ်ဖြစ်၏။ ၁၉၄၈ ဖေဖော်ဝါရီတွင် ပြည်သူ့ရဲဘော်အဖွဲ့သည် ရဲဘော်ဖြူ ရဲဘော်ဝါဟူ၍ နှစ်ခြမ်းကွဲသွားလေသည်။ ရဲဘော်ဝါများက ဝန်ကြီးချုပ်ဦးနု အဆိုပြုသော လက်ဝဲညီညွတ်ရေးမူ (၁၅) ချက် အနက် (၁၄) ချက်ကို လက်ခံကြသော်လည်း ရဲဘော်ဖြူတို့က တောခိုနေသူ ကွန်မြူနစ်များကို ဖိတ်ခေါ်စေ့စပ်ရန်ပြောဆိုပြီး သခင်နု၏ လက်ဝဲညီညွတ်ရေးမူကို ငြင်းဆန်ကြသည်။ ရဲဘော်ဖြူများကို ဗိုလ်လရောင်နှင့် ဗိုလ်ဖိုးကွန်းတို့ ဦးဆောင်ပြီး ရဲဘော်ဝါများကို ဗိုလ်မှူးအောင်နှင့် ဗိုလ်စိန်မှန်တို့က ဦးဆောင်ကြ၏။ ရဲဘော်ဖြူများသည် ၁၉၄၈၊ ဇူလိုင် ၂၉ တွင်ပုန်ကန်ကြ၏။ ရဲဘော်ဖြူများပုန်ကန်ပြီး နှစ်ပတ်မျှအကြာတွင် တပ်မတော်မှတပ်သားအချို့ တောခိုကြ၏။

ထို့နောက်တွင် ကရင်အချို့၏ သောင်းကျန်းမှု စတင်လာပြန်၏။ စောဘဦးကြီးနှင့် ကရင်အများစုကမူ ကရင်အမျိုးသားယူနီယံ (K.N.U = Karen National Union) ကို ဖွဲ့စည်းပြီး ဖဆပလမှ ခွဲထွက်ကြ၏။ ဝန်ကြီးချုပ်ဦးနုက ပေးထားသောကတိအတိုင်း ကရင်အမျိုးသားဖြစ်သော ဗိုလ်ချုပ်စမစ်ဒွန်း (Smith Dun) ကို စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ သို့သော် ကေအင်ယူကမကျေနပ်ဘဲ ကေအင်ဒီအို (K.N.D.O) ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (K.N.D.O = Karen National Defence Organization)

ဟူသော လက်နက်ကိုင်တပ်ဖွဲ့ကို ဖွဲ့စည်း၏။ သီးခြားကရင်ပြည်နယ် တည်ထောင်ပေးရန် တောင်းဆိုလာကြသည်။ ပြည်သူ့ရဲဘော်များ တောခိုချိန်တွင် ကေအင်ဒီအိုများလည်း စတင်လှုပ်ရှားလာကြပြီး ၁၉၄၈ ဇူလိုင်တွင် သောင်းကျန်းမှုစတင်ကြ၏။ အစိုးရမှာ လက်ရှိအခြေအနေများအရ ဗိုလ်ချုပ်စမစ်ဒွန်း၏နေရာတွင် ဗိုလ်ချုပ်နေဝင်းကို အစားထိုးခန့်ထားလိုက်ရ၏။ ဝန်ကြီးအဖွဲ့ဝင် ကရင်ဝန်ကြီးနှစ်ဦးလည်း ရာထူးမှ နုတ်ထွက်သွားကြ၏။ ကရင်သောင်းကျန်းသူများသည် ရှေ့ဦးပိုင်းတွင် အောင်မြင်မှုရရှိပြီး မေမြို့၊ မန္တလေး၊ တောင်ငူ၊ အင်းစိန် စသောမြို့များကို သိမ်းယူနိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းမြို့များကို ပြန်လည်လက်လွှတ် ခဲ့ရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင်လည်း အမ်အင်ဒီအို (M.N.D.O) မွန်အမျိုးသား ကာကွယ်ရေးအဖွဲ့ (M.N.D.O = Mon National Defence Organization) ဟူ၍ ပေါ်ပေါက်ဆူပူကြ၏။ ပအိုဝ်း တိုင်းရင်းသားအချို့လည်း ဆူပူသောင်းကျန်းမှုများတွင် ပါဝင်ကြသေးသည်။ ရခိုင်တိုင်းတွင် မူဂျာဟစ်ခေါ် သူပုန်များ ထကြွကြ၏။

သောင်းကျန်းသူတို့ကို စုပေါင်း၍ ရောင်စုံသူပုန်ဟုခေါ်ကြသည်။ သို့သော်၎င်းတို့မှာ တစ်သီးတခြားစီ ဆူပူပုန်ကန်နေကြခြင်းဖြစ်၍ အင်အားစုတစ်ခုအဖြစ် မစုစည်းမိကြပေ။ နောက်ဆုံးတွင် ရောင်စုံသူပုန်တို့သည် အစိုးရ၏နှိမ်နင်းခြင်းကို ခံကြရသည်။

**တရုတ်ဖြူကျူးကျော်မှု**

ပြည်ပမှကူမင်တန် (K.M.T = Kuomintang) ကျူးကျော်မှု အန္တရာယ်လည်းရှိခဲ့သည်။ ၎င်းကူမင်တန်တို့ကို တရုတ်ဖြူဟူ၍လည်းခေါ်ကြ၏။ ၁၉၄၉ တရုတ်နိုင်ငံတွင် ကွန်မြူနစ်များ အာဏာရရှိကြပြီး ပြိုင်ဘက်ဖြစ်သော ကူမင်တန်အစိုးရသည် တိုင်ဝမ်ကျွန်းသို့ တိမ်းရှောင်ထွက်ပြေးရသည်။ ယူနန်နယ်ရှိ ကူမင်တန်တပ်များလည်း ၁၉၅၀ တွင် မြန်မာ့နယ်မြေတွင်းသို့ ကျူးကျော်ဝင်ရောက်လာ၏။ ကူမင်တန်ကျူးကျော်မှုသည်မြန်မာနိုင်ငံအတွက်ပြဿနာတစ်ရပ်ဖြစ်ခဲ့၏။ကူမင်တန်တပ်သား တစ်သောင်းခုနစ်ထောင်မျှ ကျိုင်းတုံနယ်ကို ဝင်ရောက်လျက် ပြည်သူများကို ညှဉ်းပန်းမှုများ ပြုလုပ်ကြ၏။ ၁၉၅၀၊ မေ ၂၅ တွင် နယ်စပ်ဒေသရှိ ကျူကုတ်မြို့ကို တိုက်ခိုက်ကြ၏။ မြန်မာအစိုးရက လက်နက်ချအဖမ်းခံရန် သို့မဟုတ် တိုင်ဝမ်ကျွန်းသို့ ပို့ပေးခြင်းကို လက်ခံရန် ရာဇသံပေးရာ လက်မခံဘဲ ဆက်လက်တိုက်ခိုက်ကြ၏။ ၁၉၅၀ - ၅၁ တွင် ကူမင်တန်များ ပို၍ပင်များပြားလာသည်။ ထို့ကြောင့် မြန်မာအစိုးရက ၁၉၅၂ ဇန်နဝါရီတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ကူမင်တန်ကျူးကျော်မှု ပြဿနာကိုတင်ပြသည်။ ကျူးကျော်မှုကို ကြည့်မနေပါဟု ကုလသမဂ္ဂက ကတိပြုသော်လည်း ပြဿနာမှာ ပို၍ဆိုးရွားလာသည်။ မြန်မာအစိုးရက ၁၉၅၃ ဧပြီတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ကူမင်တန်ကျူးကျော်မှုကို ရှုတ်ချ၍ ကျူးကျော်မှုကိုရပ်စဲရန် အဆိုကို တင်သွင်းပြန်သည်။ အမေရိကန်အစိုးရက အတိုက်အခံပြုသောကြောင့် ကူမင်တန်ဟုအမည်မတပ်ဘဲ နိုင်ငံခြားမှ လက်နက်ကိုင်တပ်များဟုသာ အမည်တပ်ခဲ့ရ၏။ ဗမာ့တပ်မတော်က ကျူးကျော်သူကူမင်တန်များကို

ထိုးစစ်ဆင်ခဲ့သည်။ ၁၉၅၃ စက်တင်ဘာမှစ၍ မြန်မာနိုင်ငံရှိ တပ်များကို ရုပ်သိမ်းသွားခဲ့ရာ ၁၉၅၆ တွင် မြန်မာနိုင်ငံတွင်း၌ ကူမင်တန် သုံးထောင်မျှသာ ကျန်ရှိတော့သည်။

**ဖဆပလပြိုကွဲခြင်း**

လွတ်လပ်ပြီးစတွင် ဖဆပလအဖွဲ့သည် အင်အားအကောင်းဆုံး အဖွဲ့အစည်းအဖြစ် အစိုးရအဖွဲ့ အစည်းကို ဖွဲ့စည်းနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခေါင်းဆောင်များအတွင်း၌ သဘောကွဲလွဲမှုများပေါ် ပေါက်လာ၏။ ဖဆပလ၏ ရုတ်ခြည်းသဘောကွဲလွဲမှုမှာ မူဝါဒရေးရာကြောင့် မဟုတ်ဘဲ ဖဆပလအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ခန့်အပ်ရေးကြောင့်ဖြစ်၏။ ယခင်က ကိုယ်ရေးကိုယ်တာ ကိစ္စများ၊ အဖွဲ့ ဖွဲ့စည်း ရေးကိစ္စများနှင့်ပတ်သက်၍ မပြေလည်မှုများရှိခဲ့ရာ အထွေထွေအတွင်းရေးမှူး ခန့်အပ်ရေးပြဿနာသည် ၁၉၅၈ ဧပြီတွင် ဖဆပလအဖွဲ့ကို အတိအလင်း အုပ်စုနှစ်စုကွဲသွားစေ၏။ ဦးနုနှင့် သခင်တင်တို့ ဦးဆောင် သော အုပ်စုကို "နုတင်" အုပ်စုဟူ၍လည်းကောင်း၊ သန့်ရှင်းဖဆပလ ဟူ၍လည်းကောင်းခေါ်၍ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်သောအုပ်စုကို "ဆွေငြိမ်း" အုပ်စုဟူ၍လည်းကောင်း၊ တည်မြဲဖဆပလဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။ အစိုးရအဖွဲ့ကို ကြိုးကိုင်နိုင်ရန် ဦးဗဆွေခေါင်းဆောင်သော ဆွေငြိမ်းအုပ်စု (တည်မြဲဖဆပလ)နှင့် ဦးနု ခေါင်းဆောင်သော နုတင် အုပ်စု (သန့်ရှင်းဖဆပလ) တို့သည် အပြင်းအထန် ပြိုင်ဆိုင်လာကြသည်။ ၁၉၅၈ ဇွန်တွင် ဦးနု ဦးဆောင်သော အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း၊ ဆွေ ငြိမ်းအုပ်စုက ပါလီမန် အထူးအစည်းအဝေးကျင်းပပြီး အဆိုတင်သွင်းမဲခွဲရာ သန့်ရှင်းဖဆပလက အနိုင်ရရှိ ခဲ့၏။ ဦးနုက ၁၉၅၈ နိုဝင်ဘာတွင် ရွေးကောက်ပွဲများ ကျင်းပမည်ဟု ကြေညာလေသည်။

သန့်ရှင်း ဖဆပလအစိုးရသည် နိုင်ငံရေးလိုက်လျောမှု တစ်ရပ်အနေဖြင့် အလင်းဝင်လာသော သောင်းကျန်းသူတိုင်းအား လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အမိန့်ကို ၁၉၅၈၊ ဩဂုတ် ၁ တွင် ထုတ်ပြန်သည်။ ဩဂုတ် ၁၅ တွင် ကွန်မြူနစ်အချို့ အလင်းဝင်လာကြ၏။ ရာဇဝတ်မှုကျူးလွန်သူများပင် လွတ်ငြိမ်းချမ်းသာ ခွင့် ခံစားကြရ၏။ တောတွင်း၌ ကျန်ရှိနေသော ကွန်မြူနစ်များကလည်း အစိုးရနှင့် စေ့စပ်ဆွေးနွေးရေးလုပ်ရန် ကြိုးစားလာကြ၏။

ဝန်ကြီးချုပ်ဦးနုက နိုဝင်ဘာတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို ၁၉၅၉ ဧပြီသို့ ရွှေ့ဆိုင်း ကြောင်း၊ ၁၉၅၈၊ စက်တင်ဘာ ၂၆ တွင် မိမိရာထူးမှနုတ်ထွက်၍ ဗိုလ်ချုပ်နေဝင်းအား အုပ်ချုပ်ရေးအာဏာ လွှဲအပ်ကြောင်း ကြေညာသည်။

## (၂) အိမ်စောင့်အစိုးရ (၁၉၅၈ – ၁၉၆၀)

ဖဆပလလက်ထက်တွင် ယိုယွင်းလာသောအခြေအနေများကို ထိန်းသိမ်းရန်အတွက် ဗိုလ်ချုပ်ကြီး နေဝင်းသည် ဝန်ကြီးချုပ်ဦးနုက လွှဲပြောင်းပေးသော အာဏာများကို လက်ခံလိုက်ရ၏။ ၁၉၅၈၊ အောက်တို ဘာ ၂၈ တွင် ပါလီမန်အထူးအစည်းအဝေးပွဲကို ခေါ်ယူလျက် အိမ်စောင့်အစိုးရ ကိုဖွဲ့စည်း၏။ ၎င်းအစိုးရ

အဖွဲ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဝန်ကြီးချုပ်အဖြစ် ဦးဆောင်၍ နိုင်ငံရေးသမားမဟုတ်သော ဂုဏ်သိက္ခာရှိသည့် ပုဂ္ဂိုလ်ကြီး ၁၄ ဦးပါဝင်ကြ၏။ အိမ်စောင့်အစိုးရကို တပ်မတော်အရာရှိ ၁၅၀ ခန့်က ပါဝင်ကူညီကြသည်။ အိမ်စောင့်အစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ရာတွင် အထူးအောင်မြင်မှုရရှိ၏။ သောင်းကျန်းသူများကို ဆက်လက်နှိမ်နင်းသည်။ အလင်းဝင်လာသူများကို ပြန်လည်နေရာချထားရန် အဖွဲ့များဖွဲ့စည်းလျက် ၎င်းတို့၏ စားဝတ်နေရေး ပြေလည်စေရန် ဆောင်ရွက်ပေး၏။ ၁၉၅၈၊ နိုဝင်ဘာ ၁ တွင် ခရိုင်၊ မြို့နယ်လုံခြုံရေး ကောင်စီများဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့၏။ အိမ်စောင့်အစိုးရသည် နေထိုင်စားသောက်မှုစရိတ်များကို လျှော့ချရာတွင် ဈေးနှုန်းများ စနစ်တကျကန့်သတ်ပေးသဖြင့် အစားအစာ နှင့်အဝတ်အထည် ဈေးနှုန်းများကျဆင်းသည်။ ၁၉၅၈ တွင် သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပြည်သူများ စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သော ကြံ့ခိုင်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့၏။

အိမ်စောင့်အစိုးရသည် ရှမ်းပြည်နယ်တွင် ဒီမိုကရေစီဝါဒနှင့်ညီညွတ်သော အုပ်ချုပ်ရေးကိုဖော်ထုတ်နိုင်၏။ ၁၉၅၉ ခုတွင် စော်ဘွားများအား လျော်ကြေးပေး၍ အာဏာစွန့်စေသည်။ ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးကို ပြည်မနှင့်တူညီစေရန် ခရိုင်၊ မြို့နယ်များပြန်လည်ခွဲပြီး အုပ်ချုပ်သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းဝိသေသတိုင်းများမှာလည်း ပြည်နယ်ဆိုင်ရာ ဝန်ကြီးများခန့်အပ်လျက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုးတက်ရေး တို့အတွက် ငွေကြေးအကုန်အကျခံကာ ဆောင်ရွက်ပေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ် သတ်မှတ်သောစာချုပ်ကို ၁၉၆၀ ဇန်နဝါရီတွင် ချုပ်ဆို၏။

အိမ်စောင့်အစိုးရသည် ၁၉၅၈ အောက်တိုဘာတွင် အာဏာကို လွှဲပြောင်းယူခဲ့စဉ်က ပါလီမန်ရွေးကောက်ပွဲကို ခြောက်လအတွင်း ကျင်းပပေးနိုင်ရန် မျှော်မှန်းခဲ့သော်လည်း လက်တွေ့တွင် မဖြစ်နိုင်သဖြင့် လွှတ်တော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၆ ကို ယာယီပြင်ဆင်လိုက်ပြီး အိမ်စောင့်အစိုးရသက်တမ်းကို တိုးမြှင့်လိုက်သည်။

အိမ်စောင့်အစိုးရသည် ၁၉၆၀ ဖေဖော်ဝါရီတွင် လွတ်လပ်၍ တရားမျှတသော ပါလီမန်ရွေးကောက်ပွဲများကျင်းပပြီး အနိုင်ရလာသော သန့်ရှင်းဖဆပလကို အာဏာပြန်လည် အပ်နှင်းလိုက်သည်။

## (၃) ပထမအစိုးရ

၁၉၆၀ ဖေဖော်ဝါရီတွင် ကျင်းပသောရွေးကောက်ပွဲ၌ သန့်ရှင်းဖဆပလက အနိုင်ရ၏။ သန့်ရှင်းဖဆပလသည် ပြည်ထောင်စုပါတီဟု အမည်ပြောင်းလိုက်သဖြင့် ပါတီကဖွဲ့စည်းသော အစိုးရအဖွဲ့ကို ပြည်ထောင်စု အစိုးရဟူ၍လည်းကောင်း၊ ပထမ အစိုးရဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ၏။

၁၉၆၀ ဧပြီတွင် အိမ်စောင့်အစိုးရက အုပ်ချုပ်ရေးအာဏာများကို ပြည်ထောင်စု အစိုးရအားလွှဲပြောင်းပေး၏။ ပထမအစိုးရအဖွဲ့တွင် ဦးနုကဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်၍ ဝန်ကြီး ၁၃ ဦးသာ ခန့်ထား၏။

ဦးနုသည် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ရာတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ဖြစ်စေရမည်ဟု ကတိပေး၍ လူထု၏ ထောက်ခံအားပေးမှုကို ရယူခဲ့၏။ အာဏာရသည့်အခါတွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းပေးသည်။ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ဖွဲ့စည်းပေးမည်ဟု ကတိပေးခဲ့သောကြောင့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် တည်ထောင်ပေးရန် စီစဉ်သည်။

ပထစအစိုးရသည် နိုင်ငံရေးလမ်းစဉ်သစ်ကို ချမှတ်ခဲ့သော်လည်း ပါတီတွင်း၌ အုပ်စုကွဲမှုပေါ်လာပြန်သည်။ ပထစပေါ်ပေါက်လာချိန်မှာ သခင်တို့က သီးခြားနေကြ၏။ တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသော စစ်ဗိုလ်များက "ဗိုလ်" အုပ်စု၊ အစိုးရအရာရှိဟောင်းများနှင့် ရှေ့နေစသည်တို့က "ဦး" အုပ်စု ဟူ၍ရှိရာ သခင်တို့က အုပ်စုတစ်စု၊ "ဦး-ဗိုလ်"တို့က အုပ်စုတစ်စု ကွဲပြားလာသည်။ ပါတီတွင်း အာဏာ ရရှိရေးအတွက် အုပ်စုနှစ်စု အပြိုင်အဆိုင် ပဋိပက္ခဖြစ်လာသောကြောင့် နိုင်ငံရေးတည်ငြိမ်မှုမရှိပေ။

အိမ်စောင့်အစိုးရလက်ထက်က လျော့ပါးသွားသော သောင်းကျန်းမှုများ ပြန်လည်ပြင်းထန်လာ၏။ ၁၉၆၀ နိုဝင်ဘာတွင် ကူမင်တန်တပ်များက ကျိုင်းတုံနယ်တွင်းသို့ ဝင်ရောက်ကျူးကျော်၏။ ထိုတပ်များအား အမေရိကန်က ကူညီနေကြောင်း အထောက်အထားများကို မြန်မာအစိုးရက တွေ့ရှိသဖြင့် ကုလသမဂ္ဂသို့တိုင်ကြားသည်။

ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်သဖြင့် အခြားသော ဘာသာဝင်များကကန့်ကွက်ကြသည်။ ထို့ကြောင့် အခြားဘာသာများကိုလည်း လွတ်လပ်ခွင့်ပေးသည်။ စောင့်ရှောက် ကာကွယ်ပေးမည်ဟူ၍ ဥပဒေပြင်ဆင်ချက်တစ်ခုကို ထပ်မံတင်သွင်းရပြန်၏။

၁၉၆၁ ဇွန်တွင် ရှမ်းပဒေသရာဇ်ခေါင်းဆောင် စပ်ရွှေသိုက်နှင့် စပ်ခွန်ချိုတို့ ဦးဆောင်လျက် တိုင်းရင်းသား လူနည်းစုအစည်းအဝေးကို တောင်ကြီးမြို့၌ကျင်းပကြသည်။ ယင်းအစည်းအဝေး၌ ဖယ်ဒရယ်မူ တောင်းဆိုရာတွင် တိုင်းရင်းသားများအား ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းထား၏။ သို့သော် ချင်း၊ ကချင်၊ ကရင်ခေါင်းဆောင်များက လက်မခံကြချေ။ ပထစအစိုးရသည် ဖယ်ဒရယ်မူကို တိတိကျကျဖြေကြားခြင်း မရှိချေ။ ၁၉၆၁၊ မတ် ၁ တွင် ဖယ်ဒရယ်မူကို စဉ်းစားသည့် အစည်းအဝေးတစ်ခု ရန်ကုန်မြို့တွင်ကျင်းပသည်။ ဖယ်ဒရယ်မူကိုလက်မခံလျှင် ပြည်ထောင်စုမှ ခွဲထွက်မည်ဟု ရှမ်းစော်ဘွားဟောင်းများက အတိအလင်းကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ဗမာ့တပ်မတော်မှ တာဝန်ယူစောင့်ရှောက်လိုက်ရသည်။

## (၄) ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အထူးယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းစိမ့်သောငှာ ၁၉၆၂၊ မတ် ၂ တွင် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ ဗမာ့တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ရသည်။ ထိုအချိန်မှစ၍ ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲသည်။

၁၉၆၂၊ မတ် ၃ တွင် တော်လှန်ရေးကောင်စီသည် ပါလီမန်ကိုဖျက်သိမ်းသည်။ ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်မှုအာဏာတို့ကိုလည်း တော်လှန်ရေး ကောင်စီဥက္ကဋ္ဌအား အပ်နှင်းလိုက်သည်။ ၁၉၆၂၊ မတ် ၃၀ တွင် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်တို့ကို ဖျက်သိမ်းသည်။

ပါတီစုံစနစ်ကို ဖျက်သိမ်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ၁၉၆၂၊ ဇူလိုင် ၄ တွင် တည်ထောင်သည်။ ပါတီမှာ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသောအမြုတေပါတီဖြစ်၏။ ၁၉၆၃၊ မတ် ၂ တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ယုံကြည်လက်ခံ၍ ပါဝင်ဆောင်ရွက်လိုကြသူများအား အရန်ပါတီဝင်အဖြစ် လျှောက်ထားကြရန် ဖိတ်ခေါ်သည်။ ပြည်သူတို့က အရန်ပါတီဝင် အဆိုပြုလွှာများကို တင်သွင်းကြသည်။

၁၉၆၄ ဧပြီတွင် မြို့နယ်ပါတီယူနစ်များကိုဖွဲ့စည်း၍ ပါတီ၏ အခြေခံစည်းရုံးရေး လုပ်ငန်းများကို စတင်ဆောင်ရွက်သည်။ အမြုတေပါတီအဖြစ်မှ ၁၉၇၁၊ ဧပြီ ၃၀ တွင် ပြည်သူ့ပါတီ အဖြစ်သို့ ကူးပြောင်းသည်။ အရန်ပါတီဝင်များကိုလည်း တင်းပြည့်ပါတီဝင်အဖြစ်သို့ တိုးမြှင့်သည်။

တော်လှန်ရေးကောင်စီသည် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ စည်းလုံးညီညွတ်မှု ရရှိစေရေးကို ကြိုးပမ်းဆောင်ရွက်သည်။ အုန်းတော၊ ဒူးယား၊ ပုပ္ပား၊ ခပေါင်း၊ ရန်ကုန်တို့တွင် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကြီးများ ကျင်းပ၍ ရန်ကုန်၊ ချောက်တို့တွင် အလုပ်သမားနှီးနှောဖလှယ် ပွဲကြီးများ ကျင်းပသည်။ ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ ပြည်သူ့အလုပ်သမားကောင်စီများ ပေါ်ထွန်းလာရေး အတွက် ရှေ့ပြေးစည်းရုံးလှုပ်ရှားခြင်းဖြစ်သည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် သင့်မြတ်စွာပေါင်းသင်းဆက်ဆံနေထိုင်ရေးအတွက် အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံတို့နှင့် နယ်နိမိတ်ခွဲခြားသတ်မှတ်ရန် စာချုပ်များကို ချုပ်ဆိုခဲ့သည်။ မှန်ကန်သည့် ကြားနေဝါဒကို တိကျစွာလိုက်နာကျင့်သုံးသည်။ ကမ္ဘာ့အရေးအခင်းများတွင်လည်း မှန်ကန်သည့်ဘက်က အစဉ်ရပ်တည်၍ လွတ်လပ်စွာဆောင်ရွက်သည်။ တော်လှန်ရေးကောင်စီသည် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များကို ၁၉၆၂ အတွင်းတွင် သုံးကြိမ်တိုင်တိုင် ခေါ်ယူတွေ့ဆုံပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။ ပြစ်မှုအမျိုးမျိုးဖြင့် အရေးယူခံနေကြရသူများနှင့် အပြစ်ဒဏ်ခံနေရ သူများအား ၁၉၆၃၊ ဧပြီ ၁ တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ မြေအောက်လက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးပွဲများပြုလုပ်သည်။ သို့ရာတွင် ကရင်တော်လှန်ရေး ကောင်စီနှင့်သာလျှင် ဆွေးနွေးအောင်မြင်သည်။

၁၉၆၈၊ ဒီဇင်ဘာ ၄ တွင် ပုဂ္ဂိုလ်ကြီး ၃၃ ဦးပါဝင်သော အကြံပေးအဖွဲ့ကို ဖွဲ့စည်းသည်။ သို့သော် အကြံပေးအဖွဲ့သည် ထိရောက်သည့် အကြံဉာဏ်များကို မပေးနိုင်ချေ။

၁၉၆၈ တွင် လက်ယာနိုင်ငံရေး ခေါင်းဆောင်တစ်စုသည် နိုင်ငံခြားသို့ တိမ်းရှောင်ထွက်ပြေးကြပြီး နိုင်ငံခြားတွင် ပါလီမန်ဒီမိုကရေစီ ပါတီဟူ၍ထူထောင်သည်။ ကေအင်ယူ တပ်ဦး၊ မွန်ပြည်သစ် ပါတီတို့ဖြင့် လူမျိုးစု လွတ်မြောက်ရေးတပ်ပေါင်းစု ဖွဲ့စည်းသည်။ သို့ရာတွင် ထိုသုံးပါတီတပ်ပေါင်းစုမှာ မည်သို့မျှအရာ မရောက်ပေ။

အလံနီကွန်မြူနစ်ပါတီကလည်း အမျိုးသားညီလာခံကြီးတစ်ရပ် ကျင်းပပေးရန်နှင့် ပါလီမန်ရွေး ကောက်ပွဲများ ကျင်းပပေးရန်တောင်းဆိုသည်။ ဗကပအစရှိသော လက်ဝဲစွန်း အဖျက်သမားများက အရင်း ရှင်များ၊ ပဒေသရာဇ်များနှင့်ပူးပေါင်း၍ အဖျက်လုပ်ငန်းပေါင်းစုံကို ကျူးလွန်ကြသည်။ မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီမှာ ပြည်သူတို့၏ ထောက်ခံအားပေးမှုကြောင့် တစ်နေ့တခြား အင်အားကြီးမားလာသည်။ ပါတီရေးရာသတင်းစဉ်နှင့် နိုင်ငံတကာရေးရာသတင်းစဉ်တို့ကိုလည်း လစဉ်ထုတ်ဝေသည်။ လစဉ်သတင်း ဂျာနယ်ကို ၁၅ ရက်တစ်ကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။ ပါတီကေဒါများအား သဘောတရားရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် စည်းရုံးရေးပညာပေးနိုင်ရန် ၁၉၆၃၊ ဇူလိုင် ၁ ရက်တွင် ဗဟိုနိုင်ငံရေးသိပ္ပံကျောင်းကို ဖွင့်လှစ် သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို တပ်မတော်သားများအတွက် တပ်မတော် တပ်တွင်းပညာပေးသင်တန်း များ ဖွင့်လှစ်ပို့ချသည်။

အဆင့်ဆင့်သော ပါတီအဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးများကို ကျင်းပကာ ခေါင်း ဆောင်များ၊ ဦးဆောင်ကော်မတီများနှင့် ပါတီညီလာခံ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်သည်။ ၁၉၇၁ ခုနှစ်တွင် ပထမအကြိမ်ပါတီညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပေသည်။

## လေ့ကျင့်ခန်းများ

၁။ ဖဆပလအစိုးရလက်ထက် ပြည်တွင်းရေး အခြေအနေဆိုးရွားနေပုံကို ရှင်းပြပါ။

၂။ အိမ်စောင့်အစိုးရလက်ထက် ဆောင်ရွက်ချက်များကို ဖော်ပြပါ။

၃။ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး အဘယ်ကြောင့် ပေါ်ပေါက်ရသနည်း။

## အခန်း။ ၂ ကမ္ဘာ့သမိုင်း

## က။ ပထမကမ္ဘာစစ် (၁၉၁၄ - ၁၉၁၈)

### (၁) စစ်ဖြစ်ရသည့်အကြောင်းရင်းများ

အရင်းရှင်နိုင်ငံကြီးများ အချင်းချင်းပြိုင်ဆိုင်မှုသည် ၂၀ ရာစုဦးတွင် ပိုမိုပြင်းထန်လာခဲ့သည်။ ထို အရင်းရှင်နိုင်ငံကြီးများ အချင်းချင်းပြိုင်ဆိုင်မှုကြောင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားစေသည့်အကြောင်းရင်းများမှာ (က) ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း၊ (ခ) အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာခြင်း၊ (ဂ) မဟာမိတ်စစ်အုပ်စုများ အပြိုင်ဖွဲ့စည်းခြင်း၊ (ဃ) လက်နက်အပြိုင်တပ်ဆင်ခြင်းတို့ဖြစ်သည်။

### (က) ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း

၁၉ ရာစုအလယ်အထိ အင်္ဂလန်နိုင်ငံသည် အထည်အလိပ်၊ လူသုံးကုန်ပစ္စည်းများနှင့် စက်ကိရိယာမျိုးစုံကို အများဆုံးထုတ်လုပ် ရောင်းချသောနိုင်ငံဖြစ်သည်။

၁၉ ရာစုနှောင်းပိုင်း၌ အရင်းရှင်ကုန်ထုတ်လုပ်ရေးတွင် အင်္ဂလန်နှင့်အပြိုင် ဂျာမနီနိုင်ငံပေါ်ပေါက်လာသည်။ နိုင်ငံစည်းလုံးရေးရရှိပြီးနောက် ဂျာမနီ၏စက်မှု လက်မှုလုပ်ငန်းများသည် တစ်ဟုန်ထိုး တိုးတက်ကြီးပွားလာသည်။ ထို့ကြောင့် လူသုံးကုန် ပစ္စည်းများကို အဆင့်အတန်းမြင့်မြင့်နှင့် အများအပြား ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော်လည်း ၎င်းပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် လွယ်ကူစွာ မရောင်းချနိုင်ချေ။ အင်္ဂလန်နှင့်ပြင်သစ် စသော အရင်းရှင်နိုင်ငံကြီးများက ကမ္ဘာ့ဈေးကွက်ကို နည်းအမျိုးမျိုးဖြင့် လွှမ်းမိုးချုပ်ကိုင်ထားကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဂျာမန်အရင်းရှင်များသည် အာဖရိကတို့တွင် ဦးစွာဈေးကွက်များရှာဖွေသည်။

၁၈၉၀ ၌ ဝန်ကြီးချုပ်ဖြစ်လာသော ကာပရီဗီ (Caprivi) လက်ထက်တွင် ဂျာမန်တို့သည် တရုတ်နိုင်ငံ၌ ရှန်တုန်း၊ ပစိဖိတ်သမုဒ္ဒရာတွင် ကာရိုလိုင်းနား (Carolinas) နှင့် မေရီယားနား (Marianas) ကျွန်းစုတို့ကိုသိမ်းသည်။ ၁၈၉၈ တွင် ဂျာမနီနှင့် တူရကီတို့ချုပ်ဆိုသော စာချုပ်အရ ဘာလင် နှင့် ဘက်ဂဒက် (Berlin & Baghdad) မြို့ဆက်သွယ်မည့် မီးရထားလမ်းဖောက်လုပ်သည်။ ဤသို့အရှေ့အလယ်ပိုင်းဒေသသို့ ဂျာမန်များ ဝင်ရောက်လာခြင်းကို အင်္ဂလိပ်တို့ အထူးစိုးရိမ်လာသည်။ ထိုအချိန်မှစ၍ အင်္ဂလန်နှင့် ဂျာမနီတို့ပြိုင်ဆိုင်မှုသည် ကိုလိုနီပြိုင်ဆိုင်မှုအထိ ပြင်းထန်လာသည်။


ပြင်သစ်နှင့် ဂျာမနီတို့၏ပြိုင်ဆိုင်မှုတွင် စီးပွားရေးနှင့်နိုင်ငံရေး ရောယှက်နေသည်။ ပြင်သစ်နိုင်ငံသည် အာရှနှင့်အာဖရိကတို့တွင် ကိုလိုနီအများအပြားပိုင်ဆိုင်ခဲ့သည်။ ဂျာမနီက ၎င်းဒေသများတွင် နယ်ချဲ့ရန်ကြိုးပမ်းလာသောအခါ ပြင်သစ်နှင့်ဂျာမနီ အပြိုင်အဆိုင် ဖြစ်လာသည်။

၁၈၇၀ ပြင်သစ်ပရပ်ရှား စစ်ပွဲအပြီးတွင် ပေးအပ်လိုက်ရသည့် အဲလဆက် (Alsace) နှင့်ဒလော်ရိန်း

(Lorraine) နယ်နှစ်နယ်ကို ဂျာမနီတို့ထံမှ ပြင်သစ်က ပြန်လည်ရရှိလိုသည်။ ထို့ပြင် ပြင်သစ်နှင့် နယ်ချင်းဆက်စပ်နေသော ဆား (Saar) နယ်ရှိ ကျောက်မီးသွေးတွင်းများကို စက်မှုလုပ်ငန်း များအတွက် သိမ်းယူလိုသည်။ ထိုနယ်များကိုရရှိပါက ပြင်သစ်၏စီးပွားရေးခိုင်မာလာပြီး ဥရောပကို စီးပွားရေးအင်အားဖြင့် လွှမ်းမိုးနိုင်ရန်ဖြစ်သည်။

ရုရှနိုင်ငံ နှင့် သြစတြီးယားတို့၏ ပြိုင်ဆိုင်မှုကိုလည်း တွေ့ရှိရသည်။ ရုရှားသည် ကွန်စတန်တီနိုပယ်မြို့ (Constantinople) နှင့် အခြားတူရကီလက်အောက်ခံ နယ်မြေအချို့ကို သိမ်းပိုက်ရန် ကြိုးပမ်းလာသည်။ ထိုကြိုးပမ်းမှုကို သြစတြီးယားက လုံးဝမနှစ်မြို့ချေ။ ထို့အပြင် ဘော်လကန်ဒေသအတွင်းရှိ နိုင်ငံတို့နှင့် ကုန်သွယ်မှုကို ရုရှားနှင့် သြစတြီးယားနှစ်နိုင်ငံလုံးက လက်ဝါးကြီးအုပ်ရန် ပြိုင်ဆိုင်ကြသည်။

ဤသို့ ကိုလိုနီနယ်မြေများ အပြိုင်အဆိုင်ရှာဖွေခြင်းသည် ပထမကမ္ဘာစစ် ဖြစ်ရသည့် အကြောင်းအရင်း တစ်ခုဖြစ်လာသည်။




ပုံ (၂-၁) ပထမကမ္ဘာစစ်မတိုင်မီနယ်ချဲ့နိုင်ငံများသိမ်းပိုက်ထားသည့် ကိုလိုနီနယ်များ

## (စ) အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာခြင်း

အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လွန်ကဲလာခြင်းသည် ပထမကမ္ဘာစစ်ကြီး ဖြစ်စေသောအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ဂျာမနီနှင့်ပြင်သစ်တို့၌ အမျိုးသားရေးစိတ်ဓာတ် အထူးပြင်းထန်သည်။ ၁၈၇၀ တွင် ပြင်သစ်သည် ဂျာမနီကိုစစ်ရှုံး၍ အဲလဆက် (Alsace) နှင့် လော်ရိန်း (Lorraine) နယ်များကိုပေးလိုက်ရသည်။ ပြင်သစ်ကမကျေနပ်ဘဲ ဆုံးရှုံးသောနယ်မြေများကို ပြန်လည်ရယူလိုသည်။ ဂျာမနီကလည်း ပြင်သစ်အပေါ် ဆက်လက်အနိုင်ရနေရေးအတွက် ကြိုးပမ်းသည်။

ဥရောပတို့အရှေ့ပိုင်းတွင် ဆလပ် (Slav) အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာသည်။ ဆလပ်လူမျိုး အများအပြားသည် သြစတြီးယား - ဟန်ဂေရီ (Austria-Hungary) အင်ပါယာလက်

အောက်ခံအဖြစ် ကျရောက်လျက်ရှိသည်။ ထို့ကြောင့် ဆလပ်လူမျိုးများက ဩစတြီးယားဟန်ဂေရီ အင်ပါယာ လက်အောက်မှ လွတ်မြောက်ရန်ကြိုးပမ်းကြသည်။ ထိုကြိုးပမ်းမှုကို ဆားဘီးယား (Serbia) နိုင်ငံကဦး ဆောင်သည်။ ဆလပ်လူမျိုးများနှင့်အနွယ်တူ ရုရှားနိုင်ငံသည် ဆားဘီးယားဘက်မှ အားပေးထောက်ခံသည်။ ထို့အတူ ဆလပ်လူမျိုးအချို့သည် တူရကီလက်အောက်သို့ ကျရောက်နေသည်။ တူရကီလက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင်ရုရှားက အကူအညီပေးသည်။ ထို့ကြောင့် ဆားဘီးယားနှင့် ရုရှား ကတစ်ဖက်၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် တူရကီတို့ကတစ်ဖက် မသင့်မတင့် ဖြစ်ကြသည်။

## (ဂ) မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းခြင်း

ကိုလိုနီနယ်မြေများ အပြိုင်အဆိုင်ရှာဖွေခြင်းနှင့် အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်လာခြင်း တို့ကြောင့် အရင်းရှင်နိုင်ငံကြီးများ အချင်းချင်းမသင့်မတင့် ဖြစ်လာကြသည်။ ထို့ကြောင့် စစ်ဖြစ်လာလျှင် တစ်ဦးကိုတစ်ဦး ကူညီတိုက်ခိုက်ကြရန် မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းလာခဲ့ကြသည်။ ၁၈၇၃ တွင် ဂျာမနီ၊ ဩစတြီးယားနှင့် ရုရှားတို့ပါဝင်သည့် ဧကရာဇ်သုံးပါးအဖွဲ့ (League of the three Emperor) ကို ဖွဲ့စည်းသည်။ သို့သော်မကြာမီ ဧကရာဇ်သုံးပါးအဖွဲ့ ပျက်ပြားသွားခဲ့သည်။ ၁၈၇၉ တွင် ဂျာမနီ နှင့်ဩစတြီးယားနှစ်နိုင်ငံ မဟာမိတ်အဖွဲ့ (Dual Allinace) တို့ကိုဖွဲ့သည်။ ၎င်းမဟာမိတ်စာချုပ် အရ ဘော်လကန် အရေးအခင်းဖြစ်ပွားပါက ဂျာမနီက ဩစတြီးယားကို ကူညီရန်၊ ဂျာမနီနှင့် ပြင်သစ်အရေး အခင်းပေါ်ခဲ့လျှင် ဩစတြီးယားက ဂျာမနီကိုကူညီရန် သဘောတူကြသည်။ ၁၈၈၁ တွင် ပြင်သစ်နိုင်ငံက အာဖရိကမြောက်ပိုင်းဒေသရှိ ကျူနီးရှားနယ် (Tunisia) ကို သိမ်းယူသည်။ ၎င်းနယ်မြေကို အီတလီကလည်း သိမ်းယူလိုသည့်အတွက် အီတလီသည် ပြင်သစ်အပေါ် မကျေမနပ်ဖြစ်ကာ ၁၈၈၂ တွင် ဂျာမနီနှင့် ဩစတြီး ယားနှစ်နိုင်ငံ မဟာမိတ်အဖွဲ့အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ၁၈၈၂ တွင် ဂျာမနီ၊ ဩစတြီးယား နှင့်အီတလီ သုံးနိုင်ငံမဟာမိတ်အဖွဲ့ (Triple Alliance) ဖြစ်လာသည်။ ထိုသုံးနိုင်ငံမဟာမိတ်အဖွဲ့မှာ စစ်ရေးအရ တစ်ဦးကိုတစ်ဦး အကူအညီပေးရန် လျှို့ဝှက်ချုပ်ဆိုထားသော စစ်မဟာမိတ်အဖွဲ့ဖြစ်သည်။

ဂျာမနီ၊ ဩစတြီးယားနှင့်အီတလီ သုံးနိုင်ငံတို့က မဟာမိတ်အဖြစ် ပူးပေါင်းသွားသောအခါ ပြင်သစ်၊ ရုရှားနှင့် အင်္ဂလန်နိုင်ငံတို့ကလည်း သုံးနိုင်ငံညီညွတ်ရေး (Triple Entente) အဖွဲ့ကိုဖွဲ့စည်းကြ သည်။

၁၈၉၄ တွင် ပြင်သစ်နှင့် ရုရှားနိုင်ငံ စာချုပ်ချုပ်ဆိုခဲ့သည်။ ၎င်းစာချုပ်တွင် အချင်းချင်း စစ်ရေးအရ အကူအညီပေးရန် သဘောတူကြသည်။ ၁၉၀၄ တွင် ဂျာမနီ အင်အားကြီးမားလာကာ စီးပွားရေးအရ ပြိုင် ဆိုင်မှုပြင်းထန်လာသဖြင့် အင်္ဂလန်သည် ပြင်သစ်နှင့်ညီညွတ်ရေးစာချုပ် (Dual Entente) ကို ချုပ်ဆို သည်။

၁၉၀၇ တွင် ပြင်သစ်၏ကြားဝင်စေ့စပ်ပေးမှုဖြင့် အင်္ဂလန်နှင့်ရုရှားတို့ ညီညွတ်မှုရရှိကြသည်။ ဤသို့ဖြင့် ၁၉၀၇ တွင် ပြင်သစ်၊ ရုရှားနှင့်အင်္ဂလန်တို့ပါဝင်သော သုံးနိုင်ငံ ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး

သောအခါ ဥရောပတွင် ဂျာမနီခေါင်းဆောင်သောအဖွဲ့နှင့် ပြင်သစ်ခေါင်းဆောင်သောအဖွဲ့ဟူ၍ မဟာမိတ်စစ်အုပ်စုနှစ်စု စင်ပြိုင်ပေါ်ပေါက်လာခဲ့သည်။

## (ဃ) လက်နက်အပြိုင်အဆိုင်တပ်ဆင်ခြင်း

လက်နက်တပ်ဆင်ရာတွင် အဓိကပြိုင်ဆိုင်သူများမှာ အင်္ဂလန်နှင့် ဂျာမနီတို့ဖြစ်သည်။ ဂျာမနီသည် အင်္ဂလန်ကိုပြိုင်ဆိုင်ရန် ၁၈၉၀ တွင် ဂျာမန်ရေတပ်အင်အားကို တိုးချဲ့ခဲ့သည်။ ၁၉၀၀ သို့ ရောက်သောအခါ ဂျာမနီ၏ရေတပ်အင်အားသည် နှစ်ဆဖြစ်လာသည်။

အင်္ဂလန်ကလည်း ၁၉၀၃ မှစ၍ ဂျာမနီနှင့်အပြိုင် ရေတပ်အင်အားကို တိုးချဲ့တည်ဆောက်ပြီး ၁၉၀၅ တွင် အထူးကြီးမားသော ဒရက်နော့ (Dreadnought) အမျိုးအစားစစ်သင်္ဘောများကို စတင်ဆောက်လုပ်သည်။

ထိုနည်းတူ ပြင်သစ်နှင့်ဂျာမနီ၊ ရုရှားနှင့်ဂျာမနီတို့၏ ကြည်းတပ်ပြိုင်ဆိုင်မှုများလည်း ပြင်းထန်လာသည်။ စစ်မှုမထမ်းမနေရစနစ်အရ ဂျာမနီ၏စစ်အင်အား လွန်စွာကြီးမားလာသည်။ ထို့ကြောင့် ပြင်သစ်နှင့်ရုရှားတို့ကလည်း ဂျာမနီစစ်တပ်နှင့်အပြိုင် စစ်တပ်များကိုတိုးချဲ့၍ ခေတ်မီလက်နက်များတပ်ဆင်သည်။

ဥရောပနိုင်ငံကြီးများတွင် ရေတပ်၊ ကြည်းတပ် အပြိုင်တိုးချဲ့သကဲ့သို့ အမေရိကန်နှင့် ဂျပန်နိုင်ငံများကလည်း စစ်တပ်အင်အားတိုးချဲ့ကြသည်။ ထိုသို့အရင်းရှင်နိုင်ငံကြီးများ အပြိုင်အဆိုင် လက်နက်တပ်ဆင်ခြင်းကြောင့် နိုင်ငံရေးတင်းမာမှုများ တစ်နေ့တခြား ပြင်းထန်လာသည်။

## (၂) ပထမကမ္ဘာစစ်လတ်တလောဖြစ်ပွားခြင်း

ပထမကမ္ဘာစစ်ကြီးဖြစ်ပေါ်စေသည့် လတ်တလောအကြောင်းမှာ ၁၉၁၄၊ ဇွန် ၂၈ တွင် ဩစတြီးယားအိမ်ရှေ့မင်းသား ဖရန်စစ်ဖာဒီနန် (Francis Ferdinand) နှင့် ကြင်ယာတော်တို့ ဘော့စနီးယားမြို့တော် ဆာရာယေဗို (Sarajevo) တွင် လုပ်ကြံခံရသောကြောင့် ဖြစ်သည်။ ဩစတြီးယား အိမ်ရှေ့မင်းသားလုပ်ကြံသူမှာ ဆားဘီးယားအကြမ်းဖက်အသင်းဝင် ဘော့စနီးယန်း အမျိုးသားတစ်ဦး ဖြစ်သည်။ ၎င်းသည် ဘော့စနီးယားနှင့် ဆားဘီးယားပူးပေါင်းရေးကို လိုလားသူဖြစ်သည်။ ထိုလုပ်ကြံမှုကို အခွင့်ကောင်းယူကာ ဩစတြီးယားက ဆားဘီးယားကို ချေမှုန်းရန် ကြံစည်သည်။ ဩစတြီးယားက ဂျာမနီ၏ထောက်ခံမှုဖြင့် ဆားဘီးယားထံ ပြင်းထန်သည့် ရာဇသံပေးပို့သည်။

ထိုရာဇသံတွင်ပါရှိသည့် အချို့တောင်းဆိုချက်များမှာ ဆားဘီးယားနိုင်ငံ၏ လွတ်လပ်ရေးကို ထိပါးသောကြောင့်လည်းကောင်း၊ ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုကို ရရှိခြင်းကြောင့်လည်းကောင်း၊ ဆားဘီးယားသည် ဩစတြီးယားကိုရင်ဆိုင်ရန် ဆုံးဖြတ်၍ စစ်ပြင်ဆင်မှုများပြုလုပ်သည်။ ထို့နောက် ရာဇသံကို လက်မခံနိုင်ကြောင်း ဩစတြီးယားအား အကြောင်းကြားသည်။ ထို့ကြောင့် ၁၉၁၄၊ ဇူလိုင် ၂၈ တွင် ဩစတြီးယားက ဆားဘီးယားကို စစ်ကြေညာသည်။

ဩစတြီးယားနှင့် ဆားဘီးယား စစ်ဖြစ်ပွားရာတွင် ဩစတြီးယားဘက်မှ ဂျာမနီကလည်းကောင်း၊ ဆားဘီးယားဘက်မှ ရုရှားနှင့် ပြင်သစ်တို့ကလည်းကောင်း အသီးသီးပါဝင်ကူညီ တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ဖြင့် ဂျာမနီနှင့်ဩစတြီးယားကတစ်ဖက်၊ ပြင်သစ်၊ အင်္ဂလိပ်နှင့် ရုရှားတို့ကတစ်ဖက် ပါဝင်တိုက်ခိုက်ကြသည်။ ကိုလိုနီခွဲဝေပေးမည်ဟူသော အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ဆွဲဆောင်မှုကြောင့် ၁၉၁၅ တွင် အီတလီသည် ၎င်းတို့ဘက်မှ ဝင်ရောက်တိုက်ခိုက်လာသည်။

ပထမကမ္ဘာစစ်ကြီးတွင် နိုင်ငံကြီးများသာမက နိုင်ငံငယ်များလည်း ပါဝင်တိုက်ခိုက်ကြသည်။ ပြင်သစ်၊ အင်္ဂလိပ်၊ ရုရှားတို့ဘက်မှ ဂျပန်စသော နိုင်ငံငယ်များ ပါဝင်လာပြီး၊ ဂျာမနီနှင့်ဩစတြီးယား ဘက်မှ ဟန်ဂေရီ၊ တူရကီ၊ ဘူလ်ဂေးရီးယား စသောနိုင်ငံများပါဝင်လာသည်။ ပြင်သစ်၊ အင်္ဂလိပ်၊ ရုရှားတို့အဖွဲ့ကို မဟာမိတ်နိုင်ငံများ (Allied Powers) ဟုခေါ်ပြီး၊ ဂျာမနီ၊ ဩစတြီးယား၊ ဟန်ဂေရီတို့ အဖွဲ့ကို ဗဟိုနိုင်ငံများ (Central Powers) ဟုခေါ်သည်။ ပထမကမ္ဘာစစ်ကြီးသည် ၁၉၁၈ နိုဝင်ဘာ ၁၁ တွင် ဂျာမန်တို့က စစ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုလိုက်ခြင်းဖြင့် စစ်ကြီးပြီးဆုံးသွားခဲ့သည်။

**(၃) စစ်၏အကျိုးသက်ရောက်မှုများ**

**(က) ပါရီငြိမ်းချမ်းရေးညီလာခံ**

ပထမကမ္ဘာစစ်အပြီး ငြိမ်းချမ်းရေးစာချုပ်များချုပ်ဆိုရန် ပါရီမြို့၌ အပြည်ပြည်ဆိုင်ရာ ညီလာခံကို ၁၉၁၉၊ ဇန်နဝါရီ ၁၈ တွင် ကျင်းပသည်။ ထိုညီလာခံ၌ ပြင်သစ်၊ အင်္ဂလန်၊ အီတလီ၊ အမေရိကန် နိုင်ငံများနှင့် ၎င်းတို့ကို ထောက်ခံအားပေးသော နိုင်ငံများစုစုပေါင်း ၃၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စစ်ရှုံးနိုင်ငံများနှင့် ကြားနေနိုင်ငံများမှာ ညီလာခံသို့ တက်ရောက်ခွင့်မရကြချေ။ ရုရှားနိုင်ငံကိုလည်း ဆိုရှယ်လစ်တော်လှန်ရေး ဆင်နွှဲနေခြင်းကြောင့် ဖိတ်ခေါ်ခြင်းမပြုခဲ့ပေ။ ထို့ကြောင့် ပါရီညီလာခံသည် စစ်ဖြစ်သူနှစ်ဦးနှစ်ဖက် အစုံအညီတက်ရောက်ရသော ညီလာခံမျိုးမဟုတ်ဘဲ စစ်နိုင်မဟာမိတ်နိုင်ငံများမှ ကိုယ်စားလှယ်များသာ တက်ရောက်ရသည့် ညီလာခံဖြစ်နေသည်။

မဟာမိတ်အဖွဲ့ဝင်များသာ တက်ရောက်သော ညီလာခံဖြစ်သဖြင့် ဆွေးနွေးဆုံးဖြတ်ချက်များမှာ ၎င်းတို့၏အကျိုးအမြတ်အတွက် တစ်ဖက်သတ် အစီအစဉ်များသာဖြစ်ကြသည်။ ညီလာခံ မကျင်းပမီကမူ အမေရိကန်သမ္မတဝီလ်ဆင်၏ ငြိမ်းချမ်းရေးမူ (၁၄) ချက်အရ ပါရီညီလာခံ အစီအစဉ်များသည် တရားမျှတလိမ့်မည်ဟု လူအများကယုံကြည်ကြသည်။ အထူးသဖြင့် ဂျာမနီနှင့် စစ်ရှုံးနိုင်ငံများက ဝီလ်ဆင်၏မူဝါဒကို ပိုမိုမျှော်လင့် အားထားခဲ့ကြသည်။ သို့သော်ညီလာခံတွင် နယ်မြေသတ်မှတ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာအရပ်ရပ်ကို ဆွေးနွေးသောအခါ ကမ္ဘာ့အသင်းကြီး ဖွဲ့စည်းရမည်ဟူသော မူမှအပ ဝီလ်ဆင်၏ ကျန်မူများကို ပြင်သစ်၊ အင်္ဂလိပ်တို့က လက်တွေ့လိုက်နာဆောင်ရွက် ခြင်းမရှိကြတော့ချေ။

ညီလာခံတွင် ၃၂ နိုင်ငံမှကိုယ်စားလှယ်များပါဝင်သော်လည်း ပြဿနာအရပ်ရပ်ကို ဆွေးနွေးဆုံးဖြတ်ရာတွင် ကြီးလေးကြီးဖြစ်သော ပြင်သစ်ဝန်ကြီးချုပ်ကလီမွန်ဆိုး (Clemenceau)၊ အင်္ဂလိပ်ဝန်ကြီးချုပ်

လွိုက်ဂျော့ (Lloyd George)၊ အီတလီဝန်ကြီးချုပ်အော်လန်ဒို (Orlando)၊ အမေရိကန်သမ္မတ ဝီလ်ဆင် (Wilson) တို့က ဆုံးဖြတ်ကြသည်။ ထိုကြီးလေးကြီးတို့က သဘောတူဆုံးဖြတ်၍ အစီအစဉ်များရေးဆွဲပြီးမှ သာလျှင် စစ်ရှုံးနိုင်ငံများ ကိုသဘောတူစာချုပ်များ လက်မှတ်ရေးထိုးစေခဲ့သည်။ ထိုစာချုပ်များအနက် ဂျာမနီနှင့်ချုပ်ဆိုသော ဗာဆိုင်း (Versailles) စာချုပ်မှာ အရေးအကြီးဆုံးဖြစ်သည်။

## (စ) ဗာဆိုင်းစာချုပ် (Treaty of Versailles)

ပါရီညီလာခံက အတည်ပြုလိုက်သည့် ငြိမ်းချမ်းရေးစာချုပ်မူကြမ်းကို ၁၉၁၉ ဇွန်လ ၂၈ ရက်တွင် ပြင်သစ်နိုင်ငံ ဗာဆိုင်းနန်းတော်၌ ဂျာမနီနိုင်ငံနှင့် မဟာမိတ်နိုင်ငံများ လက်မှတ်ရေးထိုးကြသည်။ ၎င်းကို ဗာဆိုင်းစာချုပ်ဟုခေါ်သည်။ ထို့နောက် အခြားစစ်ရှုံးနိုင်ငံများဖြစ်ကြသော တူရကီ၊ ဩစတြီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယားတို့နှင့်လည်း ငြိမ်းချမ်းရေးစာချုပ်များ ချုပ်ဆိုကြသည်။ ၎င်းစာချုပ်များအနက် ဂျာမနီနှင့် ချုပ်ဆိုသည့် ဗာဆိုင်းစာချုပ်မှာ အရေးအကြီးဆုံးဖြစ်သည်။ ဗာဆိုင်းစာချုပ်တွင် နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ လက်နက်လျှော့ပေါ့ရေး၊ စစ်လျော်ကြေး၊ အထွေထွေစီမံချက်တို့ ပါဝင်သည်။

ဂျာမနီက အဲလဆက်နှင့် လော်ရိန်းနယ်နှစ်နယ်ကို ပြင်သစ်ကို ပြန်လည်ပေးအပ်ရသည်။ ဂျာမနီ သိမ်းပိုက်ထားသည့် ယူပိန်း (Eupen) နှင့် မာမေဒီ (Malmedy) နယ်များကို ဘယ်လ်ဂျီယံသို့ ပြန်လည် ပေးရသည်။ ပြင်သစ်နှင့် ဂျာမနီနိုင်ငံအကြား ရိုင်းမြစ် (Rhine) အရှေ့ဘက်ကမ်း တစ်လျှောက်ရှိ ဂျာမနီ စစ်တပ်နှင့် ခံတပ်အားလုံးကို ရုပ်သိမ်းပေးရသည်။

ဂျာမနီပိုင် ဆား (Saar) နယ်ကို နိုင်ငံပေါင်းချုပ် အသင်းကြီးကအုပ်ချုပ်၍ ၎င်းဒေသရှိကျောက်မီး သွေးနှင့် သတ္တုတွင်းများကို ပြင်သစ်အား တူးဖော်လုပ်ကိုင်ခွင့် ပြုရသည်။

ရှုပ်လက်စ်ဝစ် (Schleswig) နှင့် ဟိုစတိုင်း (Holstein) နယ်များကို ဒိန်းမတ်သို့ ဂျာမနီကပေးအပ် ရသည်။ ဂျာမနီ၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် ရုရှတို့သိမ်းယူထားသည့် ပိုလန်နယ်မြေများကို ပြန်လည်ပေါင်း စည်းပေးပြီး ပိုလန်နိုင်ငံသစ် ထူထောင်ပေးရသည်။ ပိုလန်နိုင်ငံအား ပင်လယ်ထွက်ပေါက်ပေးရန် ဂျာမနီ၏ အနောက်ပရပ်ရှား နယ်ကိုဖြတ်၍ ဘောလတစ် ပင်လယ်ကမ်းခြေရှိ ဒန်းဇစ်မြို့ (Danzig) အထိ နယ်ပယ်ကို ပိုလန်အားပေးရသည်။ ၎င်းနယ်ကို ပိုလန်စင်္ကြံ (Polih Corridor) ဒေသဟုခေါ်သည်။ ဂျာမနီပိုင် ကိုလိုနီ နယ်မြေအားလုံးကို စွန့်လွှတ်ရသည်။ ၎င်းကိုလိုနီများကို အင်္ဂလန်၊ ပြင်သစ်၊ ဂျပန် နယူးဇီလန်နှင့် ဩစတြီး ယားတို့က ခွဲဝေယူကြသည်။ ထို့ကြောင့် ဂျာမနီ သည် ကိုလိုနီနယ်များအပါအဝင် နယ်မြေစတုရန်းမိုင်ပေါင်း ၂၅,၀၀၀ ခန့်ဆုံးရှုံးရ၏။

ဂျာမနီ၏စစ်အင်အားကို စစ်အင်အား တစ်သိန်းထက်ပို၍မထားရန် သတ်မှတ်သည်။ ထို့ပြင် စစ်မှုမထမ်းမနေရစနစ်နှင့် စစ်ဦးစီးအဖွဲ့ကိုဖျက်သိမ်းရသည်။ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ ကိုလည်း မဟာမိတ်တို့က ထိန်းချုပ်ထားသည်။ ရေငုပ်သင်္ဘောများထုတ်လုပ်ခြင်းကို လုံးဝပိတ်ပင်သည်။ ရေတပ်အမှုထမ်း အရေအတွက်ကိုလည်း လျှော့ရသည်။ စစ်လေယာဉ်များ လုံးဝ တည်ဆောက်ခွင့်မရှိချေ။

ပြင်သစ်နှင့် အင်္ဂလိပ်ခေါင်းဆောင်များက ဂျာမနီထံမှ များပြားသည့် စစ်လျော်ကြေးငွေများကို တောင်းဆိုကြသည်။ အမေရိကန်ကမူ ဂျာမနီပေးနိုင်စွမ်းရှိသည့် ပမာဏကိုသာ စစ်လျော်ကြေးအဖြစ်တောင်းဆိုရန်အကြံပေးသည်။ မဟာမိတ်နိုင်ငံအချင်းချင်း စစ်လျော်ကြေးကိစ္စနှင့် ပတ်သက်၍ ပါရီညီလာခံတွင် သဘောတူညီမှုများ မရရှိပေ။ ထို့ကြောင့် စစ်လျော်ကြေးကိစ္စကို ဆောင်ရွက်ရန် အထူးကော်မရှင် ဖွဲ့စည်းသည်။ အထူးကော်မရှင်က စစ်လျော်ကြေးအဖြစ် မတ်ငွေ ၁၃၂,၀၀၀ သန်း (စတာလင်ပေါင် ၆၆၀၀ သန်း) ကို အရစ်ကျပေးရန် ဆုံးဖြတ်ကြသည်။ စစ်လျော်ကြေးကို ငွေကြေးအပြင် ကုန်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ၊ ကျောက်မီးသွေးနှင့် အခြားကုန်ပစ္စည်းများကိုပေးရန် ဂျာမနီတို့ထံမှ တောင်းဆိုကြသည်။

ဗာဆိုင်းစာချုပ်ကို ဂျာမနီကလိုက်နာစေရန် ရိုင်းမြစ်၏အနောက်ဘက်ကမ်း တစ်လျှောက်တွင် မဟာမိတ်စစ်တပ်များ ၁၅ နှစ်မျှ တပ်စွဲထားရန်၊ ဂျာမန်စစ်တရားခံများကို စစ်ခုံရုံးတွင် စစ်ဆေးအပြစ်ပေးရန်၊ ဩစတြီးယားနှင့် ဂျာမနီပူးပေါင်းခြင်းမပြုရန် စသောစီမံချက်များ ပါဝင်သည်။

ဗာဆိုင်းစာချုပ်သည် ဂျာမန်တို့၏ အမျိုးသားဂုဏ်သိက္ခာကို ညှိုးနွမ်းစေသောကြောင့် စစ်ပြီးကာလ ဂျာမနီသည် ဗာဆိုင်းစာချုပ်ကို ဖျက်သိမ်းလိုသောဆန္ဒ အထူးပြင်းပြခဲ့သည်။ ထို့ကြောင့် ဗာဆိုင်းစာချုပ်ကို ကန့်ကွက်သည့် အမျိုးသားအင်အားစုများ ဂျာမနီတွင် တဖြည်းဖြည်း အင်အားကြီးမားလာသည်။ စီးပွားရေးအင်အားပြန်လည် ကောင်းမွန်လာသောအခါ ဂျာမနီသည် ဗာဆိုင်းစာချုပ်ပါ အစီအစဉ်များကို တစ်ခုပြီးတစ်ခု ချိုးဖောက်လာသည်။ ဤကဲ့သို့ ချိုးဖောက်မှုများကြောင့် ဥရောပနိုင်ငံများတွင် ပြဿနာများပေါ်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်သည့် အခြေသို့ ဆိုက်ရောက်လာခဲ့ရသည်။


## (၄) နိုင်ငံပေါင်းချုပ်အသင်းကြီးပေါ်ပေါက်လာပုံ

ပထမကမ္ဘာစစ်ကြီးကြောင့် ကမ္ဘာ့သူ၊ ကမ္ဘာ့သားတို့၏ အသက်အိုးအိမ် စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသဖြင့် နိုင်ငံတိုင်းက စစ်ကိုရွံရှာ မုန်းတီးလာကြသည်။ ထို့ကြောင့်နောင်တွင် ကမ္ဘာစစ်မဖြစ်ပွားစေရန် စစ်တားဆီးရေးနည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ ပထမကမ္ဘာစစ်ကြီးမပြီးဆုံးမီ ၁၉၁၈၊ ဇန်နဝါရီ ၈ ရက်၌ အမေရိကန်သမ္မတ ဝီလ်ဆင်သည် ငြိမ်းချမ်းရေးမူ ၁၄ ချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုမူ ၁၄ ချက်အနက် နောက်ဆုံးအချက်မှာ နိုင်ငံတိုင်း၏ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို အာမခံချက်ပေးသည့် နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းတည်ထောင်ရန်ဖြစ်သည်။

တစ်ဖန် ပါရီငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များကလည်း နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းရန်မူကို အတည်ပြုခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံပေါင်းချုပ် အသင်းကြီးကို ဆွစ်ဇာလန်နိုင်ငံ (Switzerland)၊ ဂျီနီဗာမြို့ (Geneva) တွင် ၁၉၂၀၊ ဇန်နဝါရီ ၁၀ ရက်၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။

**ရည်ရွယ်ချက်**

နိုင်ငံပေါင်းချုပ်အသင်းကြီး အဓိကရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးတည်ဆောက်ရန်၊ နိုင်ငံအသီးသီး၏ လွတ်လပ်ရေး၊ လုံခြုံရေးတို့ကို ကာကွယ်ထိန်းသိမ်းရန်နှင့် နိုင်ငံအချင်းချင်းပူးပေါင်း ဆောင်ရွက်ရေးတို့ကို အားပေးကူညီရန်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးပြဿနာများသာမက ကမ္ဘာ့စီးပွားရေးနှင့် လူမှုရေး ပြဿနာများကိုပါ စုပေါင်းဖြေရှင်းရန် အသင်းကြီးကရည်ရွယ်သည်။



ပုံ (၂-၂) နိုင်ငံပေါင်းချုပ်အသင်းကြီး

**ဖွဲ့စည်းပုံ**

အသင်းကြီးတွင် အဖွဲ့ (၄) ဖွဲ့ပါဝင်သည်။ ၎င်းတို့မှာ ညီလာခံ၊ ကောင်စီ၊ အတွင်းရေးမှူးချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်တို့ဖြစ်သည်။ ဤအဖွဲ့ (၄) ဖွဲ့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကို ဖွဲ့စည်းထားသည်။ အသင်းကြီး၏ ဌာနချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ထားရှိသည်။ ၁၉၂၀ တွင် အသင်းကြီး စတင်တည်ထောင်ချိန်၌ အသင်းဝင်နိုင်ငံများအဖြစ် အမေရိကန်နှင့် ရုရှား နိုင်ငံတို့မှအပ ပထမကမ္ဘာစစ်တွင် ပါဝင်ခဲ့သည့် စစ်နိုင်မဟာမိတ်နိုင်ငံများနှင့် ကြားနေနိုင်ငံများ စုစုပေါင်း (၄၂) နိုင်ငံ ပါဝင်ခဲ့ကြသည်။

ညီလာခံတွင်အဖွဲ့ဝင် နိုင်ငံတိုင်းပါဝင်ကြပြီး တစ်နိုင်ငံလျှင် ကိုယ်စားလှယ် တစ်ဦးမှသုံးဦးအထိ တက်ရောက်ခွင့်ရှိသည်။ သို့ရာတွင် မဲပေးရာ၌ တစ်နိုင်ငံလျှင် တစ်မဲသာပေးခွင့်ရှိသည်။ ညီလာခံ အစည်းအဝေးကို တစ်နှစ်တစ်ကြိမ် ဂျီနီဗာမြို့တွင်ကျင်းပသည်။

ကောင်စီတွင် အသင်းနှင့်စပ်ဆိုင်သော ငြိမ်းချမ်းရေးထိန်းသိမ်းရေး ကိစ္စအားလုံးကို ဆွေးနွေးကြပြီး ညီလာခံကဲ့သို့ နိုင်ငံတိုင်းပါဝင်ခွင့်မရှိပေ။ ကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများနှင့် ယာယီအဖွဲ့ဝင် နိုင်ငံများဟူ၍ နှစ်မျိုးရှိသည်။ မူလအစီအစဉ်အရ ကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများအဖြစ် အင်အား

ကြီးနိုင်ငံ (၅) နိုင်ငံ၊ ယာယီ အဖွဲ့ဝင်နိုင်ငံများအဖြစ် နိုင်ငံငယ် ၄ နိုင်ငံသာ ပါဝင်ရန် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင် ယာယီအဖွဲ့ဝင်နိုင်ငံ၏ အရေအတွက်ကို ၁၀ နိုင်ငံအထိ တိုးခဲ့သည်။

အထွေထွေ အတွင်းရေးမှူးချုပ်ရုံးသည် အဆက်မပြတ် အလုပ်တာဝန်များကို ဆောင်ရွက်ရသော အဖွဲ့ဖြစ်သည်။ အထွေထွေအတွင်းရေးမှူးချုပ်ကို ကောင်စီကရွေးချယ်ပြီး ညီလာခံကခန့်အပ်သည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ လက်အောက်တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်ရှိသည်။ တရားရုံးချုပ်သည် ဟော်လန်နိုင်ငံ ဟိတ်ဂ်မြို့ (Hague) တွင်ရုံးစိုက်၍ တရားသူကြီးများကို ကောင်စီနှင့် ညီလာခံတို့က ရွေးချယ်သည်။ မူလတွင်တရားသူကြီး ၁၁ ဦးရှိသော်လည်း နောက်ပိုင်းတွင် ၁၅ ဦးအထိ တိုးလာသည်။ တရားသူကြီးများ၏ သက်တမ်းမှာ ၉ နှစ်ဖြစ်သည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး၏ တွဲဖက်အဖွဲ့အစည်းအဖြစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO=International Labour Organization) ကိုဖွဲ့စည်းသည်။ ထိုအဖွဲ့၏ရုံးချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ထားရှိသည်။ ယင်းအလုပ်သမား အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့အလုပ်သမားများ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။

## လေ့ကျင့်ခန်းများ

၁။ ပထမကမ္ဘာစစ်ဖြစ်ပွားရသော အကြောင်းရင်းများကို တင်ပြပါ။

၂။ ပထမကမ္ဘာစစ်ကြောင့် မည်ကဲ့သို့သော အကျိုးများဖြစ်ပေါ်ခဲ့သနည်း။

၃။ အောက်ပါတို့ကို မှတ်စုတိုရေးပါ။

(က) ပါရီငြိမ်းချမ်းရေးညီလာခံ

(ခ) ဗာဆိုင်းစာချုပ်

(ဂ) နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ရည်ရွယ်ချက်နှင့်ဖွဲ့စည်းပုံ

# ၁။ ဆိုရှယ်လစ်နိုင်ငံပေါ်ပေါက်လာခြင်း

## (၁) ၂၀ ရာစုဦး ရုရှနိုင်ငံအခြေအနေ

ရုရှနိုင်ငံတွင် ၁၉၁၇ အောက်တိုဘာ တော်လှန်ရေး မတိုင်မီ ရိုမာနော့ (Romanov) မင်းဆက် အုပ်စိုးသည်။ ၎င်းမင်းဆက်ဘုရင်များကို ဇာ (Tsar) ဘုရင်များဟုခေါ်သည်။ ဇာဘုရင်တို့သည် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ကျင့်သုံးသည်။ စီးပွားရေးသည်လည်း ပဒေသရာဇ်လယ်ယာ စီးပွားရေးစနစ်ဖြစ်သည်။

မြေပိုင်ရှင်များသည် ပဒေသရာဇ်အုပ်ချုပ်သူ လူနည်းစုဖြစ်ပြီး အများစုမှာ မြေယာမဲ့ ဆင်းရဲသားလယ်သမားများ ဖြစ်ကြသည်။ ၁၉ ရာစုနှောင်းပိုင်းသည် ရုရှနိုင်ငံသမိုင်းတွင် ပြုပြင်ပြောင်းလဲရေးကာလ အဖြစ်ထင်ရှားသည်။ ၁၈၆၁ တွင် အလက်ဇန်းဒါး (၂) (Alexander II) က မြေကျွန်များ လွတ်မြောက်ရေး ဥပဒေကို ပြဋ္ဌာန်းသည်။ ဤဥပဒေသည် ရည်ရွယ်ချက် ကောင်းမွန်သော်လည်း အကျိုးသက်ရောက်မှု မရှိပေ။ တချို့သာ မြေကျွန်ဘဝမှ လွတ်မြောက်ကြပြီး အများစုမှာ မလွတ်မြောက်ဘဲ မြေရှင်ကြီးများ၏ လွှမ်းမိုးခြယ်လှယ်မှုကို ဆက်လက်ခံကြရသည်။

မြေယာမဲ့လယ်သမားများ၏ ဘဝအခြေအနေသည် ဆက်လက်ဆိုးရွားလျက်ရှိသည်။ အသိဉာဏ်နည်းပါးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ခေတ်မမီခြင်း၊ အခွန်အတုတ်များ ကြီးလေးခြင်း စသည်တို့ကြောင့် လယ်သမားများသည် အခက်အခဲများစွာကို ရင်ဆိုင်ကြရသည်။ ဇာဘုရင်သည် လယ်သမားတို့၏ ဘဝတိုးတက်သာယာရေးအတွက် ၁၈၈၁ မှစ၍ စိုက်ပျိုးရေးဘဏ်များ ဖွင့်လှစ်ပေးခြင်း၊ အမတော်ကြေးများထုတ်ချေးခြင်း၊ လူခွန်ကိုပယ်ဖျက်ခြင်း၊ လူနေနည်းပါးသည့်ဒေသများတွင် လယ်ယာမြေများ ဝေခြမ်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။ သို့သော် လယ်သမားတို့၏ ဘဝသည် တိုးတက်ကောင်းမွန်လာခြင်း မရှိချေ။

ဘုရင်တို့၏ ပြုပြင်ရေးများသည် မြေယာမဲ့လယ်သမားများကို ထိရောက်စွာ အကျိုးမပြုသော်လည်း လူလတ်တန်းစားကိုမူ များစွာအကျိုးပြုသည်။ ၁၈၆၃ တွင် ထုတ်ပြန်သော တက္ကသိုလ် ကြေညာစာတမ်းသည် လူလတ်တန်းစားအတွက် ပညာရေးဆိုင်ရာ အတားအဆီးများကို ပယ်ဖျက်ပေးသည်။ ၁၈၆၄ ဇင်စထဗို (Zemstvo) ဥပဒေသည် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်စေပြီး ပြည်သူများအား အုပ်ချုပ်ရေးတာဝန် ထမ်းဆောင်ခွင့်ပြုသည်။ ၁၈၆၄ တရားစီရင်ရေး ဥပဒေအရ အမှုအခင်းများကို ဂျူရီလူကြီးများဖြင့် စီရင်ခွင့်ရှိလာသည်။ ဥပဒေအကြံပေး ပုဂ္ဂိုလ်များကိုလည်း စတင်အသုံးပြုစေသည်။ ၁၈၇၀ မြူနီစပယ်အုပ်ချုပ်ရေးအဖွဲ့များ ပေါ်ပေါက်စေသဖြင့် ရုရှမြို့ အတော်များများသည် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အချက်အချာ နေရာများဖြစ်လာကြသည်။

၁၈၇၄ စစ်မှုမထမ်းမနေရ ဥပဒေအရ စနစ်တကျလေ့ကျင့်ထားသော အမြဲတမ်းစစ်တပ်ကို ထားရှိသည်။ ယခင်က မြေကျွန်နှင့် ကျွန်တို့သာ စစ်မှုထမ်းရသောစနစ်ကို ဖျက်သိမ်းပြီး နိုင်ငံသားတိုင်းကို စစ်မှုထမ်းစေသည်။ စစ်မှုထမ်းသက်ကိုလည်း ၂၅ နှစ်မှ ၆ နှစ်သို့ လျှော့ချလိုက်သည်။ သို့သော် စစ်ရာထူးကြီး



MCRS
Reference
Library

များကို ယခင်ကကဲ့သို့ပင် မြေရှင်လူတန်းစားကသာ လက်ဝါးကြီးအုပ်လေသည်။

ဤပြုပြင်ပြောင်းလဲရေးကာလတွင် ရုရှနိုင်ငံသည် ခေတ်နောက်ကျသော မြေရှင်ပဒေသရာဇ် လယ်ယာစီးပွားရေးဘဝမှ စက်မှုအရင်းရှင်စီးပွားရေးဘဝသို့ ပြောင်းလဲလာသည်။ စက်မှုလုပ်ငန်းများ နှင့် လမ်းပန်းဆက်သွယ်ရေးများ တိုးတက်များပြားလာပြီး လူဦးရေလည်း များစွာတိုးတက်လာသည်။ ထို့အပြင် ၁၉၀၀ တွင် စက်မှုလုပ်ငန်းများ၌ လုပ်ကိုင်နေသော အလုပ်သမားဦးရေသည် သုံးသန်းခန့် ရှိလာသည်။ ပီထရိုဂရက် (Petrograd)၊ မော်စကို (Moscow)၊ ကာခေါ့ (Kharkov)၊ စသော စက်မှု လုပ်ငန်းမြို့ကြီးများ ပေါ်ပေါက်လာကြသည်။

ရုရှနိုင်ငံသည် မြေရှင်ပဒေသရာဇ်စနစ်မှ အရင်းရှင်စနစ်သို့ ပြောင်းလဲလာသည်နှင့်အမျှ အရင်းရှင်နှင့် အလုပ်သမားဟူ၍ လူတန်းစားသစ်နှစ်ရပ် ပေါ်ပေါက်လာသည်။ မြေရှင်ပဒေသရာဇ်ခေတ်က လယ်သမားများကဲ့သို့ပင် အရင်းရှင်ခေတ်၌ အလုပ်သမားများ၏ ဘဝအခြေအနေသည် ဆိုးရွားနိမ့်ကျခဲ့သည်။ အရင်းရှင်များ၏ မတရားခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကြောင့် အလုပ်သမားများ နစ်နာကြသည်။ အရင်းရှင်နှင့် အလုပ်သမားများအကြား ပဋိပက္ခများရှိလာသည်။

## (၂) ၁၉၁၇ တော်လှန်ရေး

ရုရှသည် ဆားဘီးယားကို ထောက်ခံပြီး ပထမကမ္ဘာစစ်တွင် ပါဝင်လာသည်။ စစ်အတွက်ပြင်ဆင်မှုမရှိသည့်အပြင် စီးပွားရေးအကျပ်အတည်းများ ရှိနေခြင်းဖြစ်သည်။ စစ်ကိုဦးစားပေး တိုက်ခိုက်သောအခါ ပြည်တွင်း၌ ရိက္ခာမဖူမလုံဖြစ်လာသည်။ ထို့ကြောင့် ဆန္ဒပြမှုများပေါ်ပေါက်လာသည်။

၁၉၁၇ ဇန်နဝါရီ၌ စက်ရုံများတွင် အလုပ်သမားများ ဆန္ဒပြကြသည်။ အမျိုးသမီးထုကလည်း စားနပ်ရိက္ခာရရှိရေးအတွက် ဆန္ဒပြတောင်းဆိုကြသည်။ ဤကဲ့သို့ အလုပ်သမား၊ လယ်သမားနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ဆန္ဒပြကြရာမှ ၁၉၁၇ ရုရှတော်လှန်ရေး စတင်တော့သည်။

၁၉၁၇ တော်လှန်ရေးသည် အဆင့်နှစ်ဆင့်ဖြင့်ဖြစ်ပေါ်သည်။ ပထမအဆင့်သည် ဘူဇွာတော်လှန်ရေးဖြစ်သည်။ ၁၉၁၇ ဖေဖော်ဝါရီတွင် ဘုရင်က ဒူးမား (Duma) လွှတ်တော်ကို ဖျက်သိမ်း၍ ဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းရန် လက်နက်ကိုင်တပ်ဖွဲ့များကို အမိန့်ပေးသည်။ သို့သော် လက်နက်ကိုင်တပ်ဖွဲ့များက ဆန္ဒပြသူများနှင့် ပူးပေါင်းကာ ဘုရင်အစိုးရကို ဖြုတ်ချလိုက်သည်။ ထို့နောက် စစ်သားနှင့်အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်သည့် ဆိုဗီယက် (Soviet) အဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ကြသည်။ ဆိုဗီယက်အဖွဲ့အစည်းများသည် တန်ခိုးသြဇာကြီးမားလာပြီး အလုပ်သမား၊ လယ်သမားများ၏ အာဏာပိုင်စိုးရေးကို ရှေးရှုသည်။ ဘုရင်သည် ထီးနန်းကိုစွန့်လွှတ်ပြီး ယာယီအစိုးရအဖွဲ့အား အာဏာလွှဲပြောင်းခဲ့ရသည်။

ယာယီအစိုးရအဖွဲ့တွင် မင်းသားကြီး လာဗော့ (Prince Lvov) က ဦးဆောင်ပြီး ၎င်းနုတ်ထွက်သွားသောအခါ မင်ရှီဗစ်ခေါင်းဆောင် ကရင်စကီ (Kerensky) က ဦးဆောင်သည်။ အစိုးရအဖွဲ့သည် မြေရှင် အရင်းရှင်များသာပါဝင်သော ဘူဇွာအစိုးရဖြစ်သည်။ မြေရှင်အရင်းရှင် လူတန်းစားတို့၏ အကျိုးကိုသာ ကြည့်၍ အလုပ်သမားတို့နှင့် လယ်သမားတို့၏အရေးကို လျစ်လျူရှုခဲ့သည်။

မေ ၁ တွင် ယာယီအစိုးရက စစ်ကိုဆက်လက်တိုက်ခိုက်ရန် ကြေညာသည်။ အလုပ်သမား၊ လယ်သမားနှင့် စစ်သားတစ်သိန်းကျော်တို့က ဆန္ဒပြကန့်ကွက်ကြသည်။ ဤသို့ဖြင့် ဆိုရှယ်လစ် တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရန် အခြေအနေဖြစ်ပေါ်လာသည်။

၁၉၁၇ တော်လှန်ရေး၏ ဒုတိယအဆင့်သည် ဆိုရှယ်လစ်တော်လှန်ရေးဖြစ်သည်။ အလုပ်သမား၊ လယ်သမားနှင့် စစ်သားများလက်တွဲကာ ယာယီအစိုးရကို ဆန့်ကျင်ဆန္ဒပြကြသည်။ ယာယီအစိုးရ၏ အားနည်းညံ့ဖျင်းမှု ထင်ရှားလာသည်။ လီနင် (Lenin) ခေါင်းဆောင်သည့် ဘော်ရှီဗစ် (Bolshevik) ပါတီ၏ ဦးဆောင်မှုကို ခံယူသူများပြားလာသည်။ ၁၉၁၇ ဇွန်တွင် အလုပ်သမား၊ လယ်သမား၊ စစ်သား ကိုယ်စားလှယ်များ ပါဝင်သည့် ပထမဆုံးသော ဆိုဗီယက်အဖွဲ့ညီလာခံကြီးကို ခေါ်ယူကျင်းပသည်။

၁၉၁၇ ဇူလိုင်တွင် ပီထရိုဂရက်မြို့တော်၌ အလုပ်သမားနှင့်စစ်သားများ ပူးပေါင်း၍ အကြီးမားဆုံးသော ဆန္ဒပြပွဲကြီးကို ကျင်းပကြသည်။ ပီထရိုဂရက် ဆိုဗီယက်အဖွဲ့သို့ အာဏာလွှဲပြောင်း အပ်နှင်းရန် ယာယီအစိုးရထံ တောင်းဆိုကြသည်။ သို့သော် အကြမ်းဖက်နှိမ်နင်းခြင်းခံရသည်။

ဘော်ရှီဗစ်ပါတီသည် ပီထရိုဂရက်ဆိုဗီယက်အဖွဲ့၏ ထောက်ခံမှုကိုရရှိပြီး တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်စွာလုပ်ဆောင်သည်။ အောက်တိုဘာ ၂၅ တွင် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲကာ ဘူဇွာယာယီအစိုးရကို ဖြုတ်ချလိုက်သည်။

ဆိုရှယ်လစ်တော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သဖြင့် လီနင်က ပီထရိုဂရက် ဆိုဗီယက် အဖွဲ့အစည်းအဝေးတွင် အလုပ်သမား၊ လယ်သမားတို့၏ တော်လှန်ရေးသည် ဆုံးခန်းတိုင်ရောက်ခဲ့ပြီ ဟုကြေညာခဲ့သည်။

## လေ့ကျင့်ခန်းများ

၁။ ၂၀ ရာစုဦး ရုရှနိုင်ငံ၏ လူမှုရေးအခြေအနေကို ရှင်းပြပါ။

၂။ ရုရှနိုင်ငံတွင် ၁၉၁၇ ၌ အောက်တိုဘာတော်လှန်ရေး ပေါ်ပေါက်လာပုံကိုရေးပါ။

# ၈။ အမျိုးသားလှုပ်ရှားမှု

## (၁) အမျိုးသားလှုပ်ရှားမှု၏ သဘော

၁၅ ရာစုနောက်ပိုင်းမှစ၍ အနောက်ဥရောပအရင်းရှင်နိုင်ငံများသည် ပင်လယ်ရပ်ခြားဒေသများသို့ နယ်ချဲ့ခဲ့ကြရာ ၁၉ ရာစုအကုန်တွင် အာရှ၊ အာဖရိကနှင့် အမေရိကတိုက်တို့ရှိ နယ်မြေများကို ခွဲဝေသိမ်းပိုက်နိုင်သော အခြေအနေသို့ရောက်ရှိခဲ့သည်။ အရင်းရှင်တို့သည် မိမိတို့သိမ်းပိုက်ရရှိထားသော နိုင်ငံများကို အရင်းရှင်စနစ်၏ အကျိုးစီးပွားအတွက် အသုံးချခဲ့ကြသည်။ ကိုလိုနီအုပ်ချုပ်ရေးဖြင့် ပြင်းရင်းသားတို့၏ဘဝကို ချုပ်ချယ်ကန့်သတ်ပြီး ကိုလိုနီစီးပွားရေးဖြင့် တိုင်းရင်းသားများကို သွေးစုပ်အမြတ်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားတို့၏ဘဝမှာ အလွန်ကျဉ်းမြောင်း ကျပ်တည်းလာခဲ့သည်။

တရားမျှတမှုကင်းမဲ့သော ကိုလိုနီစနစ်ကို တိုင်းရင်းသားများက ဆန့်ကျင်ကြရာမှ အမျိုးသားလှုပ်ရှားမှု ပေါ်ပေါက်လာသည်။ ရှေ့ဦးပိုင်း အမျိုးသားလှုပ်ရှားမှုသည် လက်နက်ကိုင်တော်လှန်ရေး အသွင်ကိုဆောင်သည်။ လက်နက်ကိုင်တော်လှန်မှုများ ကျဆင်းသွားသည့်နောက်တွင် အမျိုးသားလှုပ်ရှားမှုသည် အသွင်ပြောင်းလာသည်။ ခေတ်ပညာတတ်များက ဦးဆောင်လာပြီး ပြုပြင်ရေးများကို တောင်းဆိုလာကြသည်။

ပထမကမ္ဘာစစ်အပြီးတွင် အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာသည်။ ကိုလိုနီစနစ်၏ ချုပ်ချယ်မှုကြောင့် လူတန်းစားအသီးသီး နိုးကြားလာပြီး အမျိုးသားလှုပ်ရှားမှု၌ ပါဝင်လာကြသည်။ ပြုပြင်ရေးများကို တောင်းဆိုသောအဆင့်မှ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် လုံးဝလွတ်လပ်ရေးကို တောင်းဆိုသောအဆင့်သို့ ရောက်ရှိလာခဲ့သည်။

ရုရှ ဆိုရှယ်လစ် တော်လှန်ရေးအောင်မြင်မှုသည် ကိုလိုနီဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုများကို များစွာအကျိုးပြုပေသည်။ ဆိုရှယ်လစ်သဘောတရားများ ပျံ့နှံ့လာပြီး လွတ်လပ်ရေး ဦးတည်ချက်အပြင် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး ဦးတည်ချက်ကိုပါ ထားရှိလာကြသည်။


## (၂) အိန္ဒိယနိုင်ငံအမျိုးသားလှုပ်ရှားမှု

### စစ်ပါဝီအရေးတော်ပုံ (၁၈၅၇)

၁၈၅၇ တွင် ပေါ်ပေါက်ခဲ့သော စစ်ပါဝီအရေးတော်ပုံ (Sepoy Mutiny) သို့မဟုတ် အိန္ဒိယတပ်တွင်းပုန်ကန်မှုသည် အင်္ဂလိပ်ဆန့်ကျင်ရေး လက်နက်ကိုင် တော်လှန်မှုတစ်ရပ်ဖြစ်သည်။ ထိုအရေးတော်ပုံမပေါ်ပေါက်မီကပင် အိန္ဒိယတိုင်းရင်းသားတို့သည် အင်္ဂလိပ်တို့အပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့နှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် အိန္ဒိယနယ်မြေများကို အကြောင်းအမျိုးမျိုးပြ၍ သိမ်းယူခဲ့ရာ ၁၈၅၇ တွင် အိန္ဒိယတစ်နိုင်ငံလုံးသို့ အင်္ဂလိပ်အာဏာစက် ပျံ့နှံ့လာသည်။ နယ်မြေသိမ်းပိုက်ခြင်းခံရသော ပဒေသရာဇ်တို့သည် အင်္ဂလိပ်တို့ကို နိုင်ငံရေးအရ မကျေမနပ် ဖြစ်လာကြသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လယ်ယာကဏ္ဍတွင် ပုံသေမြေခွန်ကောက်ခံသည့် စနစ်ကိုပြောင်းလဲ

ကျင့်သုံးခဲ့သည်။ ထို့ကြောင့် အိန္ဒိယမြေရှင်ကြီးများနှင့် လယ်သမားများက မကျေမနပ်ဖြစ်ကြသည်။ လူမှုရေးဘက်တွင်လည်း အင်္ဂလိပ်တို့သည် တိုင်းရင်းရိုးရာဓလေ့ပင် ဖြစ်သော်လည်း တားမြစ်ပိတ်ပင်သင့်သည်ဟု ယူဆသောကိစ္စရပ်များကို ပိတ်ပင်တားမြစ်ခဲ့သည်။ ထိုအခါ ဟိန္ဒူအစဉ်အလာ ထိန်းသိမ်းလိုသူတို့က ရိုးရာယဉ်ကျေးမှုကို ထိခိုက်သည်ဟု ယူဆလာကြသည်။ မွတ်စလင်များအနေနှင့်လည်း ယခင်ရရှိခဲ့သော ဘာသာရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုများကို အင်္ဂလိပ်အစိုးရက ရပ်စဲလိုက်သည့်အတွက် မကျေမနပ်ဖြစ်ခဲ့ကြသည်။



ပုံ (၂-၃) စစ်ပါရီအရေးတော်ပုံ

စစ်ပါရီအရေးတော်ပုံ မဖြစ်ပွားမီကပင် အိန္ဒိယတိုင်းရင်းသား စစ်သားများဖြစ်ကြသော စစ်ပါရီများသည် လစာနည်းပါးခြင်း၊ နယ်စပ်ဒေသများနှင့်ရပ်ဝေးဒေသများ၌ အချိန်ကြာမြင့်စွာ အမှုထမ်းရခြင်းတို့ကြောင့် မကျေမနပ် ဖြစ်လျက်ရှိကြသည်။ စစ်ပါရီအရေးတော်ပုံ ဖြစ်ပေါ်စေသည့် လတ်တလောအကြောင်းမှာ စစ်ပါရီများသုံးရန် အသစ်ထုတ်ပေးသော ရိုင်ဖယ်သေနတ်များ၌ အသုံးပြုသည့် ယမ်းတောင့်များကို ဝက်ဆီနှင့်အမဲဆီ သုတ်လိမ်းသည်ဟူသော သတင်းကြောင့် မီရွတ်မြို့ (Meerut) ပေါ်ရှိ စစ်ပါရီများက ရိုင်ဖယ်သစ်ကို လက်တွေ့ကိုင်တွယ်အသုံးပြုရန် ငြင်းဆန်ခဲ့ကြသည်။ ငြင်းဆန်သူများကို အင်္ဂလိပ်တို့က အမိန့်မနာခံမှုဖြင့် ခုံရုံးတင်စစ်ဆေးအပြစ်ပေးရာမှ စစ်ပါရီအရေးတော်ပုံ ပေါ်ပေါက်လာခဲ့သည်။ အရေးတော်ပုံသည် ဒေလီ (Delhi) နှင့် အခြားမြို့များသို့ ကူးစက်သွားခဲ့သည်။ တိုင်းရင်းသားပဒေသရာဇ်အချို့ကပါ စစ်ပါရီတို့နှင့်ပေါင်း၍ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ သို့သော်လည်း အင်္ဂလိပ်တို့က ပြင်းပြင်းထန်ထန် နှိပ်ကွပ်သဖြင့် ၁၈၅၈ တွင် စစ်ပါရီအရေးတော်ပုံ ကျဆုံးခဲ့ရသည်။ စစ်ပါရီအရေးတော်ပုံကြောင့် အရှေ့အိန္ဒိယကုမ္ပဏီ အုပ်ချုပ်ရေးကိုဖျက်သိမ်းပြီး အင်္ဂလိပ်အစိုးရက တိုက်ရိုက်အုပ်ချုပ်သည့် စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

**အိန္ဒိယအမျိုးသားကွန်ဂရက်**

အနောက်တိုင်းပညာရေးစနစ် ပေါ်ထွန်းလာမှုကြောင့် အိန္ဒိယနိုင်ငံတွင် ခေတ်ပညာတတ် လူတန်းစား ပေါ်ပေါက်လာသည်။ ၎င်းတို့သည် ဒီမိုကရေစီနှင့် အမျိုးသားဝါဒအကြောင်းကို လေ့လာခွင့်ရခဲ့ကြ၍ အိန္ဒိယနိုင်ငံ၌ လက်တွေ့အကောင်အထည် ဖော်လိုကြသည်။ ၁၈၇၆ တွင် အိန္ဒိယအမျိုးသားအသင်း (The Indian Association) ကို ခေတ်ပညာတတ် တစ်ဦးဖြစ်သူ အက်စ်ဘနာဂျီ (S. Banerjee) က ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၎င်း၏စည်းရုံးလှုံ့ဆော်မှုကြောင့် ပညာတတ်လူနည်းစုအတွင်းသို့ နိုင်ငံရေးအသိစိတ် ဝင်လာခဲ့သည်။

၁၈၈၅တွင် အေအိုဟူးမ် (A.O. Hume) ဦးစီးကာ အိန္ဒိယအမျိုးသားကွန်ဂရက်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းကွန်ဂရက်နှင့် ဘနာဂျီခေါင်းဆောင်သော အိန္ဒိယအမျိုးသားအသင်းတို့သည် ပူးပေါင်းသွားခဲ့ကြသည်။ ကွန်ဂရက်၏ရည်ရွယ်ချက်မှာ အုပ်ချုပ်ရေးတွင် အိန္ဒိယအမျိုးသား ကိုယ်စားလှယ်များ ပါဝင်နိုင်ရန်အတွက် လိုအပ်သည့်ပြုပြင်ရေးများ တောင်းဆိုရန်ဖြစ်သည်။ ကွန်ဂရက်ကို ဦးဆောင်ခဲ့သူများမှာ အင်္ဂလိပ်အစိုးရနှင့် ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ရေးများကို ဥပဒေဘောင်အတွင်းမှ တဖြည်းဖြည်းလုပ်ဆောင်သွားရန် ဆန္ဒရှိသူများ ဖြစ်ကြသည်။

**ဂန္ဒီ၏ အကြမ်းမဖက်ရေးလှုပ်ရှားမှု**

၁၉၁၃ တွင် ဂန္ဒီ (Gandhi) သည် တောင်အာဖရိကမှ အိန္ဒိယသို့ ပြန်ရောက်လာသောအခါ ကွန်ဂရက်ပါတီသည် ပြည်သူလူထုနှင့် ကင်းကွာလျက်ရှိကြောင်း တွေ့ရသဖြင့် လူထုတစ်ရပ်လုံး နိုင်ငံရေးတွင် ပါဝင်လာစေရန် ကြိုးပမ်းခဲ့သည်။ ကွန်ဂရက်အတွင်းသို့ ဂန္ဒီဝင်ရောက်လာချိန်မှစ၍ ကွန်ဂရက်၏လှုပ်ရှားမှုသည် ပုံစံပြောင်းလဲသွားခဲ့သည်။

ဂန္ဒီသည် အိန္ဒိယပြည်သူတစ်ရပ်လုံးကို အောင်မြင်စွာ ဦးဆောင်မှုပေးနိုင်သည့်အတွက် ဂန္ဒီကို မဟတ္တမ (Mahatma) ဟု တင်စားခေါ်ဝေါ်ကြသည်။ ဂန္ဒီသည် နယ်ချဲ့ဝါဒကို အကြမ်းမဖက် အနုနည်း အဟိံသ (Ahimsa) လမ်းစဉ်သက်သက်ဖြင့် တိုက်ခိုက်ရမည်ဟု ညွှန်ကြားသည်။ ဂန္ဒီ၏အမြင်တွင် အင်္ဂလိပ်အစိုးရက အိန္ဒိယနိုင်ငံကိုအုပ်ချုပ်ရာ၌ အောင်မြင်မှုရနေခြင်းမှာ အိန္ဒိယအမျိုးသားများအနေနှင့် အုပ်ချုပ်ရေးတွင် ပူးပေါင်းပါဝင် နေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရနှင့် မပူးပေါင်းရေး ပြုလုပ်ရမည်ဟု ပြည်သူလူထုကို လှုံ့ဆော်သည်။

အင်္ဂလိပ်အစိုးရသည် ၁၉၁၉ တွင် ရိုးလက်အက်ဥပဒေ (Rowlatt Act) ကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်းမရှိဘဲ လူတစ်ဦးတစ်ယောက်အား ဖမ်းဆီးခွင့်၊ ထောင်ချခွင့်ရှိပြီး သတင်းစာနှင့်အဖွဲ့အစည်းကိုလည်း ဖိနှိပ်နိုင်ခွင့်ရှိသည်။ အမျိုးသားကွန်ဂရက်သည် ဂန္ဒီ၏ဦးဆောင်မှုဖြင့် ရိုးလက်အက်ဥပဒေကို ဆန့်ကျင်သည့် အကြမ်းမဖက် လှုပ်ရှားမှုတစ်ရပ်ဆင်နွှဲသည်။ ဤလှုပ်ရှားမှုသည် အိန္ဒိယခရိုင်ပေါင်းများစွာကို ပျံ့နှံ့သွားသည်။ ၁၉၂၀ တွင် နာဂ်ပူ (Nagpur) မြို့၌ပြုလုပ်သော ကွန်ဂရက်အစည်းအဝေးတွင်

ကွန်ဂရက်၏မူဝါဒများကို ပြုပြင်ရန်ဆုံးဖြတ်သည်။ ဆွာရာ့ဂ် (Swarj) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးသည် ကွန်ဂရက်လှုပ်ရှားမှု၏ ရည်မှန်းချက်ဖြစ်ကြောင်း ကြေညာလေသည်။ လှုပ်ရှားမှုပြုလုပ်ရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံး အကြမ်းမဖက်ရေး၊ အစိုးရနှင့် မပူးပေါင်းရေး ဟူသော သစ္စာဂရဟ (Satyagraha) လမ်းစဉ်ကို ၁၉၂၀ တွင် ချမှတ်သည်။



ပုံ (၂-၄) ဂန္ဒီ

ဂန္ဒီက နိုင်ငံခြားဖြစ်အဝတ်အထည်များကို အသုံးမပြုကြရန်နှင့် ပြည်တွင်းဖြစ် လက်ရက်ကန်းအထည်များကိုအားပေးကာ ဝံသာနုစိတ်ဓာတ်များ ပေါ်ပေါက်စေရန် စည်းရုံးသည်။ ၁၉၂၁ တွင် အစိုးရနှင့် မပူးပေါင်းရေး လှုပ်ရှားမှုပြင်းထန်လာသည်။ ဤလှုပ်ရှားမှုကို ဆွာဒေရှိ (Swadeshi) (ဝါ) ဝံသာနုလှုပ်ရှားမှုဟုခေါ်သည်။ ၁၉၂၇ မဒရပ်မြို့တွင်ကျင်းပသော ကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေး၌ ကွန်ဂရက်က ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုရာမှ လုံးဝလွတ်လပ်ရေးကို တိုးတက်တောင်းဆိုခဲ့သည်။

၁၉၂၉ လာဟိုမြို့ (Lahore) ၌ကျင်းပသော ကွန်ဂရက်အစည်းအဝေးက လုံးဝလွတ်လပ်ရေးကို အရယူရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၃၀၊ ဇန်နဝါရီ ၂၆ ကို လွတ်လပ်ရေးနေ့ဟု ကွန်ဂရက်က ကြေညာခဲ့သည်။ ထိုလွတ်လပ်ရေးကို အကောင်အထည်ဖော်ရန် အာဏာဖီဆန်ရေးလှုပ်ရှားမှုကို စတင်ခဲ့သည်။ ဂန္ဒီကိုယ်တိုင် ဒန်ဒီ (Dandi) ကမ်းခြေတွင် ဆားချက်ခြင်းဖြင့် အင်္ဂလိပ်အစိုးရ၏ ဆားခွန်ဥပဒေကို ချိုးဖျက်လိုက်သည်။ ဤအာဏာဖီဆန်ရေး လှုပ်ရှားမှုသည် အမြို့မြို့အရွာရွာသို့ ပျံ့နှံ့သွားပြီး လူထုလှုပ်ရှားမှုကြီး ဖြစ်လာသည်။ ထို့ကြောင့် ဂန္ဒီအပါအဝင် ကွန်ဂရက်ခေါင်းဆောင်များနှင့် ပြည်သူအများ ဖမ်းဆီးခံရသည်။ ထိုလှုပ်ရှားမှုသည် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးကို ချက်ချင်းမရခဲ့သော်လည်း နောင်အခါရရှိမည့် လွတ်လပ်ရေးအတွက် လမ်းခင်းပေးခဲ့ခြင်းဖြစ်သည်။

## (၃) အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှု

### (က) ထိုင်းနိုင်ငံအမျိုးသားလှုပ်ရှားမှု

ထိုင်း (Thai) နိုင်ငံသည် အခြားအရှေ့တောင်အာရှ နိုင်ငံများကဲ့သို့ လွတ်လပ်ရေး ဆုံးရှုံးခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ထိုင်းအမျိုးသားလှုပ်ရှားမှုသည် အခြားအရှေ့တောင်အာရှနိုင်ငံများ၏ အမျိုးသားလှုပ်ရှားမှုနှင့်မတူဘဲ ကွဲပြားခြားနားသည်။ ထိုင်းနိုင်ငံ၏ အမျိုးသားလှုပ်ရှားမှုသည် သက်ဦးဆံပိုင်အုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်သောလှုပ်ရှားမှုသာ ဖြစ်သည်။

ထိုင်းနိုင်ငံကို ၁၉ ရာစုနှောင်းပိုင်းမှစ၍ ချက္ကရီမင်းဆက် (Chakri) များက သက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ၎င်းမင်းဆက် ဘုရင်များသည် ထိုင်းနိုင်ငံကို ခေတ်မီနိုင်ငံ ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

ဤသို့ခေတ်မီနိုင်ငံအဖြစ် ရောက်ရှိစေရန် ဆောင်ရွက်ရာမှ ခေတ်ပညာတတ် လူတန်းစားတစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ သို့သော် ထိုလူတန်းစားသည် အစိုးရရာထူးကြီးများနှင့် တပ်မတော် ရာထူးကြီးများကို ပဒေသရာဇ်လူတန်းစားများကသာ ရရှိနိုင်ခြင်းကို မကျေမနပ်ဖြစ်ခဲ့ကြသည်။ ထိုအခြေအနေတွင် စီးပွားရေး ပျက်ကပ်ဆိုက်ရောက်မှုနှင့် ဘုရင်အစိုးရ၏ အသုံးအဖြုန်းကြီးမှုတို့ကြောင့် ဘဏ္ဍာရေးအခြေအနေ ဆိုးရွားလာသည်။ ထိုပြဿနာကိုဖြေရှင်းရန် အစိုးရဝန်ထမ်းများ၏ လစာများကို ဖြတ်တောက်လျှော့ချခြင်း၊ အချို့ရာထူးများကို ဖျက်သိမ်းခြင်းပြုလုပ်သည်။ ထို့ကြောင့် လစာငွေနည်းပါးလာခြင်း၊ အလုပ်လက်မဲ့ဖြစ်လာခြင်း၊ မင်းညီမင်းသားတို့၏ လွှမ်းမိုးမှုနှင့် သက်ဦးဆံပိုင် ဘုရင်စနစ်ကို မကျေနပ်ခြင်းစသော အကြောင်းများကြောင့် ၁၉၃၂ တွင် တော်လှန်ရေး ပေါ်ပေါက်လာခဲ့သည်။

တော်လှန်ရေးတွင် ပါဝင်ခဲ့သူများမှာ စစ်ဘက်၊ နယ်ဘက်မှ ခေတ်ပညာတတ်များ ဖြစ်ကြသည်။ တော်လှန်ရေးကို ခေါင်းဆောင်ခဲ့သူမှာ ဥပဒေပါမောက္ခပရီဒီ (Pridi) ဖြစ်သည်။ ပရီဒီသည် လူထုပါတီကို ဖွဲ့စည်းပြီး ဘုရင့်ထံမှ အာဏာများကိုသိမ်းယူခဲ့သည်။ ထို့နောက် တော်လှန်ရေးသမားများသည် ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြသည်။ ၁၉၃၂ ဒီဇင်ဘာတွင် ဘုရင်ကဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းပေးသဖြင့် စည်းမျဉ်းခံဘုရင်စနစ် ပေါ်ပေါက်လာသည်။

အစိုးရသစ်သည် နိုင်ငံနှင့်လူမျိုးကိုချစ်ရမည်ဟု ဝါဒဖြန့်သည်။ နိုင်ငံကိုချစ်မြတ်နိုးသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် မူလတန်းအဆင့်မှစ၍ မြှင့်တင်ခဲ့သည်။ ထိုင်းနိုင်ငံတွင် နေထိုင်ကြသော လူမျိုးခြား လူနည်းစုဖြစ်သော တရုတ်နှင့်မလေးလူမျိုးများအား ထိုင်းစာပေနှင့်ယဉ်ကျေးမှုကို လက်ခံလာစေရန် ဥပဒေများဖြင့် စီစဉ်ဆောင်ရွက်ခဲ့သည်။

စီးပွားရေးတွင် နိုင်ငံခြားသားအရင်းရှင်များ ကြီးစိုးနေသဖြင့် ထိုင်းအစိုးရသည် ဥပဒေအမျိုးမျိုး ထုတ်ပြန်ခဲ့သည်။ ထိုဥပဒေများအရ အရင်းရှင်စီးပွားရေး လုပ်ငန်းကြီးများကို ထိုင်းအမျိုးသားများ လက်တွင်းသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကန့်အသတ်နှင့် ခွင့်ပြုသည်။ ကုန်ထုတ်လုပ်ငန်းများကို ထိုင်း

အမျိုးသားများ လုပ်ကိုင်နိုင်စေရန် အစိုးရက ငွေကြေးထောက်ပံ့ခဲ့သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ခြင်းအားဖြင့် အမျိုးသားစည်းလုံးရေးကို ပိုမိုထိရောက်စေခဲ့သည်။

၁၉၃၉ တွင် အစိုးရသစ်သည် နိုင်ငံ၏အမည်ကိုပင် ဆိုင်းယမ်း (Siam) ဟူသောအမည်မှ ထိုင်းနိုင်ငံဟူ၍ တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

## (စ) အင်ဒိုချိုင်းနားအမျိုးသားလှုပ်ရှားမှု

ပြင်သစ်နယ်ချဲ့ကိုဆန့်ကျင်သော အင်ဒိုချိုင်းနားအမျိုးသားလှုပ်ရှားမှုသည် ပြည်ပ၌ အခြေစိုက်ပြီး စတင်ပေါ်ပေါက်သည်။ ရုရှား-ဂျပန်စစ်ပွဲ (၁၉၀၄-၁၉၀၅) အပြီး ဗီယက်နမ်မျိုးချစ်ပုဂ္ဂိုလ် တစ်စုသည် ဂျပန်နိုင်ငံ၌ အခြေစိုက်ကာ ပြင်သစ်ဆန့်ကျင်ရေး လုပ်ငန်းများကို စတင်ကြသည်။ ဂျပန်အစိုးရက နှင်ထုတ်သောအခါ တရုတ်နိုင်ငံ ကန်တုံ (Canton) မြို့၌ ပြန်လည်အခြေစိုက်ကြပြီး ၁၉၁၂ တွင် ဗီယက်နမ်ပြန်လည်ထူထောင်ရေးအသင်းကို ဖွဲ့စည်းသည်။ ထိုအသင်းသည် တရုတ်နိုင်ငံမှနေ၍ တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်သော်လည်း ပြင်သစ်အာဏာပိုင်များ၏ နှိပ်ကွပ်မှုကြောင့် အောင်မြင်မှုမရရှိပေ။

ပထမကမ္ဘာစစ်ပြီးသောအခါ အင်ဒိုချိုင်းနား အမျိုးသားလှုပ်ရှားမှုမှာ ပိုမိုသွက်လက်လာသည်။ စစ်အတွင်း၌ အင်ဒိုချိုင်းနား အမျိုးသားအချို့ ဥရောပ၌စစ်မှုထမ်းရ၍ အမြင်ကျယ်လာကြသည်။ အမေရိကန်သမ္မတဝီလ်ဆင် ကြေညာသော မူ (၁၄) ချက်တွင် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရေးမူ ပါရှိသောကြောင့် ပညာတတ်လူငယ်တို့ စိတ်ဓာတ်တက်ကြွလာကြသည်။ အမျိုးသားရေး ဦးတည်ချက်ဖြင့် နိုင်ငံရေး အသင်းအဖွဲ့များ ပေါ်ပေါက်လာကြသည်။ ၁၉၂၇ တွင် ဗီယက်နမ်အမျိုးသားပါတီ (Vietnam National Party) ကို မြေအောက်အဖွဲ့အဖြစ် ဖွဲ့စည်းထူထောင်သည်။ ယင်းအမျိုးသားပါတီသည် အကြမ်းဖက်လှုပ်ရှားလာပြီး ၁၉၃၀ တွင် ဗီယက်နမ် တပ်မတော်သားများကို စည်းရုံးကာ ယန်ဘေး (Yenbay) ၌ တော်လှန်ပုန်ကန်သည်။ မအောင်မြင်ဘဲ ခေါင်းဆောင်တို့ တရုတ်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးကြရသည်။



ပုံ ( ၂ - ၅ ) ဟိုချီမင်း

ယန်ဘေးအရေးတော်ပုံ ကျဆင်းပြီးနောက်ပိုင်းတွင် အင်ဒိုချိုင်းနား အမျိုးသားလှုပ်ရှားမှုကို ကွန်မြူနစ်တို့ ဦးဆောင်လာကြသည်။ ၁၉၃၀ တွင် ဟိုချီမင်း (Ho Chi Minh) သည် ဗီယက်နမ်ကွန်မြူနစ် ပါတီကို တည်ထောင်သည်။ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် တောင်သူလယ်သမားနှင့် ပြည်သူအများကျပ်တည်းနေချိန်ဖြစ်သည်။ ဗီယက်နမ် ကွန်မြူနစ်ပါတီက ပြည်သူလူထုကိုစည်းရုံးကာ ဆန္ဒပြပွဲများနှင့် သပိတ်များကို ဆင်နွှဲသည်။ ပြင်သစ်အာဏာပိုင်များက ပြင်းပြင်းထန်ထန် အရေးယူ နှိမ်နင်းသောကြောင့် လှုပ်ရှားမှုအရှိန်အဟုန် ယုတ်လျော့သွားသည်။ သို့သော် ကွန်မြူနစ်များသည် မြေအောက်လှုပ်ရှားမှုအသွင်ဖြင့် ဆက်လက်စည်းရုံးဝါဒဖြန့်ကြသည်။

## (ဂ) အင်ဒိုနီးရှားနိုင်ငံအမျိုးသားလှုပ်ရှားမှု

ဒတ်ချ်တို့လက်အောက်ခံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ ၂၀ ရာစုအစောပိုင်းတွင် အမျိုးသားလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။ ဂျာဗားတွင် ပထမဆုံး စတင်လှုပ်ရှားခဲ့သည်။

အင်ဒိုနီးရှား အမျိုးသားလှုပ်ရှားမှုသည် ယဉ်ကျေးမှုနယ်ပယ်မှ စတင်ခဲ့သည်။ ခေါင်းဆောင်များမှာ ခေတ်ပညာတတ်များဖြစ်ကြပြီး အများစုမှ ဂျာဗား (JAVA) မှ ဖြစ်ကြသည်။ ၁၉၀၈ တွင် ဘူဒီအူတိုမို (Budi Utomo) ခေါ် မြင့်မြတ်စွာကြံဆောင်ရေး အသင်းကိုဖွဲ့စည်းသည်။ ရည်ရွယ်ချက်မှာ အမျိုးသားယဉ်ကျေးမှုကို မြှင့်တင်ရန်နှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့ တိုးတက်စေရန်ဖြစ်သည်။

၁၉၁၁ တွင် ဆာရေကတ် အစ္စလမ် (Sarekat Islam) ခေါ် ဘာသာရေးကို အခြေခံသည့် အဖွဲ့အစည်းပေါ်ပေါက်လာသည်။ ဆာရေကတ်အစ္စလမ်အသင်းကို ဖွဲ့စည်းရသည့်အကြောင်းမှာ အစ္စလမ်ဘာသာကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဖြစ်သည်။ ဤအသင်းသည် ဘာသာရေးကို အခြေခံသော်လည်း မျိုးချစ်စိတ်ဓာတ်ဖြင့် ဒတ်ချ်နှင့်တရုတ်တို့ကိုပါ ဆန့်ကျင်လာခဲ့သည်။ ထိုအဖွဲ့၏ ၁၉၁၆ ညီလာခံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဆိုရှယ်လစ်အတွေးအခေါ်များ အင်ဒိုနီးရှားသို့ရောက်ရှိလာပြီး ၁၉၁၃ တွင် ဆိုရှယ်လစ် ဒီမိုကရက်တစ်ကလပ် (Social Democratic Club) အမည်ဖြင့် ဆိုရှယ်လစ် အဖွဲ့ပေါ်ပေါက်လာသည်။ ၁၉၁၇ ရုရှားတော်လှန်ရေးကြောင့် ၁၉၁၀ တွင် အင်ဒိုနီးရှား ကွန်မြူနစ်ပါတီကို ဖွဲ့စည်းတည်ထောင်သည်။ ထိုပါတီ၏ခေါင်းဆောင်မှုဖြင့် ၁၉၂၆ နှင့် ၁၉၂၇ အတွင်း ဂျာဗားကျွန်းနှင့် ဆူမတြားကျွန်းတို့တွင် လက်နက်ကိုင်ပုန်ကန်မှုများ ပေါ်ပေါက်လာခဲ့သည်။ သို့သော် ဒတ်ချ်အစိုးရက လျင်မြန်စွာ နှိမ်နင်းခဲ့သည်။

အင်ဒိုနီးရှားမျိုးချစ်တို့သည် အမျိုးသားကျောင်းများနှင့် စာပေလေ့လာရေးကလပ်များ ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ ကိုလိုနီပညာရေးစနစ်အောက်မှ ရုန်းထွက်နိုင်ရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို မြှင့်တင်ရန်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံရေးအဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ရာ အထင်ရှားဆုံးနှင့်အရေးပါဆုံးမှာ ဘန်ဒေါင်းစာပေလေ့လာရေးကလပ်မှ ၁၉၂၇ တွင် ဖွဲ့စည်းလိုက်သော အင်ဒိုနီးရှား အမျိုးသားပါတီ (PNI= Perseikatan National Indonesia) ဖြစ်သည်။ ခေါင်းဆောင်မှာ ဆူကာနို (Sukarno) ဖြစ်သည်။

ဆူကာနိုဦးဆောင်သော အမျိုးသားပါတီသည် အမျိုးသားရေးအတွက် နိုးကြားတက်ကြွစွာ လှုပ်ရှားလာခဲ့သဖြင့် တဖြည်းဖြည်း အင်အားတောင့်တင်းလာခဲ့သည်။ အမျိုးသားပါတီ၏ အင်အားကို သိလာသော ဒတ်ချ်အစိုးရသည် ခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ ပါတီအစည်းအဝေးများကို ပိတ်ပင်ခြင်းများပြုလုပ်၍ နှိပ်ကွပ်သည်။ ၁၉၂၉ တွင် အမျိုးသားပါတီသည် ဖျက်သိမ်းခြင်းခံရသည်။ ထို့ကြောင့် အင်ဒိုနီးရှား အမျိုးသားလှုပ်ရှားမှုသည် အင်အားဆုတ်ယုတ်သွားခဲ့သည်။

## (၄) တရုတ်နိုင်ငံအမျိုးသားလှုပ်ရှားမှု

### ၁၉၁၁ ဘူစွာတော်လှန်ရေး

၁၉၀၅ နောက်ပိုင်း တရုတ်အမျိုးသားလှုပ်ရှားမှုတွင် ထင်ရှားသည့်အမျိုးသား ခေါင်းဆောင်မှာ ဒေါက်တာ ဆွန်ယက်ဆင် (Dr. Sun Yat-Sen) ဖြစ်သည်။ ဆွန်ယက်ဆင်သည် ကွမ်တုန်းအရပ်တွင် လယ်သမားမိဘ နှစ်ပါးမှ မွေးဖွားလာသည်။ ဆေးပညာကိုသင်ကြားပြီး ဆရာဝန်ဘွဲ့ရသည်။ မန်ချူးဆန့်ကျင်ရေးတွင် ပါဝင်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင်မနေနိုင်ဘဲ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ ၁၉၀၅ တွင် တရုတ်နိုင်ငံသို့ ပြန်ရောက်ရှိပြီး တုန်မန်ဟွေ့ (Tong Meng Hui) အသင်းကို တည်ထောင်သည်။ ထိုအသင်း၏ အခြေခံမူ များမှာ -

(၁) အမျိုးသားရေး (Nationalism)

(၂) ဒီမိုကရေစီရေး (Democracy)

(၃) ပြည်သူ့စားဝတ်နေမှုဖူလုံရေး (People's Livelihood) တို့ဖြစ်သည်။

ဆွန်ယက်ဆင်သည် 'လူထု' သတင်းစာကိုထုတ်ဝေ၍ မိမိဝါဒများကို ပျံ့နှံ့အောင်ဆောင်ရွက်သည်။ ဆွန်ယက်ဆင်၏ ဝါဒကို ပြည်သူများကလက်ခံလာပြီး တုန်မန်ဟွေ့အသင်းများကို အမြို့မြို့အနယ်နယ်တွင် တည်ထောင်ကြသည်။ မန်ချူးတော်လှန်ရေးအတွက် အလုပ်သမားများကိုသာမက စစ်တပ်များကိုပါ အောင်မြင်စွာ စည်းရုံးနိုင်သဖြင့် တုန်မန်ဟွေ့အသင်းများ အင်အားကောင်းလာခဲ့သည်။ ၁၉၁၁ တွင် တုန်မန်ဟွေ့အသင်းများနှင့် အခြားတော်လှန်ရေးအဖွဲ့များ ပူးပေါင်းမိကြသည်။ ၁၉၁၁၊ အောက်တိုဘာ ၁၀ တွင် ဝူချန် (Wuchang) မြို့၌ ပုန်းပေါက်ကွဲသည်မှစ၍ ၁၉၁၁ တော်လှန်ရေးပေါ်ပေါက်ခဲ့သည်။ ထိုတော်လှန်ရေးသည် နိုင်ငံအနှံ့အပြားသို့ လျင်မြန်စွာပျံ့နှံ့သွားသည်။



ပုံ (၂-၆) ဆွန်ယက်ဆင်

၁၉၁၂၊ ဇန်နဝါရီ ၁ ရက်တွင် နန်ကျင်းမြို့၌ တရုတ်သမ္မတနိုင်ငံ ယာယီအစိုးရဖွဲ့စည်း၍ ဆွန်ယက်ဆင်အား သမ္မတမြှောက်သည်။ တရုတ်ပြည်မြောက်ပိုင်း၌ အာဏာဆက်လက်ထိန်းရန် ကြိုးစားနေသော မန်ချူး (Manchu) မင်းဆက်သည် စစ်မင်းယွမ်ရှီခိုင် (Yuan Shih-kai) ကို အားကိုးအားထားပြုလာသည်။ သို့သော် ယွမ်ရှီခိုင်သည် မိမိအာဏာရရှိရေးကိုသာ ရှေးရှုပြီး ဆွန်ယက်ဆင်၏ သမ္မတအစိုးရနှင့် စေ့စပ်ဆွေးနွေးသည်။ ယွမ်ရှီခိုင်၏ ထောက်ခံမှုမရှိသည့်အတွက် ၁၉၁၂ ဖေဖော်ဝါရီတွင် မန်ချူးဘုရင် အာဏာစွန့်လွှတ်ရသည်။ ဤသို့ဖြင့် မန်ချူးအုပ်ချုပ်ရေးပျက်သုဉ်း၍ သမ္မတအုပ်ချုပ်ရေး ပေါ်ပေါက်လာသည်။ သမ္မတအစိုးရသစ် ဖွဲ့စည်းသောအခါ ယွမ်ရှီခိုင်သည် သမ္မတဖြစ်လာပြီး လီယွန်ဟန် (Li Yuan-Hung) က ဒုတိယသမ္မတဖြစ်လာသည်။

၁၉၁၁ တော်လှန်ရေးသည် တရုတ်အမျိုးသားလှုပ်ရှားမှုအတွက် အောင်ပွဲတစ်ရပ်ဖြစ်သည်။ ထိုတော်လှန်ရေးကို ဘူဇွာလူတန်းစားကဦးဆောင်ပြီး တရုတ်နိုင်ငံကို ပဒေသရာဇ်အုပ်ချုပ်ရေးမှ သမ္မတအုပ်ချုပ်ရေးသို့ ပြောင်းလဲထူထောင် ပေးလိုက်ခြင်းဖြစ်သည်။ ထိုသို့ ဘုရင်အုပ်ချုပ်ရေး ပျက်သုဉ်း၍ သမ္မတအုပ်ချုပ်ရေးကို ထူထောင်နိုင်ခဲ့သော်လည်း မြေရှင်ကြီးများနှင့် စစ်မင်းများ ဆက်လက်ရှိနေသေးသည်။ ထို့ကြောင့် ဆွန်ယက်ဆင်သည် အမျိုးသားခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ ပဒေသရာဇ်အင်အားစုအကြွင်းအကျန်များကို ဆက်လက်တိုက်ခိုက်ကာ သမ္မတအုပ်ချုပ်ရေးကို ခိုင်မြဲစေရန် ကြိုးပမ်းခဲ့ရသည်။

**မေ ၄ အရေးတော်ပုံ**

ပထမကမ္ဘာစစ်ဒုပြီးတွင် တရုတ်အမျိုးသားလှုပ်ရှားမှု၏ အရှိန်အဟုန်ကြီးမားလာသည်။ ပထမကမ္ဘာစစ်အတွင်းတွင် တရုတ်သည် ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း ဂျပန်က ရှန်တုန်းနယ်ကို သိမ်းပိုက်ပြီး အမြတ်ထုတ်လိုက်သည်။ စစ်အပြီး ၁၉၁၉ တွင် ကျင်းပသော ပါရီငြိမ်းချမ်းရေး ညီလာခံ၌ ရှန်တုန်း အရေးကိစ္စနှင့်ပတ်သက်ပြီး တရုတ်နှင့်ဂျပန်တို့ အပြိုင်အဆိုင် တောင်းဆိုချက်များ တင်သွင်းကာ ညီလာခံ၏ အဆုံးအဖြတ်ကို ရယူရန်ကြိုးစားကြသည်။

၁၉၁၉ ဧပြီကုန်လုနီးတွင် ညီလာခံ၌ တရုတ်အရေးနိမ့်မည်ဟူသော သတင်းပေါ်ထွက်လာသည်။ ဤအရေး၌ အထူးစိတ်ဝင်စားကြသော တရုတ်ပြည်သူတစ်ရပ်လုံးက မေ ၃ တွင် လှုပ်ရှားလာကြသည်။

ပီကင်းမြို့ရှိ ကျောင်းသားအဖွဲ့များက မေ ၄ တွင် ဆန္ဒပြပွဲကျင်းပရန် ဆုံးဖြတ်ကြသည်။ မေ ၄ တွင် ပီကင်းမြို့ရှိ တက္ကသိုလ်ကောလိပ်များမှ ကျောင်းသူကျောင်းသား ၃၀၀၀ခန့်စုဝေးကြပြီး လက်ကမ်းစာစောင်များဝေကာ မြို့ထဲ၌လှည့်လည် ဆန္ဒပြကြသည်။ ကျောင်းသားကျောင်းသူများ ငြိမ်းချမ်းစွာ ဆန္ဒပြကြသော်လည်း တရုတ်အရာရှိကြီး တစ်ဦး၏အိမ်တွင် ရဲများကတံခါးပိတ်ပြီး ခုခံကြသောကြောင့် ရဲနှင့်ကျောင်းသားများ ပဋိပက္ခဖြစ်ကြသည်။ ကျောင်းသားအချို့ ထိခိုက်ဒဏ်ရာရပြီး ကျောင်းသား ၃၂ ယောက် အဖမ်းခံကြရသည်။

မေ ၅ တွင် ပီကင်းမြို့လူထုကြီးက အစည်းအဝေးကျင်းပပြီး ပါရီငြိမ်းချမ်းရေး ဆွေးနွေးပွဲကို သပိတ်မှောက်ရန်ဆုံးဖြတ်သည်။ ဤသို့ဖြင့် ကျောင်းသားဆန္ဒပြပွဲအဖြစ် စတင်ခဲ့သော လှုပ်ရှားမှုသည် လူထု

လူတန်းစား အားလုံးပါဝင်လာသော လှုပ်ရှားမှုကြီးဖြစ်လာသည်။ ဖမ်းဆီးထားသော ကျောင်းသား ၃၂ ဦးကို မေ ၇ တွင် ပြန်လွှတ်ပေးသော်လည်း လူထုသပိတ်မှောက် ဆန္ဒပြပွဲကြီးသည် မပြီးဆုံးဘဲ ပီကင်းမြို့မှတစ်ဆင့် အခြားမြို့ကြီးများသို့ ပျံ့နှံ့သွားသည်။ နေရာအနှံ့အပြားတွင် ဆူပူလှုပ်ရှားမှု အသွင်သို့ ကူးပြောင်းသွား၍ စစ်တပ်နှင့်ရဲများဖြင့် နှိမ်နင်းရသောအဆင့်သို့ ရောက်ရှိသည်။ တရုတ်အစိုးရအနေနှင့် ပါရီတွင်ရောက်ရှိနေသော တရုတ်ကိုယ်စားလှယ်အဖွဲ့အား ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်မထိုးဘဲ တရုတ်နိုင်ငံသို့ပြန်လာရန် အမိန့်ထုတ်ရတော့သည်။ ထိုအခါမှ တရုတ်ပြည်သူ တစ်ရပ်လုံးမှာ ကျေနပ်မှုရရှိသွားကြသည်။

မေ ၄ အရေးတော်ပုံသည် တရုတ်အမျိုးသား လှုပ်ရှားမှုသမိုင်းတွင် အလွန်ထူးခြားပြီး အရေးပါသောဖြစ်ရပ်ကြီးတစ်ခုဖြစ်သည်။ ဤအရေးတော်ပုံတွင် တရုတ်ပြည်သူတစ်ရပ်လုံး နိုင်ငံရေးနိုးကြားလာကြပြီး ပထမဆုံးအကြိမ် စည်းလုံးညီညွတ်လာသည်။

**လေ့ကျင့်ခန်းများ**

၁။ အမျိုးသားလှုပ်ရှားမှု၏ သဘောကိုဖော်ပြပါ။

၂။ စစ်ပါရီအရေးတော်ပုံအကြောင်း ရှင်းလင်းပြပါ။

၃။ အိန္ဒိယနိုင်ငံ အမျိုးသားလှုပ်ရှားမှုတွင် ဂန္ဒီ၏ နိုင်ငံရေးဆောင်ရွက်ချက်များကို ရေးပါ။

၄။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလှုပ်ရှားမှုအကြောင်း ရှင်းလင်းပါ။

၅။ ၁၉၁၁ ဘူဇွာတော်လှန်ရေးအကြောင်း တင်ပြပါ။

## ဃ။ ဖက်ဆစ်စနစ်

### (၁) ဖက်ဆစ်စနစ်၏သဘော

ဖက်ဆစ်စနစ်ဆိုသည်မှာ အရင်းရှင်ကြီးများက ပြည်သူလူထုကို ခြောက်လှန့်၍ အုပ်စိုးသော အာဏာရှင်စနစ်ကို ဆိုလိုသည်။

အရင်းရှင်စနစ် ပိုမိုကြီးထွားလာသည်နှင့်အမျှ ကြီးမားသော ပြဿနာများကို ရင်ဆိုင်လာရသည်။ ကုန်ထုတ်လုပ်မှုသည် ပရမ်းပတာဖြစ်သောကြောင့် စီးပွားရေးပျက်ကပ်များ မကြာခဏဖြစ်ပေါ်သည်။ ခေါင်းပုံဖြတ်ခံရသော အလုပ်သမားများသည် နိုင်ငံရေးအသိ တိုးတက်လာသောကြောင့် အရင်းရှင်စနစ်ကို ဆန့်ကျင်တိုက်ခိုက်ကြသည်။

ကြီးမားသော ပြဿနာများ၏ကြားတွင် အရင်းရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အရင်းရှင်ကြီးများသည် ဒီမိုကရေစီနည်းလမ်းများကို စွန့်ပယ်ပြီး အဓမ္မနည်းလမ်းများကို အသုံးပြုကြသည်။ ပြည်သူလူထုကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်သည်။ ဤသို့ဖြင့် ဖက်ဆစ်စနစ်သည် ခေတ်နောက်ပြန်ဆွဲ၍ ဖောက်ပြန်သောစနစ်ဖြစ်သည်။

ဖက်ဆစ်စနစ်သည် အီတလီ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့တွင် ထင်ရှားစွာ ထွန်းကားခဲ့သည်။

### (၂) အီတလီဖက်ဆစ်စနစ်

#### စစ်ပြီးခေတ်အီတလီ၏အခြေအနေ

အီတလီသည် ပထမကမ္ဘာစစ်တွင် စစ်နိုင်သောနိုင်ငံတစ်ခုဖြစ်သော်လည်း စစ်ဒဏ်ကို အပြင်းအထန်ခံလိုက်ရသည်။ စစ်ပြီးကာလ ပါရီငြိမ်းချမ်းရေးညီလာခံ၌ စစ်နိုင်မဟာမိတ်နိုင်ငံများက နယ်မြေများကို ခွဲဝေယူရာတွင် အီတလီသည် ဝေစုမရချေ။ စစ်ပြီးခေတ် အီတလီတွင်ငွေကြေးတန်ဖိုး ကျဆင်းပြီး အသုံးစရိတ်မှာ တစ်နေ့တခြားကြီးမားလာသည်။ စက်မှုလက်မှုလုပ်ငန်းများကျဆင်း၍ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ကြသည်။ စားဝတ်နေရေးကျပ်တည်းမှုကြောင့် အလုပ်သမားများမကြာခဏ သပိတ်မှောက် ဆူပူလှုပ်ရှားကြသည်။

တစ်ဖက်တွင်လည်း စားနပ်ရိက္ခာကို ပြည်တွင်း၌ လုံလောက်စွာ မထုတ်လုပ်နိုင်သောကြောင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။ လူဦးရေလည်းတိုးပွားလျက်ရှိရာ စားနပ်ရိက္ခာပြဿနာသည် အထူးကြီးမားလာသည်။

အစိုးရကဝင်ငွေများပြားလာစေရန် အခွန်များကို တိုးမြှင့်ကောက်ခံသည်။ ဤသို့ အခွန်များ တိုးမြှင့်ကောက်ခံသော်လည်း လုပ်ခများတိုးမြှင့်ပေးခြင်း မရှိသောကြောင့် အလုပ်သမားများဆင်းရဲ ဒုက္ခရောက်ကြရသည်။ တစ်ဖက်၌လည်း ကုန်ဈေးနှုန်းမြင့်မားမှုကြောင့် အလုပ်သမားနှင့်ဆင်းရဲသားတို့ စီးပွားရေး အလွန်ကျပ်တည်းကြသည်။ ထို့ကြောင့် ဆိုရှယ်လစ်သဘောတရားများကို ထောက်ခံပြီး ဆိုရှယ်လစ်တို့အင်အားကြီး

ထွားလာကြသည်။ အချို့နေရာများတွင် ဆိုရှယ်လစ်ဦးဆောင်မှုဖြင့် အလုပ်သမားများသည် စက်မှုလုပ်ငန်းများကို ပိုင်ရှင်များထံမှ သိမ်းယူပြီး ဦးဆောင်လုပ်ကိုင်ကြသည်။ အလုပ်သမားလှုပ်ရှားမှုအင်အား ကောင်းလာသောကြောင့် အရင်းရှင်လူတန်းစားသည် ထိတ်လန့်လာသည်။

ထိုအခါ အမျိုးသားဝါဒကို လက်ကိုင်ထားသော ဖက်ဆစ်ပါတီသည် ဆိုရှယ်လစ်များ၊ ကွန်မြူနစ်များထက် လူထုထောက်ခံမှု ပိုမိုရရှိလာသည်။ ဖက်ဆစ်ပါတီကို မူဆိုလီနီ (Musso Lini) က ခေါင်းဆောင်သည်။

**ဖက်ဆစ်ပါတီအာဏာရလာခြင်း**

၁၉၁၉ တွင် မူဆိုလီနီက ဖက်ဆစ်ပါတီကို ဖွဲ့စည်းခဲ့သည်။ ဖက်ဆစ်ပါတီဟူသော ဝေါဟာရ၏ မူရင်းအဓိပ္ပာယ်မှာ အသင်းအဖွဲ့ဖြစ်သည်။ စုစည်းမှုဟူ၍လည်း အဓိပ္ပာယ်သက်ရောက်သည်။ မူဆိုလီနီသည် အီတလီနိုင်ငံကို ပြန်လည်စည်းရုံးပြီး အင်အားကြီးနိုင်ငံအဖြစ် ထူထောင်ရန်ရည်ရွယ်သည်။ ၎င်းသည် တစ်ဖက်စွန်းရောက် အမျိုးသားရေးဝါဒကို လက်ကိုင်ပြုကာ လူမျိုးကြီးဝါဒကို ဟောပြောခဲ့သည်။ ၁၉၂၁ မေလတွင် ကျင်းပသော ရွေးကောက်ပွဲ၌ ဖက်ဆစ်ပါတီဝင် ၃၅ ဦး နေရာရရှိခဲ့သည်။

မူဆိုလီနီသည် စစ်မှုထမ်းဟောင်းများ၊ အရင်းရှင်များ၊ လူငယ်လူရွယ် ပညာတတ်များကို စည်းရုံး၍ ဖက်ဆစ်ဝါဒလမ်းစဉ်ကို ချမှတ်ပေးခဲ့သည်။ မူဆိုလီနီသည် ဖက်ဆစ်ပါတီကို ဖွဲ့စည်းရာတွင် စစ်တပ်ကဲ့သို့ အဆင့်ဆင့်ဖွဲ့စည်းပြီး သံမဏိစည်းမျဉ်းများဖြင့် လေ့ကျင့်သင်ကြားပေးသည်။ ပါတီဝင်များကို ရှပ်နက်ဝတ်စုံများ ဝတ်ဆင်စေသည်။



ပုံ (၂-၇) မူဆိုလီနီ

၁၉၂၂ အောက်တိုဘာတွင် နေပယ် (Naples) မြို့၌ ဖက်ဆစ်ပါတီကွန်ဂရက်ကို ကျင်းပခဲ့ရာ ပါတီဝင် ငါးသောင်း (၅၀၀၀၀) ခန့်တို့သည် တူညီဝတ်စုံများဝတ်ဆင်ကာ စုရုံးခဲ့ကြသည်။ ထို ကွန်ဂရက်တွင် မူဆိုလီနီက နိုင်ငံတော်အာဏာကို မိမိလက်သို့မအပ်လျှင် ရောမအရောက် ချီတက်မည်ဟု ကြုံးဝါးသည်။ ထို့နောက် ဖက်ဆစ်ပါတီ ခါးပိုက်ဆောင်တပ်ဖွဲ့များ ရောမမြို့သို့ ချီတက်လာကြသည့်အခါ အီတလီ ဘုရင်က မူဆိုလီနီကိုဖိတ်ခေါ်ပြီး အစိုးရဖွဲ့ခိုင်းရသည်။

ပါလီမန်ကလည်း မူဆိုလီနီအား အာဏာရှင်အဖြစ် တစ်နှစ်ထမ်းဆောင်ရန် သဘောတူရသည်။

မူဆိုလီနီသည် ဖက်ဆစ်ပါတီကို တစ်နိုင်ငံလုံး အနှံ့အပြားစည်းရုံး ဖွဲ့စည်းသည်။

ထို့နောက် နိုင်ငံရေးအတိုက်အခံ ဂိုဏ်းသားတို့ကို ဖမ်းဆီး၍အကျဉ်းချခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဝေဖန်သူများကို နှုတ်ပိတ်ခြင်းစသော အကြမ်းဖက်မှုများကို ပြုလုပ်သည်။ ထို့ကြောင့်ဆိုရှယ်လစ် ခေါင်းဆောင်များနှင့် လစ်ဘရယ်ဝါဒီများလည်း နိုင်ငံခြားသို့ သွားရောက်ခိုလှုံကြရသည်။ အချို့သော အမျိုးသားဝါဒီများမှာမူ ဖက်ဆစ်ပါတီ၏ ဘက်တော်သားများဖြစ်လာကြသည်။

၁၉၂၄ တွင် အီတလီနိုင်ငံသည် ဖက်ဆစ်ပါတီနှင့် အာဏာရှင် မူဆိုလီနီ၏ ဩဇာအောက်သို့ ရောက်ရှိသွားလေသည်။

## (၃) ဂျာမနီဖက်ဆစ်စနစ်

### စစ်ပြီးခေတ် ဂျာမနီအခြေအနေ

ပထမကမ္ဘာစစ်မတိုင်မီက ဘုရင်စနစ်ဖြင့်အုပ်ချုပ်သော ဂျာမနီသည် စစ်အပြီးတွင် သမ္မတနိုင်ငံဖြစ်လာသည်။ အခြေခံဥပဒေသစ်ကို ဝိုင်မာ (Weimar) မြို့တွင်ပြဋ္ဌာန်းသောကြောင့် ဝိုင်မာသမ္မတနိုင်ငံ (Weimar Republic) ဟု အမည်တွင်သည်။

စစ်ပြီးခေတ် ဂျာမနီသည် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ ထိုသို့ရင်ဆိုင်ရသော အခက်အခဲများတွင် စစ်လျော်ကြေးပေးဆောင်ရခြင်းသည် ကြီးမားသော အခက်အခဲတစ်ရပ်ဖြစ်သည်။ စစ်လျော်ကြေးကော်မရှင်က စစ်လျော်ကြေး မတ်ငွေသန်းပေါင်း ၁၃၂,၀၀၀ ကို အရစ်ကျပေးဆောင်ရန် သတ်မှတ်သည်။ ဂျာမနီ၏ စီးပွားရေးအခြေအနေ ကျဆင်းနေသောကြောင့် ပထမအရစ်ကို သုံးလနောက်ကျမှပေးဆောင်နိုင်သည်။ ဂျာမနီသည် စစ်လျော်ကြေးကို သတ်မှတ်သည့်အတိုင်း မပေးဆောင်နိုင်သောကြောင့် ၁၉၂၃ ဇန်နဝါရီတွင် ပြင်သစ်နှင့် ဘယ်လ်ဂျီယံတပ်များက ဂျာမနီ၏စီးပွားရေး အချက်အချာဒေသဖြစ်သော ရား (Ruhr) ဒေသကို သိမ်းပိုက်ကြသည်။ ရားဒေသ၌ စီးပွားရေး လုပ်ငန်းများ ရပ်ဆိုင်းသွားသောကြောင့် ဂျာမနီ၏စီးပွားရေး ပိုမိုကျပ်တည်းလာပြီး ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်လာသည်။

ဗာဆိုင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် စစ်ရှုံးဂျာမနီကို တစ်ဖက်သတ် ချုံးနှိမ်သောကြောင့် ဂျာမန်ပြည်သူတို့ စိတ်နာကြည်းကြသည်။ စီးပွားရေး၊ လူမှုရေး အခက်အခဲများကိုရင်ဆိုင်ရသောကြောင့် အမျိုးသားစိတ်ဓာတ် ပြင်းထန်လာသည်။


ဤအခြေအနေမျိုးတွင် ဟစ်တလာ (Hitler) ခေါင်းဆောင်သည့် အမျိုးသား ဆိုရှယ်လစ်ပါတီ (National Socialist Party) ခေါ် နာဇီပါတီ (Nazi Party) ကို ထောက်ခံသူ တစ်နေ့တခြား များပြားလာသည်။ နောက်ဆုံးတွင် နာဇီပါတီသည် နိုင်ငံတော်အာဏာကို သိမ်းယူနိုင်သည်အထိ အင်အားကြီးမားလာခဲ့သည်။

**နာဇီဝါဒလမ်းစဉ်နှင့် နာဇီပါတီအာဏာရရှိခြင်း**

၁၉၁၉ တွင် ဟစ်တလာ (Hitler) သည် နာဇီပါတီ (Nazi Party) ကို စတင်တည်ထောင်ခဲ့သည်။ နာဇီဟူသောအမည်မှာ အမျိုးသားဆိုရှယ်လစ် (National Socialist) ကို ဂျာမန်ဘာသာဖြင့် အတိုချုံ့ခေါ်ထားခြင်းဖြစ်သည်။

နာဇီဝါဒကို ဟစ်တလာရေးသားသော မိုင်ကမ့် (Mein Kampf) ခေါ် ကျွန်ုပ်၏စွန့်စားမှု အမည်ရှိသည့်စာအုပ်တွင် အကျယ်တဝင့် ဖော်ပြထားသည်။ နာဇီဝါဒသည် လူမျိုးကြီးဝါဒနှင့် အာဏာရှင်သူရဲကောင်းဝါဒကို အခြေခံထားသည်။ လူမျိုးကြီးဝါဒအရ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်၌ ဂျာမန်လူမျိုးတို့သာ ကြီးစိုးခဲ့ကြသည်။ ဂျာမန်တို့သည် ထက်မြက်ရဲရင့်သောလူမျိုးဖြစ်၍ အနာဂတ် တွင်လည်း ဂျာမန်တို့သာကြီးစိုးရမည်။ လူမျိုးသန့်စင်စေရန်အတွက် ဂျာမန်မဟုတ်သူများနှင့် သွေးနှောခြင်းမရှိစေရန် ဆောင်ရွက်ရမည်။ ဂျာမနီ၏စီးပွားရေးကို လွှမ်းမိုးချုပ်ကိုင်ထားသော ဂျူး (Jew) လူမျိုးများကို နှိပ်ကွပ်ရမည်။ ဂျာမန်နယ်မြေအားလုံးကိုပူးပေါင်းကာ မဟာဂျာမနီနိုင်ငံ ထူထောင်ရန်ဖြစ်သည်။ အာဏာရှင်သူရဲကောင်း ဝါဒအရ ပါလီမန်အုပ်ချုပ်ရေးစနစ်နှင့် ဂျာမနီသည်မကြီးပွားနိုင်၊ နိုင်ငံအတွက် ထက်မြက်စွာဆောင်ရွက်မည့် ခေါင်းဆောင်ကောင်းရှိမှသာ ကြီးပွားနိုင်မည်ဟု နာဇီတို့ကယုံကြည်ကြသည်။ ထိုခေါင်းဆောင်မှုမျိုးကို ဟစ်တလာကသာ ပေးစွမ်းနိုင်သည်ဟုလည်း နာဇီတို့က ယုံကြည်ကြသည်။

ဟစ်တလာသည် မူဆိုလီနီ၏ ဖက်ဆစ်ပါတီပုံစံအတိုင်း နာဇီပါတီကို ဖွဲ့စည်းသည်။ နာဇီပါတီ၏ အရေးပါဆုံးအဖွဲ့များမှာ မုန်တိုင်းတပ်ဖွဲ့ (SA. Storm Troopers) နှင့် အထူးရဲတပ်ဖွဲ့များ ဖြစ်ကြသည်။ မုန်တိုင်းတပ်ဖွဲ့ဝင်များသည် အညိုရောင်ဝတ်စုံနှင့် စကြာတံဆိပ်ပါသော လက်ပတ်ကို ဝတ်ဆင်ကြသည်။ အထူးရဲအဖွဲ့ဝင်များမှာ လက်ရွေးစင် လူနည်းစုတပ်ဖွဲ့ဖြစ်သည်။ ပါတီခေါင်းဆောင်များ၏ ကိုယ်ရံတော်တပ်များလည်းဖြစ်သည်။ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ကြသည်။ အဆိုပါ နာဇီခါးပိုက်ဆောင် တပ်ဖွဲ့များမှာ ဟစ်တလာ၏လမ်းစဉ်ကို အကြမ်းဖက်ဆောင်ရွက်ကြသူများ ဖြစ်ကြသည်။ ဟစ်တလာသည် အပြောအဟောကောင်းသူဖြစ်၍ မျိုးချစ်စိတ်ဓာတ် တက်ကြွလာစေရန် လှုံ့ဆော်နိုင်ခဲ့သည်။ အမျိုးသားရေးကို အဓိကထား၍ ဟောပြောသဖြင့် နာဇီပါတီကို ထောက်ခံလာကြသည်။



ပုံ (၂-၈) ဟစ်တလာ၏ နာဇီတပ်ဖွဲ့

၁၉၃၀ နှစ်ဦးတွင် သမ္မတနိုင်ငံ၏ အခြေအနေကိုထိန်းသိမ်းရန် ဟင်းနရစ်ဘရွှန်းနင်း (Heinrich Bruning) က ဝန်ကြီးချုပ်ရာထူးကို လက်ခံခဲ့သည်။ ဘရွှန်းနင်းမှာ အလယ်အလတ်သမားဖြစ်၍ အကြမ်းဖက်မှုကို အကြမ်းဖက်မှုဖြင့် တုန့်ပြန်ခြင်းမပြုခဲ့ပေ။ ထို့ကြောင့် ကွန်မြူနစ်အင်အားစုနှင့် နာဇီအင်အားစုတို့ကို မထိန်းနိုင်ဖြစ်ခဲ့ရသည်။ ဤအခြေအနေတွင် ၁၉၃၀ အထူးရွေးကောက်ပွဲ၌ ကွန်မြူနစ်ကိုထောက်ခံမဲပေးသူ တစ်သန်း၊ နာဇီကိုထောက်ခံမဲပေးသူ ခြောက်သန်းရှိလာခဲ့သည်။

၁၉၃၃ ဇန်နဝါရီတွင် သမ္မတက ဟစ်တလာအား ဝန်ကြီးချုပ်ခန့်အပ်ခဲ့သည်။ ဟစ်တလာဖွဲ့စည်းသည့်အစိုးရများမှာ နာဇီပါတီဦးဆောင်သော ညွန့်ပေါင်းအစိုးရဖြစ်သည်။ ထူးခြားချက်မှာ နာဇီများက ရဲအဖွဲ့ကို ဦးစီးခွင့်ရရှိထားခြင်းနှင့် ခါးပိုက်ဆောင် မုန်တိုင်းတပ်များ လက်ကိုင်ရှိနေခြင်းတို့ဖြစ်သည်။ ထိုလက်နက်ကိုင် အဖွဲ့အစည်းများ၏ အကူအညီဖြင့် နာဇီတို့က ၎င်းတို့၏အတိုက်အခံ ဂိုဏ်းသားများကို နှိမ်နင်းခဲ့ရုံမက တစ်နိုင်ငံလုံးကိုပါ ခြိမ်းခြောက်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၃၃ မတ်လ ရွေးကောက်ပွဲတွင် နာဇီပါတီ အနိုင်ရခဲ့သည်။

၁၉၃၃ ဧပြီတွင် ပါလီမန်က ဥပဒေပြုအာဏာကို ဟစ်တလာအစိုးရလက်သို့ လေးနှစ်လွှဲအပ်ကြောင်း အဆိုသွင်းအတည်ပြုခဲ့သည်။ ဤသို့ဖြင့် ဂျာမန်သမ္မတနိုင်ငံ စနစ်ချုပ်ငြိမ်းကာ နာဇီအာဏာရှင်စနစ် ပေါ်ပေါက်ခဲ့လေသည်။

### လေ့ကျင့်ခန်းများ

၁။ အီတလီတွင် မူဆိုလီနီ အာဏာရရှိလာပုံကို တင်ပြပါ။

၂။ နာဇီပါတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းရေးသားပါ။

## ၄။ ဒုတိယကမ္ဘာစစ် (၁၉၃၉–၁၉၄၅)

### (၁) စစ်ဖြစ်ရသည့်အကြောင်းရင်းများ

ဒုတိယကမ္ဘာစစ်သည် ၁၉၃၉ စက်တင်ဘာတွင် စတင်ဖြစ်ပွားသည်။ စစ်ဖြစ်ရခြင်း၏ အကြောင်းရင်းများမှာ (က) အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း၊ (ခ) မဟာမိတ်စစ်အုပ်စုများ အပြိုင်ဖွဲ့စည်းခြင်း၊ (ဂ) စစ်လက်နက်များ အပြိုင်အဆိုင် တပ်ဆင်ခြင်းနှင့် (ဃ) ဖက်ဆစ်ကျူးကျော်မှုတို့ ဖြစ်ကြသည်။

### (က) အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ခြင်း

အရင်းရှင်နိုင်ငံကြီးများသည် ပထမကမ္ဘာစစ်အပြီး ကျင်းပသော ပါရီငြိမ်းချမ်းရေးညီလာခံ မှစ၍ သဘောထားကွဲလွဲကြသည်။ ပါရီညီလာခံ၌ အမေရိကန်သမ္မတ ဝီလ်ဆင်က ဒီမိုကရေစီ ထွန်းကားရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းရေးတို့ကို လိုလားသည်။ အင်္ဂလိပ်ဝန်ကြီးချုပ် လွိုက်ဂျော့သည် ဂျာမန်တို့ထံမှ စစ်လျော်ကြေးရရှိရေး၊ အင်္ဂလန်၏စီးပွားရေး ပြန်လည်တည်ဆောက်ရေးတို့ကို လိုလားသည်။ ပြင်သစ်ဝန်ကြီးချုပ် ကလီမွန်ဆိုးက ဂျာမနီကို လက်စားချေရေးနှင့် ပြင်သစ်လုံခြုံရေးတို့ကို လိုလားသည်။ အီတလီဝန်ကြီးချုပ် အော်လန်ဒို (Orlando) က ၁၉၁၅ လန်ဒန်လျှို့ဝှက်စာချုပ်များအရ အီတလီနိုင်ငံ၏အကျိုးအမြတ် ရရှိရေးကိုလိုလားသည်။ ဂျပန်ဝန်ကြီးချုပ် ဆိုင်အွန်ဂျီ (Saionji) က အသားအရောင်ခွဲခြားမှုမရှိဘဲ လူမျိုးမရွေး တူညီသော အခွင့်အရေးများရရှိရေး၊ အရှေ့ဖျားဒေသနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂျာမန်ပိုင်နယ်မြေများ ရယူရေးကိုလိုလားသည်။

ဤသို့ဖြင့် ပါရီညီလာခံ၌ သဘောထားကွဲလွဲကြသည်။ ပါရီညီလာခံပြီးဆုံးသည့် နောက်ပိုင်းတွင် သဘောထားကွဲလွဲမှုများ ပိုမိုကြီးထွားလာသည်။ အမေရိကန်နိုင်ငံက ဗာဆိုင်းစာချုပ်သည် တစ်ဖက်သတ်ကျလွန်းသည်ဟု ယူဆသဖြင့် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်း မပြုပေ။ စစ်ပြီးကာလ၌ ဖွဲ့စည်းသော နိုင်ငံပေါင်းချုပ်အသင်းကြီး၌လည်း ပါဝင်ခြင်းမရှိပေ။ ထို့အပြင် ၁၉၃၀ မှစ၍ တစ်ကိုယ်တော် ဝါဒကျင့်သုံးကာ ကမ္ဘာ့ပြဿနာများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုတော့ပေ။

အင်္ဂလန်သည် ဗာဆိုင်းစာချုပ် ချုပ်ဆိုပြီးချိန်မှစ၍ စီးပွားရေးပြန်လည် ထူထောင်ရေးနှင့် ကိုလိုနီနိုင်ငံများ ဆက်လက်ထိန်းသိမ်းရေးတို့ကို ဦးတည်ဆောင်ရွက်သည်။

ပြင်သစ်က ဗာဆိုင်းစာချုပ် ချုပ်ဆိုပြီးချိန်မှစ၍ ဂျာမနီ၏ အန္တရာယ်ကိုစိုးရိမ်သဖြင့် မိမိ၏လုံခြုံရေးအတွက် ပြင်ဆင်၏။ ရုရှမှာကဲ့သို့ ပြင်သစ်တွင် ဆိုရှယ်လစ်တော်လှန်ရေးမျိုး ပေါ်ပေါက်မည်ကို စိုးရိမ်သည်။ ထို့ကြောင့် မဟာမိတ်များရရှိရေး၊ စီးပွားရေးနှင့် စစ်အင်အားပြန်လည်ထူထောင်ရေး အတွက် ကြိုးပမ်းသည်။

အီတလီသည် မိမိ၏မျှော်မှန်းချက်များကို ပါရီညီလာခံ၌ မရရှိသောကြောင့် စစ်အတွင်း၌ မဟာမိတ်ဖြစ်ခဲ့သော အင်္ဂလိပ်၊ အမေရိကန်နှင့် ပြင်သစ်တို့အား မကျေနပ်ပေ။ စစ်ပြီးခေတ်၌ အီတလီ၏ စီးပွားရေးကျဆင်းလာကာ နိုင်ငံရေး၊ စီးပွားရေး မတည်မငြိမ်ဖြစ်လာသည်။ ထိုအခြေအနေတွင် ဖက်ဆစ်ခေါင်းဆောင်

မူဆိုလီနီသည် အာဏာရယူပြီး ဖက်ဆစ်နိုင်ငံကို တည်ထောင်သည်။ ကျူးကျော်ရေးလမ်းစဉ်ကို ကျင့်သုံးပြီး ၁၉၃၅ တွင် အီသီယိုးပီးယားနိုင်ငံကို ကျူးကျော်တိုက်ခိုက်သည်။

ဂျာမနီသည် ဗာဆိုင်းစာချုပ်ကို မကျေနပ်သော်လည်း စစ်နိုင်မဟာမိတ်နိုင်ငံများ၏ အကျပ်ကိုင်မှုကြောင့် လက်ခံယိုက်ရသည်။ ထို့ကြောင့် ဗာဆိုင်းစာချုပ်ဆန့်ကျင်ရေး၊ ဂျူး မုန်းတီးရေး၊ ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး စသည်တို့ကို ကြွေးကြော်သော ဟစ်တလာဦးဆောင်သည့် နာဇီပါတီကို ဂျာမန်လူထုက ထောက်ခံလာခဲ့ကြသည်။ ၁၉၃၃ တွင် ဟစ်တလာအာဏာရလာပြီး နာဇီလမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။

ဂျပန်နိုင်ငံသည် ပထမကမ္ဘာစစ်အပြီး တရုတ်ပိုင်ရှန်တုန်းနှင့် ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ဂျာမန်ပိုင်ကျွန်း တို့ကိုရရှိခဲ့သည်။ သို့သော် အမေရိကန် ဂျပန်များဝင်ရောက်နေထိုင်မှုကို ကန့်သတ်ခြင်း၊ ကမ္ဘာ့စီးပွားပျက်ကပ်ကို အကြောင်းပြု၍ ဂျပန်စီးပွားရေးကျဆင်းခြင်းတို့ကြောင့် ဂျပန်နိုင်ငံတွင် စစ်လိုလားသောအုပ်စု အာဏာရလာသည်။ ၁၉၃၁ တွင် မန်ချူးရီးယားကို ကျူးကျော်ခဲ့သည်။

ပထမကမ္ဘာစစ်ပြီးဆုံးသည်မှစ၍ အရင်းရှင်နိုင်ငံတို့၏ စီးပွားရေးမှာ မတည်ငြိမ်ပေ။ ၁၉၂၉ တွင် စီးပွားရေးပျက်ကပ်နှင့်ရင်ဆိုင်ရပြီး စီးပွားရေးပိုမိုကျပ်တည်းလာသည်။ ထို့ကြောင့် အီတလီ၊ ဂျာမနီနှင့် ဂျပန်တို့တွင် ဖက်ဆစ်စနစ်ထွန်းကားလာသည်။ ဖက်ဆစ်နိုင်ငံများသည် ဈေးကွက်ရရှိရေးအတွက် ကျူးကျော်စစ်များကိုဆင်နွှဲလာသည်။ ဂျပန်သည် ၁၉၃၁ တွင် မန်ချူးရီးယားကို ကျူးကျော်သည်။ အီတလီသည် ၁၉၃၅ တွင် အီသီယိုးပီးယားကို ကျူးကျော်ပြီး ၁၉၃၆ တွင် ဂျာမနီနှင့်လက်တွဲကာ စပိန်ပြည်တွင်းစစ်၌ ဝင်ရောက်စွက်ဖက်သည်။ ၁၉၃၇ တွင် ဂျပန်က တရုတ်နိုင်ငံကို ကျူးကျော်သည်။ ၁၉၃၈ တွင် ဂျာမနီသည် ဥရောပ၌ ဆက်တိုက်ကျူးကျော်သည်။ ဤသို့ဖြင့် အရင်းရှင်နိုင်ငံ အချင်းချင်း ပဋိပက္ခဖြစ်ကာ ဒုတိယကမ္ဘာစစ်ဖြစ်ရန် အကြောင်းဖန်တီးလာသည်။

## (ခ) မဟာမိတ်စစ်အုပ်စုများ အပြိုင်ဖွဲ့စည်းခြင်း

ပြင်သစ်သည် ဗာဆိုင်းစာချုပ် ချုပ်ဆိုပြီးချိန်မှစ၍ မိမိနိုင်ငံ၏လုံခြုံရေးအတွက် ကြိုးပမ်းသည်။ ၁၉၂၀-၁၉၂၇ အတွင်း ဘယ်လ်ဂျီယံ၊ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား (Rumania)၊ ယူဂိုဆလားဗီးယား (Yugoslavia) နိုင်ငံများနှင့် ကာကွယ်ရေးစာချုပ်များကို ချုပ်ဆိုသည်။ ပြင်သစ်သည် ဂျာမနီ၏ရန်ကို စိုးရိမ်သည်ဖြစ်ရာ အရှေ့ဥရောပနိုင်ငံများနှင့် စာချုပ်ချုပ်ဆိုခြင်းအားဖြင့် ဂျာမနီ၏ရန်ကို အရှေ့အနောက် နှစ်ဖက်ညှပ်၍ ထိန်းချုပ်နိုင်မည်ဟု မျှော်မှန်းသည်။ ချုပ်ဆိုသော စာချုပ်များ၌ စာချုပ်အဖွဲ့ဝင်နိုင်ငံအချင်းချင်း လုံခြုံရေးလုပ်ငန်းရပ်များ ညှိနှိုင်းဆောင်ရွက်ရေး၊ ကျူးကျော်မှုကို လက်တွဲကာကွယ်ရေးနှင့် ရှိရင်းစွဲဥရောပအခြေအနေ ထိန်းသိမ်းရေးတို့ကို သဘောတူကြသည်။

ဂျာမနီ၌ ဟစ်တလာအာဏာရလာသောအခါ စစ်လက်နက်များ ပြန်လည်တပ်ဆင်၍ ၁၉၃၄ ဇန်နဝါရီတွင် ပိုလန်နှင့် မကျူးကျော်ရေးစာချုပ်ကို ချုပ်ဆိုသည်။ ပြင်သစ်နှင့် ရုရှတို့သည် မိမိတို့ လုံခြုံရေးအတွက်

စိုးရိမ်မကင်းဖြစ်လာကြကာ ၁၉၃၅ မေတွင် စာချုပ်ချုပ်ဆိုပြီး နိုင်ငံတစ်နိုင်ငံ၌ ပြဿနာပေါ်ပေါက်လျှင် အခြားနိုင်ငံက ရိုင်းပင်းကူညီရန် သဘောတူကြသည်။ မကြာမီ ထိုစာချုပ်အဖွဲ့၌ ချက်ကိုစလိုဗားကီးယား ပါဝင်လာသည်။

ဗာဆိုင်းစာချုပ်အားဖြင့် ပြဋ္ဌာန်းထားသော ဥရောပ၏အခြေအနေကို ထိန်းသိမ်းစောင့်ရှောက်ရန် ပြင်သစ်ကကြိုးပမ်းသကဲ့သို့ ဗာဆိုင်းစာချုပ်အားဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်းခံရသော ဂျာမနီသည် ဥရောပ၏ အခြေအနေကို ပြင်ဆင်ရန်ကြိုးပမ်းသည်။

သံတမန်ရေးရာ၌ ဂျာမနီ၏ပဌမဆုံးအောင်မြင်မှုမှာ ၁၉၂၂ တွင် ဆိုဗီယက်နိုင်ငံနှင့် ချုပ်ဆိုသော ရာပါလို (Rapallo) စာချုပ်ဖြစ်သည်။ ထိုစာချုပ်၌ (၁) နှစ်နိုင်ငံ ချစ်ကြည်စွာဆက်ဆံ၍ သံတမန်ဆက်ဆံရေးကို မူလအခြေအနေအတိုင်း ပြန်လည်ဆောင်ရွက်ရန်၊ (၂) နှစ်နိုင်ငံအပြန်အလှန် စစ်လျော်ကြေးတောင်းခံမှု စွန့်လွှတ်ရန်၊ (၃) အပြန်အလှန်ကုန်သွယ်ရေးမြှင့်တင်ရန် သဘောတူကြသည်။ ထို့ပြင် ဂျာမန်တပ်များကို ဆိုဗီယက်တပ်များနှင့် ပူးတွဲလေ့ကျင့်ရန်နှင့် ဗာဆိုင်းစာချုပ်အရ ပိတ်ပင်ထားသော လက်နက်များကို ဂျာမနီက ဆိုဗီယက်မြေပေါ်၌ ထုတ်လုပ်စမ်းသပ်ရန် လျှို့ဝှက်စွာ သဘောတူကြသည်။

ဟစ်တလာ အာဏာရရှိပြီးသည့်နောက်ပိုင်းတွင် ဂျာမနီ၏ နိုင်ငံခြားရေးဝါဒသည် ပိုမိုတက်ကြွလာသည်။ ၁၉၃၆ တွင်စတင်သော စပိန်ပြည်တွင်းစစ်၌ ဗိုလ်ချုပ်ဖရန်ကိုဘက်မှ ပါဝင်စွက်ဖက်ရာမှ ဂျာမနီနှင့်အီတလီတို့ ရင်းနှီးလာကြသည်။ ၁၉၃၅ ၌ အီတလီသည် အင်္ဂလန်၊ ပြင်သစ်တို့နှင့် ပူးပေါင်းပြီး ဂျာမနီ၏ လက်နက်ပြန်လည်တပ်ဆင်ရေးကို ကန့်ကွက်ခဲ့သည်။ သို့သော် စပိန်ပြည်တွင်းစစ်၌ အင်္ဂလန်၊ ပြင်သစ်နှင့်လမ်းခွဲခဲ့သည်။ ၁၉၃၆ အောက်တိုဘာတွင် ဂျာမနီနှင့် အီတလီတို့ မဟာမိတ်စာချုပ်ချုပ်ဆိုကြသည်။ ထိုမဟာမိတ်အဖွဲ့သည် ရောမဘာလင်ဝင်ရိုးတန်းအဖွဲ့ဟု အမည်တွင်သည်။ ထို့နောက် ဂျပန်ပါဝင်လာရာ ရောမ၊ ဘာလင်၊ တိုကျိုဝင်ရိုးတန်းအဖွဲ့ (Rome-Berlin-Tokyo Axis) ဖြစ်လာသည်။ အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာကြီးကို သက်ဆိုင်ရာ နယ်ပယ်ဒေသများအဖြစ် ခွဲဝေသတ်မှတ်ကြရာ ဂျာမနီက ဥရောပ၊ အီတလီက မြေထဲပင်လယ်ဒေသနှင့် အာဖရိက၊ ဂျပန်က ပစိဖိတ်ဒေသနှင့်အာရှ၌ အသီးသီး စိုးမိုးခြယ်လှယ်ကြရန် သဘောတူကြသည်။

၁၉၃၈ ၌ စတင်သော ဂျာမနီ၏ ကျူးကျော်မှုများကြောင့် အင်္ဂလန်နှင့်ပြင်သစ်တို့ စိုးရိမ်လာကြသည်။ သို့သော် ဂျာမနီ၏အလိုကို လိုက်လျောခြင်းအားဖြင့် ဥရောပ၏ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်လိမ့်မည်ဟူသော အင်္ဂလိပ်၏သဘောထားကြောင့် ဂျာမနီ၏ကျူးကျော်မှုများကို အင်္ဂလိပ်နှင့် ပြင်သစ်တို့ထိရောက်စွာမဟန့်တားကြပေ။ ချက်ကိုစလိုဗားကီးယားကို ဂျာမနီတို့ သိမ်းပိုက်ပြီးသော အခါတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ဂျာမနီ၏အန္တရာယ်ကို ပိုမိုစိုးရိမ်လာကြသည်။ ၁၉၃၉ မတ်မှစ၍ ဖက်ဆစ်ကျူးကျော်မှုလမ်းကြောင်း၌ရှိသော ပိုလန်၊ ဂရိ (Greece)၊ ရူမေးနီးယား၊ တူရကီ (Turkey) နှင့် စာချုပ်များချုပ်ဆိုပြီး ကျူးကျော်မှုအန္တရာယ်မှ ကာကွယ်ရန် အာမခံချက်များပေးကြသည်။ ဤကဲ့သို့ စစ်အုပ်စုကြီးများ ဖွဲ့စည်းလာခြင်းကြောင့် ကမ္ဘာစစ်ကြီးကို ဦးတည်လာခဲ့သည်။

## (ဂ) စစ်လက်နက်အပြိုင်အဆိုင်တပ်ဆင်ခြင်း

ဂျာမနီသည် ဗာဆိုင်းစာချုပ်အားဖြင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်မှု၊ ပိုင်ဆိုင်နိုင်သော လက်နက်အမျိုးအစား၊ ကြည်းတပ်၊ ရေတပ်၏အင်အား စသည်တို့၌ ကန့်သတ်ချုပ်ချယ်ခြင်းခံရသည်။ သို့သော် ၁၉၂၂ တွင် ဆိုဗီယက်နိုင်ငံနှင့် ရာပါလိုစာချုပ် ချုပ်ဆိုပြီး ဗာဆိုင်းစာချုပ်အရ တားမြစ်ထားသော စစ်လက်နက်ပစ္စည်းများကို ဆိုဗီယက်နိုင်ငံအတွင်း ထုတ်လုပ်စမ်းသပ်ခွင့်ကို ရယူသည်။

ဂျာမနီ၌ ဟစ်တလာအာဏာရသောအခါ လက်နက်ပြန်လည်တပ်ဆင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၃၃ ဂျီနီဗာ၌ကျင်းပသော လက်နက်လျှော့ပေါ့ရေး ညီလာခံတွင် ဂျာမန်ကိုယ်စားလှယ်များက ဂျာမနီလက်နက် ပြန်လည်တပ်ဆင်ခွင့်ကို တောင်းဆိုသည်။ မအောင်မြင်သောအခါ ဂျာမနီသည် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်လိုက်သည်။ ထို့နောက်ဂျာမနီသည် ခေတ်မီလက်နက်ဆန်းများ ထုတ်လုပ်၍ စစ်အင်အားကို တိုးချဲ့သည်။ ရေတပ်အင်အား တိုးချဲ့ရေးနှင့်ပတ်သက်၍ ၁၉၃၅ ၌ အင်္ဂလိပ်နှင့်ရေတပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်၍ အင်္ဂလန်နိုင်ငံရေတပ်၏ ၃၅ ရာခိုင်နှုန်းအထိ တိုးချဲ့တည်ဆောက်ခွင့်ရသည်။ ၁၉၃၅ နောက်ပိုင်း၌ ဂျာမနီသည် အကန့်အသတ်မရှိ လက်နက်များထုတ်လုပ်၍ စစ်အင်အားကို တိုးချဲ့သည်။

အီတလီတွင် မူဆိုလီနီအာဏာရပြီးနောက် မြေထဲပင်လယ်ကို စိုးမိုးရေး၊ အာဖရိကတိုက်မြောက်ပိုင်း၌ ကိုလိုနီတည်ဆောက်ရေးတို့အတွက် စစ်အင်အားကို တိုးချဲ့သည်။

ဂျပန်နိုင်ငံသည်လည်း ပစိဖိတ်သမုဒ္ဒရာအတွင်း အင်္ဂလိပ်၊ အမေရိကန်ရေတပ်များနှင့် အင်အားယှဉ်ပြိုင်နိုင်ရန် ရေတပ်အင်အားကို တိုးချဲ့သည်။

ဖက်ဆစ်နိုင်ငံများ စစ်အင်အားတိုးချဲ့မှုကို အကြောင်းပြု၍ အင်္ဂလန်နှင့် ပြင်သစ်တို့သည်လည်း စစ်အင်အားတိုးချဲ့ကြသည်။ ပြင်သစ်တို့သည် ဂျာမန်ပြင်သစ်နယ်စပ် တစ်လျှောက်တွင် မာဂျီနိုခံတပ် (Maginot Line) ကို တည်ဆောက်သည်။ ကြည်း၊ ရေ၊ လေ အင်အားကိုလည်း တိုးချဲ့သည်။

အင်္ဂလန်သည် ၁၉၃၆ မှစ၍ မိမိအင်အားကို ပြန်လည်သုံးသပ်ကာ ဂျာမနီနှင့်ဂျပန်တို့၏ အင်အားကိုအမီလိုက်ရန် ရေတပ်နှင့် လေတပ်အင်အားကို တိုးချဲ့တည်ထောင်သည်။

ထို့ကြောင့် ၁၉၃၆ မှစ၍ အုပ်စုကြီးနှစ်ခု ပေါ်ပေါက်လာကာ စစ်လက်နက်များ အပြိုင်အဆိုင်တပ်ဆင်ကြသည်။

## (ဃ) ဖက်ဆစ်ကျူးကျော်မှုများ

ဖက်ဆစ်နိုင်ငံများသည် ကိုလိုနီလက်မဲ့နိုင်ငံများဖြစ်ကြပြီး ကိုလိုနီလက်ရှိနိုင်ငံများနှင့် အပြိုင်အဆိုင်ဖြစ်လာကြသည်။ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်လာရသောအခါ ထိုအကျပ်အတည်းကို ဖြေရှင်းရန် ကျူးကျော်စစ်များကို ဆင်နွှဲလာသည်။

**မန်ချူးရီးယားအရေး**

ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေး အခြေအနေယိမ်းယိုင်လာသည်။ ဂျပန်စက်ရုံထွက်ပစ္စည်းများ ရောင်းချနိုင်ရန်နှင့် သယံဇာတပစ္စည်းများ ရယူနိုင်ရန် စည်းလုံးမှုပြိုကွဲနေသော တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သည်။ ၁၉၃၁ စက်တင်ဘာတွင် တရုတ်နိုင်ငံမန်ချူးရီးယားဒေသရှိ ဂျပန်ပိုင်မီးရထားလမ်းပေါ်၌ ဗုံးပေါက်ကွဲသည်။ ထိုအကြောင်းပြချက်ဖြင့် ဂျပန်သည် မန်ချူးရီးယားကို ကျူးကျော်တိုက်ခိုက်သည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးက ထိရောက်စွာ အရေးမယူနိုင်သောကြောင့် မန်ချူးရီးယားသည် ဂျပန်လက်အောက်သို့ ကျရောက်သွားသည်။ ဂျပန်တို့သည် ၁၉၁၂ ၌ နန်းကျခဲ့သော တရုတ်ဧကရာဇ်ပုရီ (Puyi) ကို မန်ချူးရီးယားဘုရင်အဖြစ် တင်မြှောက်ကာ မန်ချူးရီးယားကို မန်ချူးကိုး (Manchukuo) နိုင်ငံအဖြစ် တည်ထောင်သည်။ မန်ချူးရီးယားအရေးနှင့် စပ်လျဉ်း၍ နိုင်ငံပေါင်းချုပ်အသင်းကြီးက ဂျပန်ကိုအပြစ်တင်သောကြောင့် ဂျပန်သည် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်သွားသည်။

**အီသီယိုးပီးယားအရေး**

အီတလီတွင် မူဆိုလီနီအာဏာရလာသောအခါ အီတလီ၏ ဂုဏ်သိက္ခာကိုမြှင့်တင်ရန် ကြိုးစားလာသည်။ ၁၉၂၅ မှစ၍ အီသီယိုးပီးယားနိုင်ငံအပေါ် အခွင့်အရေးများ တောင်းဆိုသည်။ ၁၉၃၄ ဒီဇင်ဘာလတွင် အီတလီပိုင် ဆိုမာလီးယား (Somalia) နှင့် အီသီယိုးပီးယားနယ်စပ်တွင် နှစ်နိုင်ငံတပ်များ ပဋိပက္ခဖြစ်ပြီး အီတလီစစ်သားအချို့ ဒဏ်ရာရကြသည်။ ဤအကြောင်းပြချက်ဖြင့် အီတလီသည် အီသီယိုးပီးယားကို ကျူးကျော်တိုက်ခိုက်သည်။

အီတလီ၏ ကျူးကျော်မှုထင်ရှားသောကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီးက အီတလီနှင့် စီးပွားရေးအရ ဆက်ဆံခြင်းမပြုရန် ဆုံးဖြတ်အရေးယူသည်။ သို့သော် အီတလီ၏ စစ်စွမ်းရည်ကျသွား ခြင်းမရှိဘဲ ၁၉၃၆ မေတွင် အီသီယိုးပီးယားမြို့တော်ကို သိမ်းပိုက်နိုင်သည်။ ၁၉၃၈ တွင် အင်္ဂလန်နှင့် ပြင်သစ်တို့က အီသီယိုးပီးယားသည် အီတလီ၏ ကိုလိုနီနယ်ဖြစ်ကြောင်း အသိအမှတ်ပြုကြသည်။ ဤအရေးကြောင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ဂုဏ်သိက္ခာကျဆင်းပြီး ဖက်ဆစ်တို့သည် ကျူးကျော်ရေးလုပ်ငန်းကို အတင့်ရဲစွာ လုပ်ကိုင်လာကြသည်။

**စပိန်ပြည်တွင်းစစ်**

၁၉၃၆ ၌ စပိန်ပြည်တွင်းအလုပ်သမား၊ လယ်သမားများက ထောက်ခံသော ဆိုရှယ်လစ်ပါတီအာဏာရလာသည်။ မကျေနပ်ကြသော အရင်းရှင်များသည် ဗိုလ်ချုပ်ဖရန်ကို (General Franco) ကိုထောက်ခံပြီး တော်လှန်ပုန်ကန်ကြသည်။ ဤသို့ဖြင့် စပိန်ပြည်တွင်းစစ် ပေါ်ပေါက်လာသည်။

စပိန်ပြည်တွင်းစစ်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ကြားနေပြီး ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ။ ဆိုဗီယက်ရုရှားက ဆိုရှယ်လစ်အစိုးရကို ထိရောက်စွာအားပေးပြီး အီတလီနှင့် နာဇီဂျာမနီတို့က ဖရန်ကို ကိုလူအင်အား၊ လက်နက်အင်အားဖြင့် ကူညီကြသည်။ ၁၉၃၈ တွင် ဖရန်ကိုက အောင်ပွဲရပြီး ဖက်ဆစ်အာဏာရှင်

စနစ်ကိုတည်ထောင်သည်။ စပိန်ပြည်တွင်းစစ်တွင်နိုင်ငံပေါင်းချုပ်အသင်းကြီးက ဝင်ရောက်ထိန်းသိမ်းနိုင်စွမ်း မရှိသောကြောင့် သိက္ခာထပ်မံကျဆင်းသည်။ ဖက်ဆစ်နိုင်ငံတို့ အောင်ပွဲခံကြသောကြောင့် ရှေးကထက်ပင် နယ်မြေကျူးကျော်မှုများ ရဲတင်းစွာပြုလာကြသည်။

## ဩစတြီးယားကို သိမ်းခြင်း (၁၉၃၈)

ဂျာမနီသည် စပိန်ပြည်တွင်းစစ်၌ အောင်မြင်စွာ ဝင်ရောက်စွက်ဖက်နိုင်ခဲ့သောကြောင့် ဥရောပ၌ အဟန့်အတားမရှိ ကျူးကျော်နိုင်မည်ဟု ယုံကြည်လာသည်။ ထို့ကြောင့် ဂျာမန်လူမျိုးကြီးဝါဒကို လက်တွေ့ အကောင်အထည်ဖော်ရန် ကြိုးစားသည်။ ဂျာမန်လူဦးရေ ခြောက်သန်းခန့်ရှိသော ဩစတြီးယားနိုင်ငံသည် ပထမဆုံး ကျူးကျော်ခံရသည်။

၁၉၃၈ ဖေဖော်ဝါရီတွင် ဟစ်တလာက ဩစတြီးယားနိုင်ငံရှိ နာဇီပါတီအား အာဏာလွှဲပြောင်းပေး ရန် ဩစတြီးယားအစိုးရထံတောင်းဆိုသည်။ ဩစတြီးယားအစိုးရက တောင်းဆိုချက်ကို ငြင်းဆန်သောအခါ ၁၉၃၈ မတ်တွင် ဂျာမန်တပ်များက ဩစတြီးယားနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ကြသည်။ ၁၉၃၈ ဧပြီတွင် ဂျာမန်အစိုးရက ဩစတြီးယားအား သိမ်းပိုက်လိုက်ကြောင်း ကြေညာသည်။

နာဇီတို့၏ ဆောင်ရွက်ချက်ကို ဆိုဗီယက်ရုရှမှတစ်ပါး အခြားနိုင်ငံများက ကန့်ကွက်ခြင်း မရှိပေ။ ဩစတြီးယားကို သိမ်းယူလိုက်ခြင်းကြောင့် ဂျာမန်လူမျိုး ၆ သန်းသည် ဟစ်တလာလက်အောက်သို့ ကျရောက် သွားသည့်အပြင် ဟစ်တလာ၏ ဂုဏ်သိက္ခာလည်း တစ်မုဟုတ်ချင်းတိုးတက်သွားသည်။ နာဇီတို့ ဆက်လက် ကျူးကျော်ရန်လည်း ဝန်မလေးတော့ပေ။

## ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက်ခြင်း

ချက်ကိုစလိုဗားကီးယား (Czechoslovakia) သည် ပထမကမ္ဘာစစ်အပြီး ဗာဆိုင်းစာချုပ်အရ တည်ထောင်လိုက်သော နိုင်ငံဖြစ်သည်။ ချက်ကိုစလိုဗားကီးယားနိုင်ငံရှိ ဆူဒေတန် (Sudelenland) ဒေသ တွင် ဂျာမန်လူမျိုးသုံးသန်းကျော် နေထိုင်ကြရာ ဂျာမနီတွင် ဟစ်တလာအာဏာရလာသောအခါ၌ ဆူဒေတန် ဂျာမန်တို့သည် ဇာတိမျိုးသားစိတ်ဓာတ်များ တက်ကြွလာကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းဆိုလာကြသည်။

ဟစ်တလာသည် ဩစတြီးယားကို ကျူးကျော်သိမ်းပိုက်ပြီးသည့်နောက် ဂျာမန်တို့၏အင်အားကို ယုံကြည်စိတ်ချလာသည်။ ချက်ကိုစလိုဗားကီးယားကို ကျူးကျော်နိုင်ရန် ဆူဒေတန် ဂျာမန်ပြဿနာကို ဖော်ထုတ်လာသည်။ ၁၉၃၈ မတ်တွင် ဆူဒေတန် ဂျာမန်ခေါင်းဆောင်ကို ဘာလင်သို့ဖိတ်ခေါ်ပြီး ချက်ကိုစလို ဗားကီးယားက မလိုက်လျောနိုင်သည့် တောင်းဆိုချက်များကို တောင်းဆိုစေသည်။ ထို တောင်းဆိုချက်များကို ချက်ကိုစလိုဗားကီးယားအစိုးရက မလိုက်လျောသောအခါ ဟစ်တလာက ဂျာမနီအနေဖြင့် ဝင်ရောက်စွက်ဖက် ရလိမ့်မည်ဟု ခြိမ်းခြောက်သည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းရန်အတွက် အင်္ဂလိပ်၊ ပြင်သစ်နှင့် အီတလီခေါင်းဆောင်တို့သည် ဟစ်တလာနှင့် မြူးနစ် (Munich) မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ဟစ်တလာ၏ အလိုကိုလိုက်လျောပြီး

ဟစ်တလာ တောင်းဆိုသည့်အတိုင်း ဆူဒေတန်နယ်ကို ဂျာမနီသို့ပေးအပ်သော မြူးနစ်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ စာချုပ်အရ ဂျာမနီသည် ဆူဒေတန်နယ်ကို သိမ်းပိုက်ပြီးနောက် ၁၉၃၉ တွင် ချက်ကိုစလိုဗားကီးယား တစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်သည်။

**ပိုလန်ကို ကျူးကျော်ခြင်း**

ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက်ရရှိသော ဂျာမနီသည် အိမ်နီးချင်း ပိုလန်နိုင်ငံကို ဆက်လက်ကျူးကျော်ရန် ပြင်ဆင်လာသည်။ ပိုလန်နိုင်ငံသည် ဗာဆိုင်းစာချုပ်အရ ဂျာမနီထံမှ ပိုလန် စင်္ကြံဒေသကို ရရှိခဲ့သည်။ ဂျာမနီသည် စင်္ကြံဒေသ၏ အရှေ့ဘက်ရှိ ဂျာမန်နယ်မြေများနှင့် လွယ်ကူစွာ ဆက်သွယ်နိုင်ရန်၊ ပိုလန်စင်္ကြံဒေသကို လွတ်လပ်စွာ ဖြတ်သန်းခွင့်ပေးရန် တောင်းဆိုလာသည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့၏ အာမခံချက်ကိုရရှိသော ပိုလန်ကဂျာမနီ၏ တောင်းဆိုချက်ကို ငြင်းပယ်သည်။ ပိုလန်ကို အကြမ်းဖက်သိမ်းပိုက်ရာ၌ ဆိုဗီယက်ရုရှက ပါဝင်စွက်ဖက်မည်ကို စိုးရိမ်သော ဂျာမနီသည် ဆိုဗီယက်နိုင်ငံနှင့် မကျူးကျော်ရေး စာချုပ် ချုပ်ဆိုရန် အားထုတ်သည်။ ဆိုဗီယက်နိုင်ငံအနေဖြင့် ချက်ကိုစလိုဗားကီးယား အရေးအခင်း၏ အတွေ့အကြုံအရ အနောက်မဟာမိတ်အုပ်စုကို ယုံကြည်အားထားရန် မဖြစ်နိုင်ကြောင်းသိရှိသည်။ ပိုလန်အရေးနှင့် ပတ်သက်၍လည်း စစ်တိုက်ရန် ဆန္ဒမရှိပေ။ ထို့ကြောင့် ၁၉၃၉ ဩဂုတ်တွင် ဂျာမနီနှင့် ဆိုဗီယက်နိုင်ငံတို့နှစ်နိုင်ငံ မကျူးကျော်ရေး စာချုပ်ကို ချုပ်ဆိုကြသည်။ ထို့နောက် ၁၉၃၉ စက်တင်ဘာတွင် ဂျာမနီက ပိုလန်ကို စစ်အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်သည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့က ပိုလန်ဘက်မှ ဝင်ရောက် ကူညီကြသဖြင့် ၁၉၃၉၊ စက်တင်ဘာ ၃ တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည်။ ၁၉၄၅ စက်တင်ဘာ ၂ တွင် ဂျပန်လက်နက်ချ၍ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသည်။

## (၂) စစ်၏ အကျိုးသက်ရောက်မှုများ

ဒုတိယကမ္ဘာစစ်သည် ခြောက်နှစ်ကြာမျှ တိုက်ခိုက်သောစစ်ဖြစ်ပြီး ဆန်းသစ်သည့် လက်နက်များ အသုံးပြုသော စစ်လည်းဖြစ်သည်။ စစ်ကြောင့် အသေအကျေ အပျက်အစီးများပြားသည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြောင့် (က) ဥရောပနိုင်ငံများ အင်အားဆုတ်ယုတ်ခြင်း (ခ) အမေရိကန်နှင့် ဆိုဗီယက်တို့ ထိပ်သီးအင်အားကြီးနိုင်ငံများ ဖြစ်လာခြင်းနှင့် (ဂ) ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်မြောက်လာခြင်း အစရှိသော အကျိုးများဖြစ်ပေါ်သည်။

## (က) ဥရောပနိုင်ငံများ အင်အားဆုတ်ယုတ်ခြင်း

ဒုတိယကမ္ဘာစစ်အတွင်း ဥရောပသည် စစ်မြေပြင်ဖြစ်ခဲ့သည်။ စစ်အတွင်း၌ လက်နက်အသစ်အဆန်းများ အသုံးပြုလာကြသည့်ပြင် စစ်၏သဘောသည်လည်း ပြောင်းလဲလာသည်။ ယခင်က တိုက်ခိုက်ခဲ့သောစစ်များတွင် လက်နက်ကိုင်တပ်ဖွဲ့ အချင်းချင်းသာ တိုက်ခိုက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်တွင်မူ ပြည်သူပြည်သားများကပါ စစ်ထဲတွင် တိုက်ရိုက်ပါဝင်လာကြသည်။ စစ်တိုက်ရာတွင်လည်း စစ်အင်အား၏

နောက်ခံဖြစ်သော စီးပွားရေးအင်အားကို ဖြိုဖျက်ရန် ကြိုးစားလာကြသည်။ ထို့ကြောင့် စစ်မြေပြင်ဖြစ်သော ဥရောပသည် စစ်ဒဏ်ကိုပြင်းထန်စွာခံရပြီး စစ်ပြီးကာလတွင် အင်အား ဆုတ်ယုတ်လျက်ရှိသည်။

### (ခ) အမေရိကန်နှင့် ဆိုဗီယက်တို့ ထိပ်သီးအင်အားကြီးနိုင်ငံများဖြစ်လာခြင်း

ဒုတိယကမ္ဘာစစ်အပြီး ဥရောပနိုင်ငံများ အင်အားဆုတ်ယုတ်သွားသောကြောင့် ယခင်က ဥရောပနိုင်ငံများ ရယူခဲ့သောနေရာကို အမေရိကန်နိုင်ငံနှင့် ဆိုဗီယက်နိုင်ငံက ရယူလာပြီး ကမ္ဘာ့ထိပ်သီး အင်အားကြီးနိုင်ငံများဖြစ်လာကြသည်။

အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်၌ ပါဝင်တိုက်ခိုက်သော်လည်း စစ်ဒဏ်ကို လုံးဝမခံလိုက်ရပေ။ ထို့ပြင် စစ်အတွင်း၌ မဟာမိတ်နိုင်ငံများအတွက် လိုအပ်သော စစ်လက်နက်နှင့် အခြားသော ပစ္စည်းများထုတ်လုပ်ပေးရသောကြောင့် စီးပွားရေးအင်အား ပိုမိုတောင့်တင်းလာသည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် အင်အားဆုတ်ယုတ်လျက်ရှိသော အနောက်ဥရောပနိုင်ငံများအပေါ် ဩဇာလွှမ်းနိုင်ပြီး ကမ္ဘာ့ထိပ်သီး အင်အားကြီးနိုင်ငံဖြစ်လာသည်။

ဆိုဗီယက်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်မတူဘဲ ဒုတိယကမ္ဘာစစ်အတွင်း စစ်ဒဏ်ကိုခံလိုက်ရသည်။ သို့သော် စီမံကိန်းဖြင့် ဆောင်ရွက်သောကြောင့် စစ်ပြီးခေတ်တွင် စီးပွားရေးကိုလျင်မြန်စွာ ပြန်လည်ထူထောင်နိုင်သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်အပြီးတွင် အရှေ့ဥရောပနိုင်ငံများသည် ဆိုရှယ်လစ်စနစ်ကို လက်ခံကျင့်သုံးလာကြရာ ဆိုဗီယက်နိုင်ငံသည် အရှေ့ဥရောပနိုင်ငံများကို စုစည်းပြီး နိုင်ငံရေး၊ စီးပွားရေးအစရှိသော ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်နိုင်လာသည်။ ဤသို့ဖြင့် ဆိုဗီယက်နိုင်ငံသည် အမေရိကန်နှင့်ယှဉ်၍ ကမ္ဘာ့ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာသည်။

### (ဂ) ကိုလိုနီလက်အောက်ခံနိုင်ငံများလွတ်မြောက်လာခြင်း


ဒုတိယကမ္ဘာစစ်အတွင်း အာရှနှင့်အာဖရိကရှိ ကိုလိုနီများကို အမေရိကန်နှင့် ဥရောပနိုင်ငံများက လက်လွှတ်ခဲ့ရသည်။ စစ်ဦးပိုင်း၌ မဟာမိတ်နိုင်ငံများသည် အရှုံးနှင့်ရင်ဆိုင်ရပြီး ဂုဏ်သိက္ခာကျဆင်းကြသည်။ ထို့ကြောင့် စစ်အတွင်းလက်အောက်ခံ ကိုလိုနီများ၌ အမျိုးသားစိတ်ဓာတ် ပိုမိုတက်ကြွလာပြီး လွတ်လပ်ရေးကြိုးပမ်းမှုသည်လည်း ပိုမိုအားကောင်းလာသည်။

စစ်ပြီးကာလတွင် ဥရောပနိုင်ငံများသည် အင်အားဆုတ်ယုတ်လျက်ရှိကြသောကြောင့် ကိုလိုနီနိုင်ငံများ၌ အင်အားကောင်းလာသော လွတ်လပ်ရေးလှုပ်ရှားမှုကို ရင်ဆိုင်နှိမ်နင်းနိုင်စွမ်း မရှိကြတော့ပေ။ ထို့ကြောင့် စစ်ပြီးကာလတွင် ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်မြောက်လာကြသည်။

## (၃) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ပေါ်ပေါက်လာပုံ

ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်နိုင်ငံခေါင်းဆောင်များသည် စစ်ကြီးပြီးဆုံးသောအခါ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ဖွဲ့စည်းရန်မျှော်မှန်းကြသည်။ ဤမျှော်မှန်းချက်နှင့်အညီ ၁၉၄၃ နိုဝင်ဘာတွင် ကြီးသုံးကြီးခေါင်းဆောင်များ ဖြစ်ကြသည့် အမေရိကန်သမ္မတ ရုစဗဲ့ (Roosevelt)၊ အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီ (Churchill) နှင့် ဆိုဗီယက်ခေါင်းဆောင် စတာလင် (Stalin) တို့က ငြိမ်းချမ်းရေး မြတ်နိုးသည့် နိုင်ငံများပါဝင်သော အသင်းကြီး တစ်သင်းတည်ထောင်ရန် ကြေညာကြသည်။ ထို့နောက် ၁၉၄၄ တွင် ဝါရှင်တန်မြို့ (Washington) ဒန်ဘာတန်အုတ် (Dumbarton Oaks) အဆောက်အအုံ၌ အမေရိကန်၊ အင်္ဂလိပ်၊ ဆိုဗီယက်နှင့် တရုတ် ကိုယ်စားလှယ်များက ကုလသမဂ္ဂ၏ ပဋိညာဉ်စာချုပ်မူကြမ်းကို ရေးဆွဲကြသည်။ ပဋိညာဉ်စာချုပ် အသေးစိတ်ကို ဆန်ဖရန်စစ်စကို (San Francisco) ညီလာခံ၌ ဆက်လက်ဆွေးနွေးကြပြီး ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြသည်။ ဤသို့ဖြင့် ၁၉၄၅၊ အောက်တိုဘာ ၂၄ တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် တရားဝင်ပေါ်ပေါက်လာသည်။

ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ (New York) ၌ ဖွင့် လှစ်သည်၊ ၁၉၅၀ တွင် အဖွဲ့ဝင်နိုင်ငံ ၆၀ မှ ၁၉၈၀ တွင် ၁၅၄ နိုင်ငံအထိ ဖြစ်လာသည်။ ၁၉၉၉ တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၈ နိုင်ငံအထိ တိုးတက်လာပြီး ၂၀၀၂ ခုနှစ်၊ စက်တင်ဘာ ၁၀ တွင် အဖွဲ့ဝင်နိုင်ငံ (၁၉၁) နိုင်ငံဖြစ်လာသည်၊



ပုံ (၂-၉) ကမ္ဘာ့ကုလသမဂ္ဂ

**ရည်ရွယ်ချက်များ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ပဋိညာဉ်စာချုပ်အရ အောက်ပါရည်ရွယ်ချက်များကို ထားရှိသည်။

(၁) ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုထိန်းသိမ်းရန်၊

(၂) နိုင်ငံအချင်းချင်း ဆက်ဆံရေး ကောင်းမွန်မှုအတွက် ဆောင်ရွက်ရန်၊

(၃) ကမ္ဘာ့စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ပြဿနာများကို ဝိုင်းဝန်းဖြေရှင်းရန်၊

(၄) အဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်မှုအတွက် နိုင်ငံများ ညှိနှိုင်းဆောင်ရွက်ရန်၊

## (၃) ဖွဲ့စည်းပုံ

ကုလသမဂ္ဂတွင် အဖွဲ့ကြီးခြောက်ဖွဲ့ရှိသည်။ ထိုအဖွဲ့များမှာ

(၁) အထွေထွေညီလာခံ (General Assembly)

(၂) လုံခြုံရေးကောင်စီ (Security Council)

(၃) အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice)

(၄) စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council)

(၅) ကိုလိုနီကြီးကြပ်ရေးကောင်စီ (Trusteeship Council)

(၆) အထွေထွေ အတွင်းရေးမှူးချုပ်ရုံး (Secretariat) တို့ဖြစ်ကြသည်။

အထွေထွေညီလာခံကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပ၏။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခွင့်ရှိပြီး နိုင်ငံတစ်နိုင်ငံလျှင် တစ်မဲပေးပိုင်ခွင့်ရှိသည်။ သာမန်ကိစ္စရပ်များကို မဲအနည်းအများဖြင့်ဆုံးဖြတ်၍ အထူးကိစ္စရပ်များကို မဲသုံးပုံနှစ်ပုံ အများစုဖြင့် ဆုံးဖြတ်သည်။ ညီလာခံသည် အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒသဘောထား ဖော်ထုတ်ရာဌာနဖြစ်၏။ ညီလာခံ၏ထောက်ခံမှုသည် အလွန်လေးနက်မှုရှိသည်။

လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂတွင် အာဏာအရှိဆုံးအဖွဲ့ဖြစ်သည်။ အဖွဲ့ဝင် ၁၁ ဦး ပါဝင်ပြီး အမြဲတမ်းအဖွဲ့ဝင်နှင့် ယာယီအလှည့်ကျအဖွဲ့ဝင်ဟူ၍ နှစ်မျိုးရှိသည်။ တရုတ်၊ အမေရိကန်၊ ဆိုဗီယက်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှာ အမြဲတမ်းအဖွဲ့ဝင်များ ဖြစ်ကြ၏။ အလှည့်ကျအဖွဲ့ဝင်များကို အထွေထွေညီလာခံက ရွေးချယ်တင်မြှောက်ပြီး ရာထူးသက်တမ်းမှာ (၂) နှစ်ဖြစ်၏။ လုံခြုံရေးကောင်စီသည် ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံလျှင် တစ်မဲပေးပိုင်ခွင့် ရှိကြသော်လည်း အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများက ဗီတိုအာဏာ (Veto) ကိုကျင့်သုံးပြီး ကန့်ကွက်မဲတစ်မဲတည်းဖြင့် အဆိုများကို ပယ်ချနိုင်သည်။ လုံခြုံရေးကောင်စီ၏ အဓိကတာဝန်မှာ အဖွဲ့ဝင်နိုင်ငံတို့၏ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတရားရုံးချုပ်၌ တရားသူကြီး ၁၅ ဦးပါဝင်သည်။ ထိုတရားသူကြီးများကို လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံတို့က သီးခြားလွတ်လပ်စွာ ရွေးချယ်တင်မြှောက်ကြသည်။ ရာထူး

သက်တမ်းမှာ ကိုးနှစ်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံချင်း အငြင်းပွား၍ တရားရုံးချုပ်အား ဦးတိုက်လျှောက်သော အမှုများကို စစ်ဆေးစီရင်သည်။ အဆုံးအဖြတ်မပေးနိုင်သော ကိစ္စများကို လုံခြုံရေးကောင်စီသို့ တင်ပြရသည်။

စီးပွားရေးနှင့်လူမှုရေးကောင်စီတွင် အဖွဲ့ဝင် ၅၄ ဦးပါဝင်သည်။ အဖွဲ့ဝင်များကို အထွေထွေညီလာခံက ရွေးချယ်တင်မြှောက်ပြီး ရာထူးသက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ အဖွဲ့၏ တာဝန်ဝတ္တရားတို့မှာ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေး၊ တိုးတက်ဖွံ့ဖြိုးရေး လုပ်ဆောင်ရန်ဖြစ်သည်။ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါအထူးအဖွဲ့ခွဲများ (Specialized Agencies) ကို ဖွဲ့စည်းထားသည်-

(က) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့
(ILO = International Labour Organization)

(ခ) စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့
(FAO = Food and Agricultural Organization)

(ဂ) ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)
(UNESCO = United Nations Educational Scientific and Cultural Organization)

(ဃ) ပြန်လည်ထူထောင်ရေးနှင့် တိုးတက်ရေးဘဏ်
(IBRD = International Bank for Reconstruction and Development သို့မဟုတ် World Bank)

(င) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
(IMF = International Monetary Fund)

(စ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့
(WHO = World Health Organization)

ကိုလိုနီကြီးကြပ်ရေးကောင်စီသည် စစ်ရှုံးနိုင်ငံများက ပိုင်ဆိုင်ခဲ့ပြီး ကိုယ်ပိုင် အုပ်ချုပ်ရေးပေးရန် မသင့်လျော်သေးသော ကိုလိုနီနယ်မြေများကို ကြီးကြပ်သည်။ အဖွဲ့ကကြီးကြပ်သော နယ်အသီးသီး၏ တိုးတက်မှုအခြေအနေကို နှစ်စဉ်အထွေထွေညီလာခံသို့ အစီရင်ခံရသည်။

အတွင်းရေးမှူးချုပ်ရုံး၌ အထွေထွေအတွင်းရေးမှူးချုပ်မှာ အကြီးအကဲဖြစ်သည်။ အတွင်းရေးမှူးချုပ်ကို လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အထွေထွေညီလာခံက ရွေးချယ်တင်မြှောက်သည်။ အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂအဖွဲ့၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ နှစ်စဉ်အထွေထွေညီလာခံသို့ အစီရင်ခံရသည်။ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်မည်ဟုယူဆသော ပြဿနာများကို

လုံခြုံရေးကောင်စီသို့ တင်ပြရသည်။ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရသည်။

အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများမှာ-

(၁) ထရီဗီလီ (Trygve Lie) (၁၉၄၆-၁၉၅၂)

(၂) ဒက်(ဂ်) ဟန်းမားရှိုး (Dag Hammarskjold) (၁၉၅၃-၁၉၆၁)

(၃) ဦးသန့် (၁၉၆၁-၁၉၇၂)

(၄) ကွက်ဝါးဟိုင်း (Kurt Waldheim) (၁၉၇၂-၁၉၈၁)

(၅) ဟားဗီးယားပဲရစ်ဒေကွေးလျား (Javier Perez de Cuellar) (၁၉၈၂-၁၉၉၁)

(၆) ဘူထရို့(စ်)ဘူထရို့ (စ်) ဂါလီ (Boutros Boutros Ghali) (၁၉၉၂-၁၉၉၆)

(၇) ကိုဖီအန်နန် (Kofi Annan) (၁၉၉၇ - ၂၀၀၇)

(၈) ဘာကီမွန်း (၂၀၀၇ - ယနေ့ထိ) တို့ဖြစ်သည်။

## လေ့ကျင့်ခန်းများ

၁။ ဒုတိယကမ္ဘာစစ်ဖြစ်ရသော အကြောင်းရင်းများကို ဖော်ပြ၍ ဖက်ဆစ်တို့၏ ကျူးကျော်မှုကို ရှင်းပြပါ။

၂။ ဒုတိယကမ္ဘာစစ်၏ အကျိုးသက်ရောက်မှုများကို သုံးသပ်တင်ပြပါ။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ပါဝင်သောအဖွဲ့အစည်းများကို ဖော်ပြပါ။

## ၈။ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)

## (ASEAN : Association of South East Asia Nations)

### (၁) ပေါ်ပေါက်လာပုံ

၁၉၄၇ ခုနှစ် ဧပြီလတွင် ဗီယက်နမ်နိုင်ငံ၏ ဗီယက်မင်း (Vietming) အဖွဲ့က ဦးဆောင်၍ ထိုင်းနိုင်ငံ ဘန်ကောက် (Bangkok) မြို့တွင် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဦးဆောင်၍ အရှေ့တောင် အာရှအဖွဲ့ (A.S.A.: Association of Southeast Asia) ကို ဖွဲ့စည်းခဲ့သည်။

၁၉၄၇ ခု နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၌ ဖရီဒီဖနိုမြောင် (Pridi Phanomyong) အစိုးရ ပြုတ်ကျသွားပြီး ဗိုလ်ချုပ်ကြီးဖီဘွန်ဆွန်ဂရန် (Phibun Sangkram) အစိုးရတက်လာကာ အရှေ့တောင်အာရှအဖွဲ့ကို ပိတ်ပင်တားမြစ်ခဲ့သည်။

နောက်ပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံများသည် အရှေ့နှင့်အနောက် အင်အားကြီးနိုင်ငံများ၏ စစ်အေးတိုက်ပွဲတွင် ပါဝင်ပတ်သက်လာကြပြီး အုပ်စုများလည်းကွဲပြားလာကြသည်။ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အနောက်အုပ်စုနှင့် ပူးပေါင်းခဲ့ကြပြီး ၁၉၅၄ တွင် အရှေ့တောင်အာရှ စာချုပ် အဖွဲ့ (SEATO : South East Asia Treaty Organization) အဖွဲ့ဝင်များဖြစ်လာကြသည်။ ဗီယက်နမ်နိုင်ငံသည် ၁၉၅၄ တွင် ဂျီနီဗာ သဘောတူညီချက် (Geneva Agreement) အရ တောင်နှင့် မြောက် ဗီယက်နမ်ဟူ၍ ကွဲပြားသွားခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မလေးရှားနိုင်ငံသည် လွတ်လပ်ရေးရရှိ လာပြီးနောက် ကွန်မြူနစ်တို့၏ အန္တရာယ်ကို ကြုံတွေ့ခဲ့ရသည်။ ၁၉၅၉ ဇန်နဝါရီတွင် မလေးရှား ဝန်ကြီးချုပ် တွန်တူအဗ္ဗဒူရာမန် (Twnku Abdul Rahman) သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ (Manila) ၌ ဖိလစ်ပိုင်သမ္မတ ဂါစီယာ (Garcia) နှင့်တွေ့ဆုံပြီး ကွန်မြူနစ်အန္တရာယ်ကို အရှေ့တောင်အာရှနိုင်ငံများ စုပေါင်းကာကွယ်ရန်၊ အရှေ့တောင်အာရှနိုင်ငံများ၏ ချစ်ကြည်ရေး၊ စီးပွားရေး စာချုပ်များချုပ်ဆိုရန် သဘောတူခဲ့ကြသည်။

၁၉၆၁ ဇူလိုင်လတွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်တို့ပါဝင်သော အရှေ့တောင်အာရှအဖွဲ့ (Association of SouthEast Asia: ASA) ကို ဘန်ကောက်မြို့၌ ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် မလေးရှားနှင့် ဖိလစ်ပိုင်တို့သည် ဆာဘား (Sabah) ပြည်နယ်နှင့် ပတ်သက်၍ အငြင်းပွားမှုကြောင့် ဆက်ဆံရေးတင်းမာလာခဲ့သည်။ ၁၉၆၃ တွင် မလေးရှားသည် ဘိုနီယို (Borneo) ကျွန်းရှိ နယ်မြေများကို သွတ်သွင်း၍ မလေးရှားပြည်ထောင်စု ဖွဲ့စည်းခြင်းကို အင်ဒိုနီးရှား သမ္မတဆူကာနို (Sukarno) က ပြစ်တင်ရှုတ်ချခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့သည်။ ၁၉၆၆ တွင် အင်ဒိုနီးရှားသမ္မတ ဆူဟာတို (Suharto) အာဏာရရှိလာသောအခါ တင်းမာသော နိုင်ငံခြားရေးလမ်းစဉ် စွန့်လွှတ်၍ အရှေ့တောင်အာရှဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးကို စတင်လာခဲ့သည်။

၁၉၆၆ ဇန်နဝါရီတွင် ဖိလစ်ပိုင်သမ္မတဖြစ်လာသော ဖာဒီနန်မားကို့စ် (Ferdinamd Morcos)

သည်လည်း မလေးရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးပြန်လည် ပြုလုပ်ခဲ့သည်။ မြောက် ဗီယက်နမ်နိုင်ငံ၏ ကွန်မြူနစ်အန္တရာယ်ကို ကွန်မြူနစ်မဟုတ်သော နိုင်ငံများက စုပေါင်းကာကွယ်ရန်နှင့် နိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်လျက် ၁၉၆၇ ခု ဩဂုတ်လ တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) (Association of South East Asia Nations) ကို စတင်ဖွဲ့စည်းခဲ့သည်။

၁၉၉၀ ပြည့်နှစ်များတွင် အရှေ့နှင့်အနောက် အုပ်စုအားပြိုင်သည့် စစ်အေးဘိုက်ပွဲပြီးဆုံး သွားပြီး နောက် ကွန်မြူနစ် ဗီယက်နမ်နိုင်ငံ၏ မူဝါဒများလည်း ပြောင်းလဲလာခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ကွန်မြူနစ် ဝါဒမှာလည်း အာဆီယံအဖွဲ့အတွက် ခြိမ်းခြောက်မှုအန္တရာယ်အဖြစ် သတ်မှတ်ခြင်းမပြုခဲ့ ကြတော့ပေ။ ၂၀ ရာစု၏ အရှေ့အနောက် အုပ်စုနိုင်ငံရေး စစ်ရေးအားပြိုင်မှုခေတ်မှ ၂၁ ရာစု၏ စီးပွားရေးအားပြိုင်မှုခေတ်သို့ ပြောင်းလဲလာသည်နှင့်အမျှ စီးပွားရေးအင်အား စုစည်းလိုလားသော အာဆီယံအဖွဲ့သည် အရှေ့တောင် အာရှ ၁၀ နိုင်ငံလုံးကို အဖွဲ့ဝင်ဖြစ်လာရေးအတွက် ကြိုးပမ်းလာခဲ့သည်။ ၁၉၉၅၊ ဇူလိုင်လ ၂၈ တွင် ဗီယက်နမ်နိုင်ငံသည်လည်းကောင်း၊ ၁၉၉၇ ဇူလိုင် ၂၃ တွင် မြန်မာ နှင့် လာအို နိုင်ငံတို့သည်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအဖြစ် အသီးသီးဖြစ်လာခဲ့ကြသည်။

**(၂) ရည်ရွယ်ချယ်။**

အာဆီယံ၏ ရည်ရွယ်ချက်များမှာ -

(၁) အရှေ့တောင်အာရှနိုင်ငံများတွင် လူ့အဖွဲ့အစည်းထူထောင်နိုင်ရန်၊ ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုမြင့်မားရေးကို ပူးပေါင်းမြှင့်တင်သွားကြရန်။

(၂) စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အကျိုးတူ ကိစ္စရပ်များတွင် အပြန်အလှန် ရိုင်းပင်းကူညီကြရန်။

(၃) စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာ ကုန်သွယ်ရေးပြဿနာများကို စူးစမ်းလေ့လာ၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ကုန်သွယ်မှု မြှင့်တင်ရန် တို့ဖြစ်သည်။

## (၃) ဖွဲ့စည်းပုံ

အာဆီယံအဖွဲ့ကို ဌာန၊ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားခြင်းမျိုး မဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူ အဆင့်ဆင့်ပါဝင်သော အဖွဲ့အစည်းညီလာခံများ၊ ကော်မတီများဖြင့် ဖွဲ့စည်းထား ခြင်းဖြစ်သည်။ အာဆီယံ၏ မူဝါဒချမှတ်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးတို့ကို အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့် အရာရှိများ အစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် နိုင်ငံခေါင်းဆောင်အဆင့် ထိပ်သီးစည်းဝေးပွဲများဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်သည်။ ထိုလုပ်ငန်းအတွက် ညှိနှိုင်းခြင်း၊ ဆက်သွယ်ခြင်းများ ဆောင်ရွက်နိုင်ရန် အာဆီယံအမြဲတမ်းကော်မတီ၊ အာဆီယံဌာနချုပ်ရုံးနှင့် သက်ဆိုင်ရာနိုင်ငံများရှိ နိုင်ငံခြားရေးဝန်ကြီးဌာနများ၌ အာဆီယံရေးရာဌာနများ အသီးသီးဖွဲ့စည်း ထားရှိပါသည်။

### လေ့ကျင့်ခန်း

၁။ အာဆီယံအသင်းကြီး ပေါ်ပေါက်လာရသည့် အကြောင်းရင်းများကို တင်ပြပါ။

၂။ အာဆီယံအသင်းကြီး၏ ရည်ရွယ်ချက်များကို ဖော်ပြပါ။